
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ❖ ၆၄၄/၂၀၀၃(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ❖ ၅၈၄/၂၀၀၄(၆) |
| မျက်နှာဖုံးနှင့် ရေခဲပန်းချီ | ❖ မမွေး |
| ထုတ်ဝေခြင်း | ❖ ပထမအကြိမ် ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | ❖ ၁၀၀၀ အုပ် |
| တန်ဖိုး | ❖ ၆၀၀ ကျပ် |
| ထုတ်ဝေသူ | ❖ ဒေါ်မိုးကေခိုင် ချိုတေးသံစာပေ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ❖ ဒေါ်ခင်ခင်ဝင်း(၀၂၈၇၀) ကလျာပုံနှိပ်တိုက် ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။ |


BURMESE CLASSIC

### နိုင်ငံတော် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ခွဲထွက်ရေး အခြေခံဥပဒေပေါ် ပေါ်ထွက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ-ကြည်သန့်စင်

# ခင်နှင်းယု

# မုဆိုးမပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



# မုဆိုးမပုံပြင် (၁)

www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးမပုံပြင်(၁)

"မြေပုံစိုနေတာ ခြောက်သွားအောင် ယပ်တောင်နဲ့ နေ့တိုင်း မြေပုံကို ယပ်သွားခတ်တယ်"

ဤစကားပိုဒ်မှာ ရှေးဟောင်း တရုတ်ပုံပြင်ထဲမှဖြစ်သည်။ အရွယ်ရှိသေးသော အမျိုးသမီးငယ်တစ်ယောက် လင်သည်သေဆုံးသွား၍ လင်သည်၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်သည်။ မြေပုံက မြေကြီးမှာ စိုနေသည်။ ထိုမြေပုံက စိုနေသော မြေစိုင်ခဲ ခြောက်မှ နောက်အိမ်ထောင်ပြုရမည်ဆို၍ ထိုအမျိုးသမီးက နေ့တိုင်း မြေပုံမှမြေ ခြောက်အောင် ယပ်တောင်နှင့်သွားခတ်သည်ဟု ဆိုသည်။

ရှင်းရှင်းဆိုရလျှင် ထိုအမျိုးသမီးမုဆိုးမက "လင်လိုချင်လှန်း၍"ဟူသော အနေနှင့် နှိမ်ချထားသောပုံပြင် ဖြစ်သည်။



ရှေးခေတ် တရုတ်ပြည်တွင် အမျိုးသမီးများ၊ မုဆိုးမများကို ဝိုင်းပယ်သည်၊ နှိမ့်ချစကား ဆိုတတ်သည်။ ထိုပုံပြင်လေးကိုကြည့်လျှင်ပင် အရွယ်မတိုင်မီ မုဆိုးမ ဖြစ်ရသော မိန်းမငယ်အပေါ် အမြင်ကျဉ်းသည်ကို တွေ့နိုင်သည်။

ကျွန်မ အရွယ်ရောက်စက မုဆိုးမပုံပြင်များကို ကြားဖူးပါသည်။ သို့သော် ကျွန်မဘဝနှင့် ဘယ်လိုမှ ပတ်သက်လာလိမ့်မည်ဟု မထင်ခဲ့ပါ။

သို့သော် မမျှော်လင့်ဘဲ ကျွန်မ အသက် ၄၅ နှစ်မှာ ကျွန်မ၏ ချစ်သူ ကွယ်လွန်ခဲ့၍ ကျွန်မ မုဆိုးမဘဝ ရောက်ခဲ့ရသည်။ ထိုအခါ ဘဝတူမုဆိုးမများကို စာနာစိတ် ဖြစ်၍လာခဲ့ပါသည်။

ထိုအခါ ရှေးဟောင်း မုဆိုးမပုံပြင်တို့ထက် လက်ရှိမုဆိုးမ ဖြစ်ကြရှာသော အကြောင်းမလှသည့် မုဆိုးမ အမျိုးသမီးများ ပုံပြင်တို့ကို လေ့လာမိသည်။

အိန္ဒိယပြည်မှာလည်း ရှေးက မုဆိုးမဖြစ်လာလျှင် လူရာမသွင်း၊ ဝိုင်းပယ်ခံရသည်။ ယခုခေတ်မှာတော့ အင်ဒိရာဂန္ဒီဆိုလျှင် မုဆိုးမဘဝနှင့်ပင် အိန္ဒိယပြည်၏ ဝန်ကြီးချုပ်ရာထူးကို ထမ်းဆောင်ခဲ့ပေသည်။

မြန်မာပြည်မှာက မုဆိုးမတိုင်းမှာ ကိုယ်ပိုင်ယူဆချက်ကိုယ်စီနှင့် ကိုယ့်ဘဝကိုယ် တီထွင်သွားကြသည်။ အစဉ်အလာက ဖိစီးနှိပ်စက်ထားခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမဆိုသည်မှာ တခြားအမျိုးသမီးများကဲ့သို့ပင် နှလုံးသားနှင့်၊ အသွေးနှင့်အသားနှင့် ဆိုသည်ကို သဘောပေါက် လက်ခံလာလျှင် မုဆိုးမများကို နှိမ့်ချသော ပုံပြင်များ ထွက်ပေါ်လာလိမ့်မည် မဟုတ်ပေ။

မမဒေါ်မေကြည်ကတော့ သူ့ကိုယ်ပိုင် ယူဆချက်ကို ဇောက်ချလုပ်သွားရာမှာ ဘယ်သူ၏ ဝေဖန်မှု၊ နှိမ့်ချမှုကို ဂရုစိုက်သူ မဟုတ်ပေ။

ကျွန်မကမှ တော်သေးသည်။ မမမေ (ဒေါ်မေကြည်ကို ကျွန်မ ဒီလိုပဲ ခေါ်သည်) သည် အသက် ၃၀ မှာ အရွယ်မရောက်သေးသော သားတစ်ယောက်၊ သမီးတစ်ယောက်နှင့် မုဆိုးမဘ၀ ရောက်ခဲ့ရသည်။ သူ့ခင်ပွန်း ဦးဉာဏ်ဝင်းမှာ လူတော်တစ်ယောက်၊ ပညာတော်ရုံမဟုတ်၊ သူတို့၏ကုမ္ပဏီကို ဦးစီး ဆောင်ရွက်ရာမှာလည်း စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု တော်သူဖြစ်သည်။ ထိုခေတ်က လိုင်စင်ခေတ်ဖြစ်၍ သွင်းကုန်ထုတ်ကုန်လိုင်စင်များကို ကိုယ်ပိုင်ကုမ္ပဏီတည်ထောင်၍ ရန်ကုန်မြို့လယ် မောင်ထော်လေးလမ်းမှာ လုပ်ကိုင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

သူ ကွယ်လွန်ပြီးနောက် မမမေက ကုမ္ပဏီကို ဆက်လက်အုပ်ချုပ်ခဲ့သည်။ အသက် ၃၀ ဆိုသည်မှာ ဘာမှကြီးသည်မဟုတ်။ ကာမဂုဏ်စည်းစိမ်နှင့်တကွ အလှအပ သာယာမှုများအားလုံးကို ခံစားနိုင်သည့်အရွယ်။

မမမေ၏ လင်သားမရှိတော့သည့်နောက် တချို့ မုဆိုးမများလို ပုံကျသွားသူမဟုတ်။ ပင်ကိုက အရပ်မြင့်မြင့်၊ ကိုယ်လုံးက သွယ်သွယ်ပျောင်းပျောင်း ရှိရသည့်အထဲ အဝတ်အစားကို လိုက်ဖက်အောင် ရွေးချယ်ဝတ်တတ်သည်။

အသားဖြူဖြူ၊ နှာတံပေါ်၍ ဝင်းပရွှန်းလက်သော မျက်လုံးများက သူ့သတ္တိနှင့်စရိုက်ကို ဖော်ထုတ်နေသည်။ မျက်ခုံးမွေးထုထူလေးတစ်ခုပဲ မရှိပါ။ ဆွဲထားသော မျက်ခုံးသေးသေးလေးမှာ မျက်ဝန်းပေါ်မှာ ကိုင်းညွတ်နေသည်။

ပွဲနေပွဲထိုင်တွေမှာ မမမေ ဝတ်စားလာလျှင် ငေးယူရသည်။ ခေတ်နှင့်လိုက်အောင် ဖက်ရှင်ကျကျ မမမေက ဝတ်စားတတ်သည်။

ကျွန်မနှင့်မမမေ မရင်းနှီးပါ။ ကျွန်မ၏ ညီအစ်မဝမ်းကွဲတော်သူ အစ်မကြီး ဒေါ်အေးအေးကြည်မှတစ်ဆင့် မမမေကို ကျွန်မ သိခဲ့ရခြင်းဖြစ်သည်။ အစ်မကြီးလောက် မရင်းနှီးဘူးဆိုလျှင် မှန်မည်။ အစ်မကြီးကလည်း ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင်နှင့်ဆိုတော့ သူတို့နှစ်ယောက် လုပ်ငန်းချင်းကလည်း ဆက်သွယ်နေ၍ ဆွေမျိုးထက် ရင်းနှီးသည် ဆိုရမည်။ မမမေ ကုမ္ပဏီကိစ္စနှင့် နိုင်ငံခြားသွားတိုင်း၊ ပြန်လာလျှင် အစ်မကြီးအတွက် အဝတ်အထည်၊ လက်ကိုင်အိတ်ဆန်းဆန်း တစ်ခုခု ပါလာတတ်သည်။ ပွဲနေပွဲထိုင်ကို နှစ်ယောက်တွဲ၍ တက်လေ့တက်ထရှိသည်။ ညီအစ်မဟု ထင်ရအောင် အရပ်မြင့်ပုံချင်း၊ အသားဖြူကြပုံချင်း၊

www.burmeseclassic.com

www.burmeseclassic.com



အသတ်အစား အချိုးတကျဝတ်တတ်ပုံချင်း တူပါသည်။

တစ်နေ့ အစ်မကြီးဆီ ကျွန်မ ဖုန်းဆက်သည်။ ဈေးပိတ်သော တနင်္ဂနွေနေ့ (ထိုခေတ်က ဗိုလ်ချုပ်ဈေး တနင်္ဂနွေနေ့ ပိတ်သည်)မှာ ထမင်းသုတ်စားဖို့ အစ်မကြီးကို ကျွန်မ ဖိတ်ခေါ်ခြင်းဖြစ်သည်။ စနေနေ့တစ်ညနေလုံး၊ ညဦးပိုင်း တစ်ချိန်လုံး ဆက်ပေမင့် မရ။ ကျွန်မက လက်ဆွဲဘာ သူ့အိမ်သားတွေကို နက်ဖြန် အစ်မကြီးလာဖို့ မှာရသည်။

တနင်္ဂနွေနေ့ ထမင်းသုတ်စားချိန် အစ်မကြီး ရောက်လာပါသည်။ ကျွန်မက ဆီးကြိုမေးမိသည်။

"မနေ့က တစ်ညနေလုံး အစ်မကြီးဘယ်သွားနေလဲ၊ ဆိုင်သိမ်းချိန်က စပြီး မစ ဖုန်းဆက်တာ မရဘူး၊ ညရောက်ရော"

အစ်မကြီးက လက်သုတ်စားရင်း အေးအေးဆေးဆေး ပြောပြသည်။

"မေရယ်လေ...မေ၊ ပြော မပြောချင်ဘူး၊ ကားနဲ့လာခေါ်လို့ လိုက်သွားရတာ၊ ရွှေတောင်ကြားထဲမှာ မှောင်စ,ကပြုလာ ဒရိုင်ဘာကလည်း လမ်းမသိ၊ မေကလည်း မသေချာနဲ့ အိမ်ရှာရတာ၊ ည ၈ နာရီကိုထိုးရော"

အစ်မကြီး ပြောသည်ကို ကျွန်မ နားမလည်။

"ဘာကိုရှာတာလဲ အစ်မကြီး"

"ဟို...သူ့ဆံပင်'ဆက်'လုပ်ဖို့ ဆံပင်ပြုပြင်တဲ့သူရဲ့အိမ်



မေက တော်ရုံတန်ရုံ အလှပြင်ဆင်ဆိုလည်း မကြိုက်ဘူး၊ သူ့စိတ်ကြိုက် ဒေဝစ္ဆရာ အလှပြင်ဆိုင်က မောင်လှမိုးအိမ်ကို ရှာရတာ၊ မြို့ထဲက ဆိုင်ကပိတ်သွားတော့ အိမ်လိုက်ရတာ"

"မနက်မှလုပ်တော့ ဘာဖြစ်လဲ"

"မစုလည်း သွားမှာမဟုတ်လား၊ အတွင်းဝန်ဦးစံဖေသမီး လက်ထပ်ပွဲကိုလေ"

"ဟုတ်တယ်၊ အဲဒါ ဧည့်ခံပွဲက ညနေ သုံးနာရီမှ စမှာပဲ"

"အဲဒါ ဧည့်ခံပွဲ၊ အိမ်မှာ မနက်စောစော လက်ထပ်ပွဲလုပ်မှာ၊ ၇ နာရီ စမှာလေ၊ သူက သတို့သမီးဘက်က အထူးဧည့်သည်ဖြစ် သွားရမှာ၊ နောက်နေ့မှဆို အချိန်မရှိတော့လို့ ညကြီးမင်းကြီး မောင်လှမိုး လိုက်ရှာရတာ၊ အိမ်ပြန်ရောက်တော့ ၉ နာရီတောင် ထိုးပြီ"

ကျွန်မ ဘာမှပြန်မပြောမိပါ။ မမမေ အလှကို အထူးဂရုစိုက်သည်ကိုပဲ အံ့သြမိသည်။

နောက်နေ့ညနေ ဧည့်ခံပွဲမှာ မမမေဆံထုံးက တကယ်သုံးဆန်းပါသည်။ ပထန်ခေါင်းပေါင်းပုံဆန်ဆန်၊ ဆံပင်ကို အဖတ်လိုက် အဖတ်လိုက်နှင့်။ သပြုသီးအဖတ်တွေနှင့်လည်း တူသည်။ ကျွန်မ ပြောမပြတတ်ပါ။ မြင့်မြင့်မို့မို့နှင့် ဆံထုံးဘေးတွင် စိန်ပန်းခိုင်ကို ပန်ထားသည်။

အပြာရောင် ပြင်သစ်ဘရိုကိတ်လုံချည်နှင့် နိုင်လွန်အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



အပြာနုပေါ်မှာလည်း ပန်းပွင့်ကလေးတွေ ပွင့်ဖတ် ပုံစံမပျက် အပွင့်လိုက် တင်ထားသလိုပါပဲ။ ပဝါဖြူအရှည် ငွေခြည်ပေါ် ခြုံထားသော မမမေမှာ သတို့သမီးထက်ပင် အလှမှာ ထင်ရှား ပြေပြစ်ပါသည်။ ကျွန်မ အဝေးကပဲ မမမေကိုငေးမောနေမိပါသည်။

နောက်လတွေမှာတော့ အစ်မကြီး ကျွန်မဆီ ရောက်လာ တိုင်း မမမေအကြောင်း ပြောပြသည်။

"မေရယ်၊ သူ့သားဦးကွာနဲ့ သူ့သမီးမာလာကို လန်ဒန် မလို့တဲ့"

"သူ တတ်နိုင်လို့ ဖြစ်မှာပေါ့"

ကျွန်မက ဒီလိုပဲ ပြောမိသည်။

"ဒီလိုရှိတယ်လေ မစုရဲ့၊ သူ့စိတ်ဓာတ်ကို ချီးကျူးပါတယ် သူ့ယောကျ်ား သေသွားပေမင့် သူ့သားသူ့သမီးတွေကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ပညာပေးမယ်ဆိုတဲ့မာန သူ့မှာရှိတယ်"

"အစ်မကြီးရယ်၊ ရန်ကုန်မှာ အင်္ဂလိပ်မက်သဒစ်လို ကျောင်း တွေမှာလည်း အင်္ဂလိပ်စာအဆင့်အတန်း မနိမ့်ပါဘူး၊ အဲဒီက လန်ဒန်မက်ထရစ်တောင် ဖြေနိုင်တာပဲ၊ ကလေးတွေက ၁၀ တန်း ရောက်ပြီလား"

"အကြီးကောင်က ရောက်ပြီ၊ အငယ်မက ၈ တန်း၊ သူ သူ့သားသမီးတွေ လန်ဒန်ပို့မှာ၊ သူ့သားသမီးတွေဟာ ပညာ လည်း ထိပ်တန်း၊ အနေအထိုင်မှာလည်း သူ့အဖေရှိစဉ်ကထက်



မနိမ့်ကျစေရဘူး၊ အခုတောင် သမီးက မာစီးဒီးကားမှ ဆိုလို့ ကိုဘကျော်ဝင်းစီးတဲ့ ဘောက်ဆောရောင်းပြီး မာစီးဒီး ဝယ်ပေး တယ်လေ၊ မေက အဲဒီတာဝန်ကို ရေရှည် ဘယ်လောက်အထိ ထမ်းဆောင်နိုင်မလဲဆိုတာ မစဉ်းစားဘူး၊ မစုက ကုန်သွယ်ရေး ကို ဘာမှနားမလည်ဘူး၊ ကုန်သည်ဆိုတာ အစဉ် အခြေအနေ ကောင်းနေတာ မဟုတ်ဘူး၊ ရှေ့ရေးအတွက် ရှိသေးတယ်"

အစ်မကြီးက သက်ပြင်းချကာ လေးလေးပင်ပင် ပြောနေ၍ ကျွန်မ ဝင်မစွက်ပါ။

"မစုရဲ့မေမေတို့သိတယ်၊ အစ်မကြီးရဲ့မိဘများအကြောင်း၊ အစ်မကြီးတို့ဖေဖေက တို့များမြို့မှာ ရှေးခေတ်က အမိန့်တော်ရ ရှေ့နေပေါ့၊ မေမေမှာ လယ်လေးဘာလေးရှိတော့ ဟိုခေတ်က စုမိဆောင်းမိတယ်၊ ကိုယ်ပိုင်အိမ်နဲ့ အခြေတကျ နေနိုင်တယ်၊ သားချင်းပဲ ၅ ယောက်၊ အစ်မကြီးပဲ မိန်းကလေးတစ်ယောက် ပါ တယ်၊ ဖေဖေ ဆုံးသွားတော့ မေမေဟာ ကလေး ၆ ယောက်နဲ့ ကျန်ရစ်တယ်၊ ဒီတော့ အကြီးဆုံးကိုကို ၁၀ တန်းမှာ၊ မေမေက သားသမီးတွေကို ပြောပြတယ်၊ 'အဖေမရှိတော့လို့ စိတ်ဓာတ်ကျ စရာတော့ မရှိဘူး၊ မင်းတို့ကိုကျောင်းဆက်ထားမယ်၊ ဒါပေမယ့် အသုံးအစွဲက,စလို့ အားလုံးဆင်ခြင်ရမယ်၊ မင်းတို့ နောင်ရေး အတွက်ပဲ'လို့ ပြောပြီး အစ်မကြီးတို့ မောင်နှမ ၆ ယောက်ကို မွေးလာခဲ့တယ်၊ အစ်မကြီးတစ်ယောက်ပဲ ကုန်သည် ဖြစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေက လခစားချည်းပဲ၊ အစ်မကြီးဆိုလိုတာက မေ ဂုဏ်ယူမှုများနေတယ်”

“ဘယ်လို အစ်မကြီး”

ကျွန်မက အစ်မကြီး ဘာ ဆိုလိုသည်ကို နားမလည်ပါ။

“ဒီလိုလေ၊ သားသမီးတွေကို သူတို့အဖေရှိသလို ထားနိုင်ရမယ်ဆိုတာ မရှိသင့်တဲ့မာန၊ ကိုယ့်စီးပွားရေး အခြေအနေကို အရှိ အရှိအတိုင်း သိအောင်ပြောပြရမယ်၊ စိတ်ဓာတ်ကျဖို့မဟုတ်ဘူး၊ သူတို့ အစွမ်းအစထုတ်ပြီး ကြိုးစားရအောင် ပြောရမယ် စီးပွားရေးအခြေအနေက တသမတ်တည်း ရှိချင်မှရှိမယ်၊ လန်ဒန်ကို ကလေးနှစ်ယောက်ပို့ရမယ့် စရိတ်က မနည်းဘူး”

“အစ်မကြီးကလည်း... အစ်မကြီးကို မမမေက ညီအစ်မအရင်းလို ချစ်တာ၊ အစ်မကြီးက ပြောပြပေါ့”

ကျွန်မက အကြံဉာဏ်ပေးပါသည်။

“ပြောတာပေါ့ဟဲ့ မစုရဲ့၊ ဒါပေမင့် မေဟာ သူလုပ်ချင်လာပြီ ဆိုရင် ဘယ်သူပြောတာမှ နားမထောင်ဘူး”

အစ်မကြီးက သူ့မိတ်ဆွေကြီးအကြောင်း ရင်ဖွင့်ပြီး ပြောသွားပါသည်။ မမမေကလည်း သူ့သားနှင့်သမီးကို လန်ဒန်ပို့လိုက်ပါသည်။ အစိုးရကချပေးသော လိုင်စင်များကို ဆိုင်ပေါ် တင်ရောင်းနေသူတွေလည်း ရှိသည်။ တရုတ်၊ ကုလားများကို လက်လွှဲလိုင်စင်ရောင်းသူတွေလည်းရှိသည်။ လိုင်စင်ဈေးက ကျလာသည်။ အ



တုန်းကလို တစ်ရာရာခိုင်နှုန်း(၁၀၀%) မရှိတော့ပါ။ တချို့များ ၁၀ ရာခိုင်နှုန်းလောက်ပဲ တရုတ်၊ ကုလားက အမြတ်ပေးသည် ဆိုသည်။

အစ်မကြီးလည်း ပထမ ကုန်များကို ဆိုင်တင်ရောင်းပေမင့် ယခုတော့ လိုင်စင်တစ်ဝက်ကို ကုလားကုန်သည်များကို ရောင်းချရသည်။ ကျွန်မတော့ အစ်မကြီး ပြောသလို ကုန်သွယ်ရေးကို နားမလည်။

မမမေကလည်း သူ့သားသမီးများကို လန်ဒန်ပို့လိုက်ရ၍ ကျေနပ်အားရပုံရသည်။ ဦးဉာဏ်ဝင်းဆုံးပြီး ၁၀ နှစ်ဆိုသောအချိန်ကို မမမေ အောင်မြင်စွာ ကျော်လွှန်ခဲ့သည်ဟု ကျွန်မထင်သည်။

ကျွန်မက ကျန်းမာရေး မကောင်း၍ ဆေးရုံတက်နေစဉ် အစ်မကြီးက လာအိပ်သည်။ ညဦးမှာ စကားပြောတော့ သူက သတင်းထူးကို ပြောပြသည်။

“မေရယ် လက်ထပ်တော့မယ်”

ကျွန်မကတော့ စိတ်လှုပ်ရှားခြင်း မဖြစ်မိပါ။ ဦးဉာဏ်ဝင်းဆုံးသွားသည်ပဲ ၁၀ နှစ်ရှိခဲ့ပြီ။

“သူ့ကလေးတွေလည်း ပြန်လာတော့မယ်၊ ပြည်လမ်းကတိုက်ကိုရောင်းပြီး အင်းစိန်မှာအိမ်ဝယ်လိုက်တယ်၊ ကလေးတွေလန်ဒန်ပို့တဲ့စရိတ်က ကုမ္ပဏီ အမြတ်နဲ့ မလုံလောက်ဘူးလေ၊ သူ့သားသမီးတွေကလည်း အမေရဲ့ စီးပွားရေး အခြေအနေကို

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းမှ မသိဘဲ"

"အေးလေ... သူ့သားသမီးတွေအပေါ် နားလည်နိုင်တဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ် ပြီး ၁၀ နှစ်ကြာအောင် တစ်ယောက်တည်း နေလာခဲ့တာ သူ့သား သမီးတွေကို ရှာဖွေကျွေးလာတာကိုပဲ သူ့ကို ကျေးဇူးတင်ရဦးမယ် သူက ဘာကို အကြောင်းပြလဲ"

အစ်မကြီးက စဉ်းစားနေပုံရသည်။

"သူပြတဲ့အကြောင်းကတော့ သူ့သားသမီးတွေမှာ ကြော ဖို့၊ လေးစားဖို့ အဖေလိုတယ်တဲ့၊ သူ့ကို ကလေးတွေက ကြောက် မရဘူး၊ ပြီးတော့ သူ့မှာ အထီးကျန်တယ်တဲ့"

"ဟုတ်မှာပေါ့၊ သူ့သားသမီးတွေက လန်ဒန်ပို့ထားတော အနောက်ဆန်ဆန် သားအမိပေမင့် သီးသန့်နေမှာပေါ့၊ မြန် မိခင်နဲ့ သားသမီးတွေလို ရင်းရင်းနှီးနှီး တိုးတိုးဝှေ့ဝှေ့ နေမ မထင်ပါဘူး"

"တို့များလည်း ဒီလိုပဲ မိဘတွေ သေသွားပြီးကတည်း တစ်ယောက်တည်း နေလာရတာ၊ အစ်ကိုတွေ မောင်တွေကလည် သူ့အိမ်ထောင်နဲ့သူ"

အစ်မကြီးက မမမေ၏ အထီးကျန်ခြင်းဆိုသော ဝေါဟာ ကို သဘောပေါက်ပုံမပေါ်။

"အစ်မကြီးက အပျိုကြီးလေ၊ မမမေကတော့ သူ့နှ

သားမှာ အချစ်ရှိခဲ့ဖူးတယ်၊ ဒီတော့လည်း အချစ်ကို ပြန်လည် တမ်းတတာ အဆန်းမဟုတ်ပါဘူး၊ နောက်အိမ်ထောင်မှာ သား သမီး ပြဿနာ ဝင်လာမှာပဲစိုးတယ်"

ကျွန်မက ဒါပဲ ပြောမိသည်။ နောက်အိမ်ထောင်ပြုသည် မှာ လွယ်ပါသည်။ သူ့ဘက်ကိုယ့်ဘက် ပါလာသော သားသမီး များ ကိစ္စကသာ ခက်ပါသည်။

"ဟဲ့ မစုရဲ့၊ ကိုမင်းနိုင်က သဘောကောင်းပုံလည်းရတယ်၊ ပြီးတော့ လူပျို၊ မမကြီးနဲ့ မေက မိတ်ဆက်ပေးတယ်"

"ကောင်းတာပေါ့၊ သားသမီးပြဿနာ မရှိဘူးပေါ့"

"မေက သူ့အိမ်ထောင်ပြုမှာ မမကြီးကိုပဲ ဖွင့်တိုင်ပင်တာ"

"အစ်မကြီးက ဘာအကြံဉာဏ်ပေးလဲ"

"ဩော် မစုရယ်၊ သူကြိုက်လို့ ယူပါ့မယ် ဆုံးဖြတ်ပြီးမှ အစ်မကြီးကို လာဖွင့်ပြောတော့ အစ်မကြီးက ဘာအကြံဉာဏ် ပေးရမလဲ"

ဒေါ်မေကြည်နှင့် ဦးမင်းနိုင်တို့ လက်ထပ်ပြီးသွားပါပြီ။ အစ်မကြီးအိမ်မှာ သူတို့ဧနီးမောင်နှံကို အစ်မကြီးက ဖိတ်ခေါ် သမင်းကျွေးရင်း ကျွန်မကိုပါ ဖိတ်၍ သွားပါသည်။

မမမေသည် ပို၍ပင် နုပျိုတက်ကြွနေပါသည်။ ဦးမင်းနိုင် က မမမေထက် ငယ်ပုံရသည်။ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ရုပ်အမောင်း နည်းနည်းပုသည်။ စကားပြောလျှင် လေးလေး

www.burmeseclassic.com



မှန်မှန်နှင့် ပြုံး၍ အေးအေးလေး ပြောတတ်သည်။

"မမအေးရဲ့ ဥက္ကာနဲ့ မာလာလေ၊ ခုတော့ အပိုးကျိုးသွား ပြီ၊ ငွေကို မေ မကိုင်ဘူး၊ အစ်ကို့ကိုပဲ ပေးကိုင်တယ်၊ သူတို့ သုံးချင်ရင် အစ်ကို့ဆီက တောင်းသုံးဆိုတော့ သူတို့ မေ့ကို ညှဉ် သလို မညှဉ်းရဲတော့ဘူး၊ ဟိုတုန်းကဆို မာလာနဲ့ မတည့်ရ ဒရိုင်ဘာ ခဏခဏ ပြောင်းရတာ၊ ခုတော့ အစ်ကို ရှိနေတော့ မိမာလာ ဘာမှမပြောရဲတော့ဘူး၊ ကြောက်ရမယ့်သူ ပေါ်လာ ပြီလေ"

မမမေက သူ၏လက်ထပ်ခြင်းနှင့်ပတ်သက်၍ အောင်မြ ကြောင်းတွေ ပြောပြသည်ကို ကြားရတော့ ကျွန်မ ဝမ်းသာပါသည် ဘာပဲပြောပြော မိသားစုတာဝန်ကို ခွဲဝေထမ်းဆောင်နိုင်ဖို့ မမမေ အဖော်တစ်ယောက် ရလာပြီပဲ။

ကျွန်မ၏ချစ်သူ ကွယ်လွန်ချိန်မှာ သူတို့လင်မယား နှ ယောက်လုံး ကျွန်မကို လာရောက်အားပေးပါသည်။

ကျွန်မ၏ချစ်သူ မရှိသည့်နောက် ကျွန်မက အစ်မကြီးန အနေများသည်။ သူ့ ကုန်သွယ်ရေးကိစ္စများမှာလည်း ကျွ အဖော်အဖြစ် လိုက်ပါတတ်သည်။

တနင်္ဂနွေတစ်နေ့ အစ်မကြီးက လာခေါ်ပါသည်။

"မစု၊ ဒီနေ့ နှစ်အိမ်သွားရမယ်၊ အတွင်းဝန်'xxx'အိ ရုံးအုပ်ဦးဘသာအိမ် မစုလိုက်ခဲ့ပါ၊ အစ်မကြီးတို့ကို ကိုမင်းနိုင်



ကားမောင်းပြီး လိုက်ပို့မယ်"

အစ်မကြီး သွားလိုသော အတွင်းဝန်အိမ်မှာ ကျွန်မနှင့် အတော်ရင်းနှီး၍ အဖော်လိုက်သွားပါသည်။ တချို့ကိစ္စများက အိမ်မှာ အေးအေးဆေးဆေးပြောရ၍ ကျွန်မတို့ အိမ်ကိုသွားခြင်း ဖြစ်သည်။

ဦးမင်းနိုင်က ကျွန်မတို့ သွားလိုရာကို လိုက်ပို့ပါသည်။ သူ့မျက်နှာက အေးချမ်းနေတော့ ကျွန်မတို့က ကားစီးရတာ အား မနာပါ။ တချို့ကားကြုံစီးရသည်မှာ ပိုင်ရှင်မျက်နှာက စူအောင့် ပုပ်သိုးနေလေတော့ စီးရသည်မှာ စိတ်မသက်သာပါ။

ဒါပေမင့် ပထမတစ်အိမ်ရောက်တော့ ဦးမင်းနိုင်က အိမ်ရှင် ကို ခွင့်တောင်းကာ ဖုန်းနှင့်စကားပြောသည်။ တယ်လီဖုန်းမှာ ဧည့်ခန်းဘေးမှာထား၍ ဦးမင်းနိုင်ပြောသည်ကို ကြားနေရသည်။

"မေလား၊ အခု အစ်ကိုတို့ အတွင်းဝန် xxxအိမ်ကို ရောက် နေပြီနော်"

ဦးမင်းနိုင် ဒါပဲပြောသည်၊ အစ်မကြီးကိစ္စက ပထမအိမ် တွင် ပြီး၍ ဒုတိယအိမ်ရောက်တော့လည်း အိမ်ရှင်ကိုခွင့်ပန်၍ ဦးမင်းနိုင်က တယ်လီဖုန်းပြောပါသည်။

"မေလား၊ အစ်ကို အခု ရုံးအုပ်ဦးဘသာအိမ် ရောက်နေ ပြီနော်"

ဒါပဲပြောကာ ဦးမင်းနိုင်က ကျွန်မတို့နှင့် စကား အတူ

www.burmeseclassic.com

www.burmeseclassic.com



ပြော၍ ပြန်လာကြပါသည်။

ကားမောင်းရင်း လမ်းမှာ ဦးမင်းနိုင်က ရယ်ရယ်ပြုံးပြုံးနှင့် ပြောပြသည်။

"အစ်မကြီးရေ၊ အစ်မကြီးညီမ မေကလေ သူ မပါဘဲ ကျွန်တော် အပြင်ထွက်ရင် ရောက်တဲ့နေရာက ဖုန်းဆက်ရမယ် ဆိုလို့ ကျွန်တော် ဆက်တာပါ"

သူ့ စကားဆုံးတော့ ရယ်သံမှာ ရက်သံပါနေပါသည်။ အစ်မကြီးနှင့်ကျွန်မမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိပါသည်။

* * *

မမမေ၏ သားအာကာနှင့် သမီးဥက္ကာတို့ အိမ်ထောင်ကျသွားပြီး စီးပွားရေးပုံစံများလည်း တစ်ခေတ်ပြောင်းသွား၍ အစ်မကြီးရော မမမေတို့ရော ကုမ္ပဏီများ ပြုတ်သွားကြသည်။ မမမေတို့ကတော့ စီးပွားရေးကို ဘာဆက်လုပ်သည်မသိ၊ အစ်မကြီးကတော့ မကြာခဏဆိုသလို ကျွန်မနှင့်အတူ သာသနာ့ရိပ်သာကို လိုက်၍ တရားအားထုတ်သည်။ တစ်ခါတစ်ရံ အစ်မကြီးကို သူ့အကြောင်း ပြောပြသည်။

"စီးပွားရေးဆိုတာ ကြောက်စရာကောင်းတယ်နော်၊ အစ်မကြီး ဆိုင်ထွက်တုန်းက တစ်နေ့တစ်နေ့ ရောင်းလိုက်ဝယ်လိုက် ညဘက်ကျ စာရင်းတွေ လုပ်ရနဲ့ တစ်ခါမှမအားဘူး၊ ဇောက်



ပြီး ဖတ်ဖတ်မောနေတာပဲ၊ ခုမှပဲ 'တရား'ဆိုတာကို သတိရတော့တယ်"

အစ်မကြီးတင်မဟုတ်၊ ထိုခေတ်က စီးပွားရေးသမားများ ကုမ္ပဏီများပြုတ်ပြီး တရားဘက်ယိုင်လာကြသည်။

"ဟိုနေ့က မေနဲ့ တွေ့လို့ အစ်မကြီးကတောင် သူ့ကို တရားအားထုတ်ဖို့ တိုက်တွန်းမိသေးတယ်၊ မေက ဝိပဿနာကို စိတ်ဝင်စားပုံမရဘူး"

အစ်မကြီးစကားကြားတော့ ကျွန်မက ရယ်ပါသည်။

"ဘာရယ်တာလဲ မစုရဲ့"

"ခွင့်လွှတ်ပါ၊ အစ်မကြီးကို မရိုသေလို့ မဟုတ်ပါဘူး၊ အစ်မကြီးက မမမေကို သွားခေါ်နေလို့ပါ၊ သူ့မှာ လင်နဲ့သားနဲ့ ဝတ္တရားက ရှိသေးတော့ ဘယ်တရားအားထုတ်ဖို့အချိန်ပေးနိုင်မလဲ၊ မစုတောင် တစ်ယောက်တည်းမို့လို့ အားထုတ်နိုင်တာ"

အစ်မကြီးမှာ ငိုင်၍တွေးနေသည်။ သူ့စိတ်ထဲမှာတော့ သူရသော တရားမျိုး ရရှိစေချင်သော စေတနာနှင့် မမမေကို တရားအားထုတ်ဖို့ တိုက်တွန်းခြင်း ဖြစ်ပါလိမ့်မည်။ သို့သော် သူက ကျွန်မ မမျှော်လင့်သော ဒုတိယမေးခွန်းကို မေးပြန်သည်။

"မစုကော အထီးမကျန်ဘူးလား၊ ဘာလို့ အိမ်ထောင်မပြုတာလဲ"

"အထီးကျန်တာပေါ့၊ ဒီအထီးကျန်ဝေဒနာကို တရားနဲ့

www.burmeseclassic.com



အစားထိုရတာလေ၊ အစ်မကြီးကလည်း မမမေနဲ့ မစုက အခြေအနေ မတူဘူး၊ သူ အိမ်ထောင်ပြုဖို့က အကြောင်းပြချက် ခိုင်လုံတယ်”

“ဘာ…”

“သူ အစ်မကြီးကို ပြောဖူးတယ်လေ၊ သူ့မှာ အထီးကျန်တယ်၊ သူ့သားသမီးတွေမှာ ကြောက်ဖို့ ‘အဖေ’ဆိုတာ မားမားမတ်မတ် တစ်ယောက် ရှိသင့်တယ် ဆိုတာ”

“အေးလေ”

“မစုမှာက သမီးကလည်း အစ်ကိုကြီးမဆုံးခင်ကတည်းက အိမ်ထောင်ကျပြီး သူ့အိုးသူ့အိမ်နဲ့ ရှိသွားပြီ၊ အိမ်ထောင်ပြုဖို့ အကြောင်းပြစရာ ကလေးလည်း မရှိ…”

“အဲဒီတော့ နောက်အိမ်ထောင်ပြုဖို့ လွတ်လပ်တာပေါ့”

“ဟုတ်ပါတယ်၊ ဒါပေမင့် မစုမှာ အကြောင်းပြစရာ မရှိဘူး၊ မစု ရင်ထဲ လှိုက်လှိုက်လှဲလှဲ ချစ်တဲ့သူတစ်ယောက် တွေ့ရင်တော့ ယူကောင်းယူဖြစ်မှာပဲ၊ ချစ်တာပဲအကြောင်းပြနိုင်မယ်၊ နောက်တစ်ယောက်နဲ့လက်ထပ်လို့ တွေ့ကြုံရမယ့် သုခနဲ့ဒုက္ခကို ခံစားရဲတဲ့ သတ္တိလည်း မမမေက ရှိတယ်၊ သူ့ရင်မှာ တကယ် အချစ်ရှိလာတော့ ကဲ့ရဲ့ချီးမွမ်းတာကအစ ရင်ဆိုင်ရဲတယ်”

“အေးလေ၊ အစ်မကြီးကတော့ အချစ်ဆိုတာ နားမလည်ပါဘူး”



အစ်မကြီးက ညည်းညည်းတွားတွား ရေရွတ်သလို ပြောနေသည်။

* * *

ကျွန်မတို့ ဝါကျွတ် တရားထွက်၍ အိမ်ပြန်ကြသည်။ အစ်မကြီးက တစ်ပတ်လောက်ကြာတော့ ပေါက်ချလာသည်။

“မစုရေ၊ မေရယ် ကိုမင်းနိုင်ကို ကွာမလို့တဲ့”

“ဘာ…”

ကျွန်မကလည်း ကြားရသော သတင်းကြောင့် အံ့အားသင့်သွားပါသည်။

“ဘာဖြစ်လို့ ကွာချင်တာလဲ၊ ဦးမင်းနိုင်ကြီး ကြည့်ရတာ လူအေးကြီးပါ”

“အေးလေ ခက်တာက မေက အတွေးတစ်မျိုး၊ ခုဆို သူတို့ အသက်၆၀ ကျော်လာကြပြီ၊ မေက တဖြည်းဖြည်း အိုလာပြီ၊ ကိုမင်းနိုင်ကတော့ သူ့ထက်ငယ်၊ လူကလည်း အရွယ်တင်တယ်လေ၊ အဲဒါ တခြားမိန်းကလေးတွေနဲ့ ဆက်ဆံတာ သူ မကြိုက်ဘူး၊ စိတ်မချဘူးတဲ့”

ကျွန်မ ရယ်ချင်သလို ဖြစ်သွားသည်။

“မမမေကလည်းနော်၊ လက်ဆုပ်လက်ကိုင်လည်း မပြနိုင်ဘဲ ဝန်တိုလိုက်တာ၊ ဦးမင်းနိုင် ကြည့်ရတာ ခြေများတဲ့လူစားမျိုး ဟုတ်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အစ်မကြီးကလည်း သူ့ကိုပြောပါတယ်၊ မေ့ကို ဘယ်သူမှ ပေးစားတာ မဟုတ်ဘူး၊ ကိုယ်ကြိုက်လို့ ကိုယ်ယူ၊ ခု ဒီအရွယ်ကျကာမှ တစ်ခါ ကွာဦးမယ် ဆိုတော့ လူကြားလို့မကောင်း ပါဘူး၊ ယူချင်တုန်းကလည်း တဇွတ်ထိုး သူ့ဘာသာ ဆုံးဖြတ်၊ သူ့ဘာသာယူ၊ ကွာချင်ပြန်တော့လည်း သူပဲ၊ လူတွေကဲ့ရဲ့မှာ ကိုလည်း ဂရုစိုက်တဲ့ မိန်းမ မဟုတ်ဘူး၊ မကွာဖို့ အစ်မကြီး ပြောခဲ့တယ်၊ ဘယ်လိုလဲ၊ ကိုမင်းနိုင်ကို မချစ်ဘူးလား မသိ"

"အစ်မကြီးကလည်း ချစ်လွန်းလို့ သူ ကွာချင်တာ"

"ဟာ...မစုကလည်း ရှုပ်ကုန်ပြီ"

"မစုရှင်းပြမယ်၊ သူ တကယ်ချစ်လို့သာ တခြား မိန်းကလေး နဲ့ အလုပ်သဘော ဆက်ဆံတာတောင် သူ သဝန်တိုတာပေါ့ အစ်မကြီးရာ၊ ဒါကြောင့် ကွာမယ် ရှင်းမယ် ဖြစ်တာ၊ အစ်မကြီး မှတ်မိသေးလား၊ သူတို့ လက်ထပ်ပြီးစက ဦးမင်းနိုင်၊ မစုနဲ့ အစ်မ ကြီးတို့ အတွင်းဝန်အိမ် လိုက်ပို့တာလေ၊ ရောက်တဲ့အိမ်တိုင်းကနေ ဦးမင်းနိုင်က မမမေဆီ ဖုန်းဆက် သတင်းပို့ရတယ်"

"အေး ဟုတ်တယ်"

"ကဲ အဲဒီကတည်းက မမမေ ဦးမင်းနိုင်ကို ဘယ်လောက် ချစ်တယ် ဆိုတာ မစု သိတယ်၊ ဦးမင်းနိုင်ကလည်း မမမေကို လေးစားတယ်၊ ကျိုးနွံတယ် ခေါ်ရမှာပေါ့၊ ဖောက်ပြန်လို့၊ မဖောက် ပြန်လို့ မဟုတ်ဘူး၊ လူတစ်ယောက်ကို ချစ်မိရင် သူနဲ့ကွဲကွာရမှာ



ရမ်ကြတာချည်းပဲ၊ သူ မကွာပါဘူး၊ ဦးမင်းနိုင်ကလည်း ကွာ း မှာ မဟုတ်ပါဘူး၊ မမမေက သူ့နှလုံးသားမှာလောင်နေတဲ့ အအေးမီးညွန့်လေး'ကို မငြိမ်းသတ်နိုင်ပါဘူး"

"ဘာ...လာပြန်ပြီ၊ မီးပဲ အအေးမီးရယ်လို့ ရှိရသေးလား ..."

"ရှိတာပေါ့ အစ်မကြီးကလည်း၊ ဘုန်းကြီးတွေ တရား ဟာတာ ဥဇ္ဇာတေဇောတို့၊ သီတတေဇောတို့ဆိုတာ၊ တေဇော တာ မီးဓာတ်ပဲ၊ လောင်ကျွမ်းတဲ့သဘောရှိတယ်၊ ပူပြီးလောင် ျွမ်းတဲ့ မီးက မီးလျှံကိုမြင်ရတယ်၊ နှလုံးသားထဲမှာ အေးပြီး လောင်ကျွမ်းတဲ့မီးက ငြိမ်းသတ်ဖို့လည်းခက်တယ်၊ မီးလျှံကိုလည်း မြင်ရဘူး၊ မမမေက ဒီမီးလေးကို မငြိမ်းနိုင်ပါဘူး၊ သနားဖို့ ကောင်းတယ်၊ သူ့သတ္တိကိုတော့ ချီးကျူးပါတယ်၊ ဒီမီးအပူရှိန် ကို ခံနိုင်ရည်ရှိတယ်၊ မစုကတော့ ကိုယ့်ကိုယ်ကိုယ် ထင်တယ်၊ ချစ်သူနဲ့ ပတ်သက်လာပြီး ပူရရင်တော့ ခြစ်ခြစ်တောက်ပူနေတဲ့ ယ်အိုးထဲထည့်လိုက်တဲ့ ဂွမ်းလို တစ်ခါတည်း ကျွမ်းသွားမှာပဲ၊ ရင်ထဲမှာ အချစ်တော့ရှိတယ်၊ မမမေလိုတော့ စွန့်ရဲတဲ့သတ္တိ ရှိဘူး"

"အစ်မကြီးတော့ မေ့အတွက် စိတ်ညစ်ပါတယ်၊ နောက် စ်ခါ တရားဝင်ရင် သူ့ကိုသွားခေါ်ဦးမယ်"

အစ်မကြီးသည် အပျိုကြီးအတွေးနှင့် သူ့စိမ်းကိန်းကို ရေ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲနေသည်။

ကျွန်မတို့အနေနှင့် ဦးမင်းနိုင်၏ အနေအထိုင်နှင့် ပတ်သက်၍ ဘာသတင်းမှ မကြားရပါ။

မမမေ ဖဖ်နှစ်မှာ ကွယ်လွန်သွားပါသည်။ မုဆိုးမ တစ်ယောက် အနေနှင့် သူ့နိဂုံးက လှပပါသည်။ သူထင်သလို သူ၏ ဦးမင်းနိုင်မှာ အငယ်အနှောင်းများနှင့် မရှုပ်မပွေပါ။ မမမေဆုံးပြီး ဘောက်ထော်ဘက်က တရားရိပ်သာတစ်ခုမှာ ဝိပဿနာတရားကို မှန်မှန် အားထုတ်နေသည်ကိုသာ ကြားရသည်။

မမမေ၏ နှလုံးသားမှာ လောင်ကျွမ်းနေသော မီးညွန့်လေးကို ဦးမင်းနိုင် မြင်နေရ၍ သူ့နှလုံးသားမှာ လောင်ကျွမ်းနေသော မီးညွန့်ကို ငြိမ်းသတ်နိုင်အောင် ကြိုးစားနေသည် ထင်ပါရဲ့။

တလောက သူ့ကိုတွေ့တော့ အိမင်းပေမင့် ကြည်လင်သော မျက်နှာ၊ အေးချမ်းသောအပြုံးနှင့် တစ်ယောက်သွားသာရုံလမ်းမှာ တွေ့လိုက်ရပါသည်။ မမမေကိုပြချင်လိုက်တာ...။ ။

* * *


ချမ်းမြေ့ရွှင်လန်းပါစေ...

[ချယ်ရီမဂ္ဂဇင်း(၇၅)၊ မေ၊ ၂၀၀၁]

www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးမပုံပြင် (၂)



www.burmeseclassic.com

www.burmeseclassic.com



# မုဆိုးမပုံပြင်[၂]

(၁)

"မေသက်ဝေ"

ဆိုင်းဘုတ် ချိတ်ထားသော စတိုးဆိုင်အတွင်းသို့ ကျွန်မ ဝင်ခဲ့သည်။ ရန်ကုန်မြို့လယ် အနော်ရထာလမ်းပေါ်မှာ ရှိသော စတိုးဆိုင်နှစ်ခန်းတွဲ ဖြစ်သည်။

တစ်ခန်းက ဘရာစီယာကအစ အမျိုးသမီးဝတ်အကျီ လုံချည်၊ စကတ်၊ ခေတ်ပေါ်ဘလောက်စ်မျိုးစုံဖြစ်၍ တစ်ခန်းက အမျိုးသမီးသုံး အလှပစ္စည်း ပေါင်ဒါ၊ မိတ်ကပ်၊ ရေမွှေး၊ နှုတ်ခမ်း ဆိုးဆေး၊ ဆံပင်ဆိုးဆေးနှင့် မျက်လုံး၊ မျက်ခုံး၊ မျက်နှာ ချယ်သသည့် အလှပစ္စည်းမျိုးစုံ ရောင်းသည်။

ကျွန်မက အလှပြင်ပစ္စည်းများရောင်းသောဘက် မှန်ဗီရို များ ရှိရာတွင် လျှောက်ရင်း ကျွန်မလိုချင်သော ရေမွှေးကို ရှာ

နေပါသည်။ အရောင်းစာရေးမလေးများမှာ ကောင်တာတစ်ခုတွင် တစ်ယောက်စီရှိ၍ ဘလောက်စ်အဖြူနှင့် စကတ်နက်ပြာများကို ဝတ်ထားသည်။

"အန်တီ ဘာအလိုရှိပါသလဲ"

မေးသူမှာ ကောင်တာမှ သူငယ်မလေး မဟုတ်။ မိန်းမရွယ် တစ်ယောက်။ အပြာအောက်ခံတွင် အဝါရောင်ပွင့်နွယ်များ သွယ်ယှက်ထားသည့် လုံချည်ဝတ်ကာ အပေါ်က ဘလောက်စ် နံ့သာရောင် အကျီနှင့် ပြေပြစ် အချိုးအစားကျနသော ကိုယ်လုံးပိုင်ရှင် ဖြစ်သည်။ ဆံပင်က ရှေ့တွင် ဖောင်းပွပွလုပ်ကာ နောက်မှာ ခေတ်မီဆံထုံးသေးသေးနှင့် နဖူးပေါ် ဆံနွယ်များကျနေသည်မှာ မျက်နှာကို ပို၍ကျက်သရေရှိသလိုပင်။ အသားကနုချော၍ ပါးက ပန်းသွေးရောင်။ မျက်ခုံးမျက်လုံးကလည်း ချယ်သထား၍လား သေး၊ ဝင်းပနေသည်။ နှုတ်ခမ်းသည် ရွှန်းစို၍ နှင်းဆီသွေးကြွ နေသည်။

"အန်တီ ဘာအလိုရှိပါသလဲ"

ဆိုသော အသံက သိမ်မွေ့ချိုသာလွန်း၍ ကျွန်မ သူ့ကို ငေးမောကြည့်မိပါသည်။

"အန်တီ လိုချင်တဲ့ရေမွှေး ရှာတာပါကွယ်"

"ဘာရေမွှေးပါလဲ အန်တီ"

"ဖော်အဲဗား(Forever)ရေမွှေးလေ၊ ရပ်ဒလေအုပ်စုထဲသည့်

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဒလေရေမွှေး မဟုတ်ဘူး"

"သင်းသင်းရဲ့ ဒီမှာရှိတဲ့ ရေမွှေးတွေ ပြလိုက်ပါ"

မိန်းမရွယ်က မှန်ဘီဒိုနောက်မှ မိန်းမကလေးကိုပြော ကျွန်မကို လှည့်ပြောပြန်သည်။

"အန်တီအလိုရှိတဲ့ရေမွှေးက ကုမ္ပဏီပျက်သွားလို့ အင်္ဂလ မှာကို မထုတ်လုပ်တော့ပါဘူး၊ သက်တို့စတိုးဆိုင်က ရေမွှေးထဲ ကြိုက်တဲ့အမျိုးအစား ရှာကြည့်ပါဦး၊ သက်ကိုခွင့်ပြုပါဦး"

ကျွန်မကို ခေါင်းအနည်းငယ်ညွတ်၍ ရိုကျိုးစွာနှုတ်ဆက် တခြားတစ်ဖက် ထွက်သွားပါသည်။ ကောင်တာက သူငယ်မ က ရေမွှေးများကို ထုတ်ပြနေသည်။ သူတို့ကလည်း ဖော် သွက်လက်ပါသည်။

ကျွန်မက တီဗီထဲမှာ ဂျပန်ပြည်ကုန်တိုက် အရောင်းစာ မလေးများနှင့် ဟိုတယ်မှ ဧည့်ခံကြိုဆိုသူများ၊ တာဝန်ကျ လု ဆောင်သူ အမျိုးသား၊ အမျိုးသမီးငယ်များ၏ ဖော်ရွေသည့်အ မှာ သွက်လက်စွာကြိုဆိုပုံ၊ ယဉ်ကျေးသိမ်မွေ့ပုံ၊ စကားချိုသာ ဆက်ဆံရေးကောင်းပုံများကို သဘောကျထားသူ။

မြန်မာပြည်မှာက အရင်လိပ်ပြာတောင်ခေတ်မှစ၍ ပြည်သူ ဆိုင် အထိ အရောင်းစာရေးမလေးများမှာ...

"နင့်မျက်နှာကလည်း ပုပ်သိုးနေလိုက်တာ၊ ပြည်သူ့ဆိုင် အရောင်းစာရေးကျနေတာပဲ"



ဟူ၍ ပုံနှိုင်းရအောင် မျက်နှာက တင်းမာ၍ ဆက်ဆံရေးက ရိုင်းပျမောက်မာကြသည်။ ဂျပန်ဇာတ်ကားများကို ကြည့်၍ သင်တန်းပေးထားလေသလား မသိ၊ မေသက်ဝေ စတိုးဆိုင်၏ မိန်းကလေးများ ဆက်ဆံပြောဆိုပုံကို ကျွန်မ သဘောကျသည်။

"အန်တီ အားနာပါတယ်ကွယ်၊ ရေမွှေးတွေ ထပ်မပြပါနဲ့တော့၊ အန်တီက ရှေးဆန်တော့ ရေမွှေးနဲ့သင်းသင်းပဲ ကြိုက်တယ်၊ ခုခေတ်ပေါ်အနံ့ပြင်းတွေ မကြိုက်ဘူး၊ ခွင့်လွှတ်ပါကွယ်"

ကျွန်မကပင် အားနာလာကာ ကလေးမလေးထံမှ ရေမွှေး မဝယ်သော်လည်း ကိုယ်လိမ်းအလှရည်တစ်ခု ဝယ်လိုက်ပါသည်။

"ပြန်လိုက်ပါဦးမယ် သမီးရယ်"

"ဟုတ်ကဲ့ အန်တီ၊ နောက်လည်း ကြွခဲ့ပါ"

အရောင်းမိန်းကလေးက ချေငံစွာ ပြန်လည် ပြောလိုက်ပါသည်။

ကျွန်မက မေသက်ဝေဆိုင်မှ အထွက်တွင်...

"အန်တီ ဝယ်ပြီးပါပြီလား၊ သက်တို့ဆိုင်ကို နောက်လည်း ကြွခဲ့ပါဦး၊ အန်တီကြိုက်တဲ့ ရေမွှေးမျိုးလည်း ရအောင် သက်ကြိုးစားပေးပါဦးမယ်"

ဆိုင်အဝအထိ လိုက်ကာပို့ရင်း စကားပြောလာသော ထိုအမျိုးသမီးကို ကျွန်မ စိတ်ဝင်စားပါသည်။

ဒီလိုနှင့် ကျွန်မနှင့် သက်ဆိုသောအမျိုးသမီးက ရင်းနှီး

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါသည်။ အလုပစ္စည်းဝယ်စရာရှိလျှင် သူတို့ဆိုင်မှာပဲဝယ် သည်။ သူ့အကြောင်းကိုလည်း သိလာရသည်။ မေသက်ဝေ သားတစ်ယောက်၊ သမီးတစ်ယောက်အမေ။ သူ့သားငယ် ကိုယ် ဝန် ရှိနေဆဲ ခင်ပွန်းသည် ဆုံးပါးသွားချိန်မှာ သမီးကြီးက နှ နှစ် အရွယ်။ ယခုတော့ ကလေးများ အထက်တန်းရောက်ပြ နံနက်ပိုင်း ကလေးများကိုကျောင်းပို့ပြီး သူ့စတိုးဆိုင်ကို အရောင် လာသည်။ စတိုးဆိုင်မှာ မန်နေဂျာအမျိုးသမီးလည်း သက်သေ ရှိပေမင့် ဝယ်သူလာလျှင် သူနှင့်ကြုံသည့်အခါ ဝယ်သူကို ဖော ရွှေစွာ ဆက်ဆံ၍ မိတ်ဆက်တတ်သူ။ အသက်ကတော့ ၅၀ ကျော် လောက်ရှိပေမင့် သူက အရွယ်တင်နုပျိုပါသည်။ အပြင်အဆင် လည်း အချိုးကျသည်။ ကျွန်မမှာ သူနှင့် အရောင်းစာရေးမလေး များ၏ ဆက်ဆံမှုကို သဘောကျ၍ ဖောက်သည်တစ်ယောက် ဖြစ်လာသည်။

* * *

(၂)

ကျွန်မတို့ရပ်ကွက်က ရန်ကုန်ဆင်ခြေဖုံးရှိ မြန်မာရပ်ကွက် ကိုယ့်ခြံကိုယ့်ဝန်းနှင့် အိမ်ဆောက်နေသူ များသည်။ အိမ်များ တစ်ထပ်တိုက် လုံးချင်းနှင့် ပျဉ်ထောင်အိမ်များ များပါသည် တိုက်မြင့်ကြီးများ၊ ခြံကျယ်ကြီးများ မရှိပါ။

ခြံအကျယ်ကလည်း ပေ ၄၀၊ ပေ ၆၀ များ၍ အလွန်



ခြံအကြီးမှ ပေ ၁၀၀ လောက်ပဲ တစ်ကွက်နှစ်ကွက်ရှိသည်။ တချို့ ပေ ၂၀၊ ပေ ၄၀ ပျဉ်ထောင်အိမ်လေးများရှိ၍ ကိုယ့်ခြံလေးနှင့်ကိုယ် သပ်သပ်ရပ်ရပ်နေသော အေးချမ်းသည့်ရပ်ကွက်ဖြစ်သည်။

ကျွန်မတို့ ရပ်ကွက်ထိပ်က ဝေပုလ္လကျောင်းတွင် ကျွန်မ နံနက်ဘက် ဆွမ်းပို့ပြီးအပြန် ကျွန်မတို့အိမ်ရှေ့ မျက်စောင်းထိုး တစ်ထပ်တိုက်ရှေ့တွင် ကားနီလေးတစ်စီး ထိုးဆိုက်လာသည်။ ကားကိုမောင်းလာသူမှာ မေသက်ဝေ။ ကားပေါ်မှဆင်းကာ ကျွန်မကို နှုတ်ဆက်သည်။

"အန်တီက ဒီမှာနေလား"

"ဟုတ်ပါတယ်ကွယ်၊ ဟိုအိမ်က အန်တီတို့အိမ်ပေါ့၊ အားရင် ဝင်ခဲ့ပါဦး"

ကျွန်မက ကျွန်မအိမ်ကို လက်ညှိုးထိုးပြလိုက်သည်။

"နောက်မှလာမယ်၊ အခု အလုပ်ကိစ္စလေးရှိသေးလို့ သွားဦးမယ်"

သူက ဖျတ်လတ်စွာ နှုတ်ဆက်၍ ဦးဘဘွားတို့ တစ်ထပ်တိုက်လေးကို ဝင်သွားပါသည်။

ကျွန်မ အိမ်ပြန်ရောက်တော့ မကြည်မြကို တွေ့ရသည်။

"အန်တီ ဘုန်းကြီးကျောင်းသွားတယ်ဆိုလို့ စောင့်နေတာ"

"အေးကွယ်၊ မကြည်မြ ပြန်လာပြီလား၊ ဘာတွေ ပါသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါးခူငါးပိကောင်း ကောင်းတယ်၊ နှစ်ချို့ ဆိုတော့
တယ်၊ ငါ့ရံ့ခြောက်ဆားပေါ့လည်း ပါတယ်၊ အန်တီ ကြို
သလောက်ယူပေါ့၊ ကျန်တာကို ဆိုင်သွင်းမယ်"

"ဒီတစ်ခေါက်ကော အဆင်ပြေလား"

"ပြေတယ် ဆိုရမှာပေါ့၊ အထည်ပေးထားတာတွေ တချို့က
ငါးပိငါးခြောက် ပေးပေမင့် တချို့က ငွေနဲ့ချေလို့ အန်တီ
ဦးလေးဦးဘဘွား ကြွေးကျေတော့မယ်"

မကြည်မြက ကျွန်မအိမ်နှင့် တစ်လမ်းကျော်မှာ နေသည်။
ရန်ကုန်မှ အဝတ်အထည်များ ယူကာ ညောင်လေးပင်ကို သွား
ရောင်းသည်။ ညောင်လေးပင်ဆို၍ မြို့ကြီးပေါ်က ဆိုင်ကြီးတွေမှာ
ရောင်းသည်မဟုတ်။ သူ့အမျိုးများရှိရာ လယ်တောသို့ သွား၍
တောရွာက လူများ၊ လယ်သမားများကို ငါးပိပေး၊ ငါးခြောက်
ပေးသည်။ လယ်သမားများထံက သူက စပါးကိုမယူချင်။ စပါး
အရောင်းအဝယ်က အရင်းအနှီးများရသည်။ လယ်သမားများထံ
သူတို့ကိုယ်တိုင်လုပ်သော လယ်ငါးခူ၊ ငါးပိများကို သူ့အထည်များ
နှင့် လဲသည်ဆိုပါတော့။ ငါးခြောက်လုပ်သူများထံကတော့ သူ့
အထည်နှင့် ငါးခြောက် လဲလှယ်သည်။ ရန်ကုန် ရောက်တော့
ငါးပိ၊ ငါးခြောက်များကို ပြန်ရောင်းသည်။

"အန်တီ သိပါတယ်၊ အရင်ကဆို ကျွန်မဘာသာကျွန်
လည်ပတ်ပါတယ်၊ မနှစ်က အကြီးမ မင်္ဂလာဆောင်ပေးရ၊ အငယ်



းကုရနဲ့ မနှစ်က ငွေတော်တော်ကုန်သွားတယ်၊ ဒါကြောင့်
လေးဦးဘဘွားဆီက သုံးသောင်းဆွဲရတာ၊ ခုတစ်ခေါက် ကျေ
ပေါ့၊ သားကလည်း မိုးရေကာဖျင်စက်ရုံမှာ အလုပ်ရပြီ"

မကြည်မြသည် အသက် ၄၀ လောက်ရှိပေမင့် လယ်တော၊
ချင်းတော ဆင်းရသူမို့ သနပ်ခါးထူထူ၊ မျက်နှာဖို့ထားသည်။
သားလတ်လတ်၊ မျက်လုံးကဝိုင်းဝိုင်း၊ မျက်ခုံးကတော့ ဆွဲထား
သည်။ နှာတံမပေါ်လှပေမင့် သူ့မျက်နှာနှင့် လိုက်ဖက်သည်။

ကိုယ်လုံးကိုယ်ထည်က ကျော့ရှင်းသည် မဆိုသာပေမင့်
တ်တုတ်ခိုင်ခိုင်နှင့် ဖျတ်လတ်သွက်လက်သည်။

ကျွန်မက ငါးခူငါးပိနှင့် ငါးရံ့ခြောက်ကို အလွန်ကြိုက်၍
က ဦးဦးဖျားဖျား လာရောင်းခြင်းပါ။ သူ့ယောက်ျား ဆုံး
တည်းက သူ့ကိုယ်ရေးကိုယ်တာ ကိစ္စ၊ သားသမီးလေးတွေ
စ္စကအစ တိုင်ပင်တတ်၍ ကျွန်မနှင့် ဆွေမျိုးလို ရင်းနှီးသည်။
သားသမီးသုံးယောက် အရွယ်မတိုင်ခင်က သူ့ခင်ပွန်းဆုံးသွား
ဒီကလေးတွေ ကျောင်းထားရ၊ အလုပ်ရှာပေးရနှင့် မကြည်မြ
တ်ဖတ်မောနေသည်။ ယခုမှ ၇ တန်းအောင်ပြီး စက်ချုပ်နေသူ
ကြီးဆုံးသမီးက ယောက်ျားရ၍ ပြည်ကို ပြောင်းသွားသည်။
လတ်မက သန်လျင်ဖိနပ်ချုပ်စက်မှာ အလုပ်ရသည်။ သား
ယ်က သူ့ယောက်ျားလုပ်ခဲ့သော မိုးရေကာဖျင်စက်ရုံမှာ အလုပ်
သွား၍ မကြည်မြ အသက်ရှုချောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်က အထည်နှင့်ငါးပိငါးခြောက် ဖလှယ် ရောင်း ဝယ်သည် ဆိုပါတော့။ သူ့ဟာနှင့်သူ ကျစ်ကျစ်လျစ်လျစ် သုံးစွဲ တတ်ပါသည်။ သူပြောသလိုပဲ မနှစ်က သမီးကြီး လက်ထပ်ပေးရ သမီးငယ် မမာနှင့် သူ့ငွေရင်း လျော့သွား၍ ဦးဘဘွားထံမှ ငွေ ချေးရသည်။

ဦးဘဘွားသည်လည်း ကုန်သည်တစ်ဦးဖြစ်၍ မင်္ဂလာဈေး မှာ အထည်လက်ကားဆိုင်ဖွင့်၍ ရောင်းသည်။ သူ့သမီး ရီရီသန်းနှင့် ကြည်ကြည်သန်းက ဆိုင်ထိုင်သည်။ သူကတော့ အိမ်မှာ အနေ များ၍ တစ်ခါတစ်ခါ သမီးများကို သွားကြည့်သည်။ ယခင်ကတော့ သူ့ကိုယ်တိုင် ဆိုင်ထိုင်၍ သူ့ဇနီး ဆုံးပြီးမှ အိမ်မှာ အနေများ သည်။

"ဦးဘဘွား ကြွေးကကျေပြီပေါ့"

ကျွန်မက မကြည်မြကို မေးလိုက်၏။

"ဒီတစ်ခေါက်မှ ကျေပြီဆိုပါတော့၊ နည်းနည်းစီ ဖွဲ့ဆပ်တာ ဦးလေးက လက်ခံလို့ တော်သေးတာပေါ့၊ သူ့သမီးတွေကလည်း အထည်တွေ အသစ်ပေး၊ အဟောင်းယူ ပေးတယ်လေ၊ ခု တစ် ခေါက် ကြွေးလည်းကျေ၊ ငွေနဲ့ဝယ်သူတွေဆီက ငွေရတော့ အထည် ကို လက်ငင်း ဝယ်သွားနိုင်ပြီ၊ ကြည်ကြည်သန်းတို့ကို ကျေးဇူး တင်ရသေးတယ်"

ကျွန်မက ငါးပိ ငါးဆယ်သားနှင့် ငါးရံ့ခြောက်တစ်ပိဿာ ယူလိုက်ပါသည်။

"ဟိုဘက်အိမ်က ဒေါ်ငွေတင် ယူချင်ယူမယ်၊ ငါးပိ ထား ခဲ့ပါလား"

"ဟုတ်ကဲ့၊ ငါးခြောက်တော့ အန်တီယူပြီးရင် အခု တစ် ပိဿာ ကျန်မယ်၊ အဲဒါ ဦးလေးဦးဘဘွားကို သွားကန်တော့ လိုက်ဦးမယ်၊ အန်တီရဲ့မိတ်ဆွေ လိုချင်ရင် အိမ်မှာ ရှိသေးတယ် လေ၊ ကျွန်မ လာပို့မယ်"

"အေးပေါ့ မေးကြည့်ဦးမယ်၊ ကဲ အန်တီနဲ့အတူ ထမင်း စားသွား၊ ဘုန်းကြီးကျောင်း ထမင်းပို့နေ့မို့လို့ ဟင်းတွေ ပိုချက် ထားတယ်"

ထိုနေ့က မကြည်မြ ထမင်းစားပြီးမှ ငါးရံ့ခြောက်ထုပ်ကို ဆွဲကာ ဦးဘဘွားအိမ် ထွက်သွားပါသည်။

ဦးဘဘွားမိသားစုနှင့် ကျွန်မ ဤလမ်းမှာ နေလာခဲ့ကြ သည်မှာ ကြာပြီ။ သူ့ဇနီးမဆုံးခင်ကတည်းက ဆွေမျိုးလိုရင်းနှီး ကြသည်။

သူ့ဇနီးသည် ဒေါ်ခင်မေက ကျွန်မလက်ထဲတွင်ပင် အသက် ပျောက်သည် ဆိုရမည်။ သူအသက်ရှင်စဉ်က သမီးများနှင့် ကျွန်မ အိမ်ကို ဝင်ထွက်၍ စားအိမ်သောက်အိမ် ဖြစ်နေသည်။

သမီးများက မအေဆုံးပြီးမှ ဆိုင်မထွက်ရသောရက် ည ဘက်များတွင် ကျွန်မအိမ် လာလည်တတ်သည်။ လက်ဖက်သုပ်၊

www.burmeseclassic.com

ဂျင်းသုပ်နှင့် ရေနွေးကြမ်းသောက်ကာ သူတို့မင်္ဂလာဈေး အတွေ့အကြုံများကို ပြောပြတတ်သည်။ ဈေးရောင်းဖော်ရွေသလို မကြည်မြတို့လို ငွေရင်းနည်းသော ကုန်သည်လေးများ အပေါ် ငဲ့ညှာ၍ အသစ်ပေး အဟောင်းယူ လုပ်ပေးတတ်သည်။ ကျွန်မမှတစ်ဆင့် မကြည်မြက အဆက်အသွယ်ရကာ ကြည်ကြည်သန်း၊ ရီရီသန်းတို့ဆိုင်က အထည်များ ယူခြင်းဖြစ်သည်။ ငွေကြေးနှင့်ပတ်သက်၍ မကြည်မြက မှန်မှန်ကန်ကန် ဆက်ဆံသောကြောင့် ကြည်ကြည်သန်းတို့ကလည်း အထည် အကြွေးပေးရဲသည်။ မကြည်မြအဖို့ ဦးဘဘွားတို့သားအဖမှာ ကျေးဇူးရှင်ပင်ဖြစ်သည်။ ဦးဘဘွားကတော့ နံနက်ခင်း တုတ်ကောက်တစ်ချောင်းနှင့် လမ်းလျှောက်သည်ကိုတော့ နေ့တိုင်းတွေ့မိသည်။ သူ့ဇနီးရှိစဉ်ကလို ကျွန်မသူတို့အိမ်ကို မကြာခဏ မသွားတော့ပါ။

ကောင်းတာရလျှင် ဝေငှချင်သော မြန်မာအိမ်နီးချင်းတွေထုံးစံအတိုင်း ကျွန်မက ခြေရင်းခြံမှ ဒေါ်ငွေတင်ကို လှမ်းခေါ်မိသည်။ သူကလည်း ဘာမဆို အိမ်နီးချင်းပီသစွာ အကူအညီပေးသလို စပ်လည်းစပ်စုတတ်သည်။

"မစု ဘာကိစ္စရှိလို့လဲ"

ဒေါ်ငွေတင် ရောက်လာကာ မေးလိုက်သည်။

"ဘာကိစ္စမှ မရှိပါဘူး၊ မကြည်မြ ပြန်လာလို့ ငါးရှဉ့်ငါးပိနဲ့ ငါးရံ့ခြောက် ပါလာတယ်၊ ဆားပေါ့လို့ ဒေါ်ငွေတင် လိုချင်လား



ကျွန်မ မှာပေးမယ်၊ သူ အခု ဦးဘဘွားအိမ် သွားတယ်"

ဒေါ်ငွေတင်က မသိမ်းသေးသော စားပွဲပေါ်ရှိ ငါးပိ ငါးခြောက်ထုပ်များကို ကြည့်လိုက်ရင်း ပြောနေသည်။

"ငါးပိပုံ့သလေး၊ ငါးခြောက်ပုံ့သလေးနဲ့ မစုရေ၊ ရှင့်ဟာမှာ သိပ်မဟန်ဘူး၊ အစ်ကိုကြီးဆီက ဘယ်လောက်များ ချူချမလဲ မသိဘူး"

ဒေါ်ငွေတင့်စကားကြောင့် ကျွန်မ အံ့အားသင့်သွားသည်။

"ဒေါ်ငွေတင်ရယ်၊ ကလေးသုံးယောက်အမေ မုဆိုးမ တစ်ယောက် ရိုးရိုးသားသား ရှာဖွေစားလာတာပဲ၊ ခု သူ့ကလေးတွေ ဆက်လွှတ်မှ သူလည်း အသက်ရှုချောင်တာပါ၊ ဦးဘဘွားဆီကလည်း ငွေသုံးသောင်းချေးတာအမှန်၊ ခုအပတ်မှ ငွေကျေသွားပြီတဲ့၊ သူ ပြောပြပါတယ်"

ကျွန်မက ကျွန်မနှင့် မျိုးတူ၊ ဘဝတူ မကြည်မြဘက်က ရှင်းလင်း ပြောပြနေသည်။

"အေးပါလေ၊ မစု ပြောသလိုပဲ ဖြစ်ပါစေ၊ ကျွန်မ ငါးရံ့ခြောက် ၅၀ သားယူမယ်၊ ဘာပြောပြော မစုရဲ့၊ မုဆိုးမဆိုတာ ဒီနေ့အထိုင်လည်း ဆင်ခြင်ရသေးတယ်၊ ခုတော့ ဦးဘဘွားအိမ် သွားတာ ရေထွက်မတတ်ဘဲ"

ကျွန်မရင်ထဲကတော့ ဒီစကား ကြားရသည်ကို မကြည်မြအစား မခံမရပ်နိုင် ဖြစ်မိသည်။ ဒါပေမင့် ဘာမှ ဒေါ်ငွေတင်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်မချေပတော့ဘဲ ကျွန်မ ယူပေးထားသည့်အထဲမှ ငါးရံ့ခြောက် ၅၀ သား ခွဲ၍ပေးလိုက်ပါသည်။

"အတော်ပဲ၊ ကိုဘသန်း ပြန်လာရင် ရေနွေးကြမ်းနဲ့ ငါးရံ့ခြောက်ဖုတ် ကျွေးမယ်"

ဆိုကာ နှုတ်ဆက်၍ ဒေါ်ငွေတင် ထပြန်သွားပါသည်။

* * *

(၃)

ကျွန်မလည်း ယခုတလော အပြင်မထွက်မိ။ မကြည်မြကလည်း ပေါ်မလာသည်မှာ တစ်လလောက် ရှိသွားပြီ၊ ညောင်လေပင်ကို သွားပြန်ပြီ ထင်ပါရဲ့။

တစ်နေ့တွင် ဒေါ်ငွေတင် ပေါက်လာသည်။

"မစုရေ… ရှင့်ဟာမ ဆေးရုံရောက်နေပြီ"

ဒေါ်ငွေတင် ပြောစကားကြောင့် ကျွန်မအံ့အားသင့်နေသည်။

"ဘယ်သူလဲ"

"မကြည်မြလေ"

"ဟင်…သူ ဘာဖြစ်လို့…"

"မဟုတ်မှလွဲရော၊ ကလေးပျက်ကျတာ ထင်တယ်"

ကျွန်မမှာ ဒေါ်ငွေတင့် စကားကြောင့် အတော်ကလေးစိတ်ပျက်သွားမိသည်။ စိတ်မှန်းနှင့် စွပ်စွဲကြသည်ကို ကျွန်မ မကြိုက်။



"ကျွန်မ တူမ ဆေးရုံတက်လို့ အမျိုးသမီးဆေးရုံသွားတာ၊ အပြန် လှေကားအဆင်းမှာ ဦးဘဘွားနဲ့တွေ့တယ်၊ ဒါနဲ့ ကျွန်မက ဦးဘဘွား ဘာလာလုပ်လဲ ဆိုတော့ မကြည်မြ ဆေးရုံတက်လို့ လာကြည့်တာတဲ့၊ ဒါနဲ့ ကျွန်မက အခန်းနံပါတ်မေးပြီး သွားကြည့်တော့ မကြည်မြ အိပ်နေတယ်၊ မျက်နှာကလည်း ဖြူဖျော့လို့၊ အနားမှာ သူ့သမီး စောင့်နေတယ်၊ ဘာရောဂါလည်းမေးတော့ သွေးအဆင်းလွန်ပြီး တားမရလို့ သားအိမ်ထုတ်လိုက်ရသတဲ့"

"ဖြစ်မှဖြစ်ရလေ…"

ကျွန်မ မကြည်မြအတွက် စိတ်မကောင်း။ သို့သော် ဘာကိစ္စ မကြည်မြရောဂါကို ကလေးပျက်ကျသည်ဟု ဒေါ်ငွေတင် စွပ်စွဲပါသနည်း။

"မိန်းမတွေ ရောဂါ ဒီလိုပဲဖြစ်တာပဲ၊ ကလေးပျက်တယ်ဆိုတာတော့ မဟုတ်ပါဘူး ထင်တယ် ဒေါ်ငွေတင်"

"အို…ဟုတ်လို့သာပေါ့၊ သူ့တာဝန်ရှိတယ်ဆိုပြီး ဦးဘဘွားက လာတာ"

ကျွန်မက ဒေါ်ငွေတင်ကို ဆက်မပြောချင်တော့။ ဤကိစ္စသည် အမှုတစ်ခုသာဖြစ်လျှင် ဒေါ်ငွေတင် အကြောင်းပြချက်မခိုင်လုံ၊ မကြည်မြ ဆေးရုံတက်၊ သွေးဆင်းလွန်၍ မိုက်ခွဲ သားအိမ်ထုတ်ရသည်။ ဒါကို ဦးဘဘွား လာမေးသည်ကြောင့် မကြည်မြရောဂါ ကလေးပျက် ရောဂါ၊ ဦးဘဘွားက ကလေးအဖေဟု

www.burmeseclassic.com

www.burmeseclassic.com



မကြည်မြအပေါ် စွပ်စွဲသည်မှာ နည်းနည်းမှ ကျိုးကြောင်းပြ မနိုင်လုံပါပေ။

"ကျွန်မ သွားကြည့်လိုက်ဦးမယ်လေ"

ဒါပဲ ကျွန်မပြန်ပြောသည်။ ဒေါ်ငွေတင်က ကျွန်မမျက်နှာထား ဟန်မှန်ကို မကြိုက်ဘူး ထင်ပါရဲ့၊ ထပြန်သွားသည်။

* * *

(၄)

ဦးဘဘွား၏ အသက် ၇၀ ပြည့် မွေးနေ့ပွဲကျင်းပသည်။ လွန်ခဲ့သော သုံးရက်ကတည်းက ကြည်ကြည်သန်းနှင့် ရီရီသန်း ဖိတ်၍ ကျွန်မ သွားဖို့ပြင်ဆင်နေသည်။ မွေးနေ့လက်ဆောင်ပေးခြင်း သည်းခံပါဆို၍ နံနက်စောစော အရဏ် ဘုန်းတော်ကြီး ဆွမ်းကပ်လျှင် အချိုပွဲထည့်ကပ်ရန် ဆနွင်းမကင်းတစ်အိုး ပို့လိုက်ပါသည်။

လူကတော့ ၉ နာရီလောက်မှ ဒေါ်ငွေတင်နှင့်အတူ ကျွန်မ သွားပါသည်။

"ဟော...အန်တီ ကြွပါ ကြွပါ"

အလွန်ချိုအေးဖော်ရွေသော အသံကြားလိုက်ရသည်။ ကြည်ကြည်သန်းတို့၊ ရီရီသန်းတို့မဟုတ်၊ မေသက်ဝေ၏ ဆီးကြိုသံ

"ဒီဘက်ဝိုင်းကို လာပါ အန်တီ"

သူက ရှေ့ဆောင်ခေါ်သွား၍ ကျွန်မတို့ ဧည့်ခန်းခေါင်းရင်း ဘက် ဝိုင်းမှာ ထိုင်ဖြစ်သည်။

"ဟင်းချိုပူပူ ယူခဲ့ဟေ့"

မေသက်ဝေ အသံမှာ စီလွှင်နေသည်။ ကျွန်မတို့ မုန့်ဟင်းခါး စားနေစဉ် ကြည်ကြည်သန်း အနားရောက်လာသည်။

"အန်တီ ဆနွင်းမကင်း ပို့လိုက်တာ ကျေးဇူးပဲ၊ လူတွေပါ ကျွေးရတယ်"

ဟု နှုတ်ဆက်စကားပြောကာ ကျွန်မတို့အနားမှာ ထိုင်နေသည်။

"အန်ကယ် မွေးနေ့ရှင် ကြွပါ၊ ကိတ်မုန့်ပေါ်က ဖယောင်းတိုင် မီးမှုတ်ပြီး ကိတ်မုန့်လှီးရမယ်"

မေသက်ဝေ ပြောသံကြားမှ ကျွန်မ သတိပြုကြည့်မိသည်။ ခေါင်းရင်းဘက် စားပွဲခုံပေါ်မှာ မွေးနေ့ကိတ်မုန့်၊ ကိတ်မုန့်ပေါ်မှာ ဖယောင်းတိုင်အသေးလေးများကို မေသက်ဝေက မီးညှိပြီး အနားတွင် ထိုင်နေသော ဦးဘဘွားကို ဆွဲခေါ်လိုက်သည်။ ဦးဘဘွားသည် ကြောင်စီစီနှင့် ဖယောင်းတိုင်များကို မီးမှုတ်လိုက်၏။

ပရိသတ်က မင်္ဂလာဈေးပရိသတ်နှင့် ရပ်ကွက်ပရိသတ်ဆိုပေမင့် ဘိုဆန်ကြသည်မဟုတ်။ မေသက်ဝေ တစ်ယောက်ပဲ။

"Happy Birthday to you"ဟု ဆို၍ လက်ခုပ်တီးသည်။ တော့မှ အားနာပါးနာ တစ်ယောက်နှစ်ယောက်က လိုက်တီးသည်။ ဦးဘဘွားက ပြုံးဖြဲဖြဲနှင့် ကိတ်မုန့်ကိုလှီး၍ သက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ပြားထဲ ထည့်ကာ ပရိသတ်များကို ကျွေးသည်။

ရီရီသန်းက ကျွန်မ နားနားကပ်၍...

"တွေ့လား အန်တီ၊ မင်းသမီးလုပ်ပုံတွေ၊ သူက အိမ်ရှင်ကျ နေတာပဲ"

ဟု တိုးတိုးပြောလိုက်သည်။ ကြည်ကြည်သန်းက ညီမကို ဝင်ထိန်းလိုက်သည်။

"မိရီ ပေါက်ကရတွေ မပြောနဲ့"

ဆို၍ ရီရီသန်းသည် စကားမဆက်တော့။

"ဒီအမျိုးသမီးက ဘယ်ကလဲ"

ဒေါ်ငွေတင်က မမြင်ဘူးသလို ကျွန်မအနား ကပ်မေးလိုက်သည်။

"မေသက်ဝေစတိုးပိုင်ရှင် သက်ဆိုတာပေါ့၊ သူ ကားအ လေးနဲ့ ဦးဘဘွားအိမ် ခဏခဏ လာနေတာ၊ ဒါတော့ ဒေါ်ငွေ တင် မမြင်မိဘူးထင်တယ်"

သူသည် ပါးစပ်အဟောင်းသားနှင့် မေသက်ဝေအလှ ငေးကာ ကြည့်နေသည်။ မေသက်ဝေက ငွေခြည်ဖောက် အဖြ ရင့် ဝမ်းဆက်နှင့် အသားမှာ ဝင်းပ၍ မျက်နှာက နုပျိုရွှင်လ နေသည်။ လာသမျှ ဧည့်သည်ကို ရင်းရင်းနှီးနှီး ကြိုဆိုဧည့် နေသည်။ သူ၏ ဖော်ရွေမှုကြောင့် ဧည့်သည်များ မျက်လုံးတွေ နှစ်သိမ့်မှုဖြင့် သူ့ကိုကြည့်ကြသည်။ 'သက်'သည် မွေးနေ့ပွဲတ



လုံး၏ 'စတား' ဖြစ်နေသည်။

ထိုနေ့ညနေ မကြည်မြကို ကျွန်မသွားကြည့်သည်။ ဆေးရုံ က ဆင်းလာပြီဖြစ်၍ အိမ်မှာ သွားကြည့်ပါသည်။

ထူထူထောင်ထောင်နှင့် သွားနိုင်လာနိုင် ဖြစ်လာသော ကြည်မြကို တွေ့ရသည်။

"မနက်ကပဲ ဦးလေးဦးဘဘွားက သူ့မွေးနေ့ မုန့်ဟင်းခါး ကျွေးတယ်ဆိုပြီး ပို့နိုင်းလို့ ဒရိုင်ဘာ လာပို့သွားတယ်၊ အန်တီ သွားသေးလား"

"သွားပါတယ်"

မကြည်မြက သူ ခဏခဏ သွေးဆင်းတတ်ကြောင်း၊ ခုတစ်ခါ လွန်၍ ဆရာဝန်က ကြာကြာမထားဘဲ ကင်ဆာဖြစ် စိုး၍ သားအိမ်ထုတ်ပစ်ကြောင်း သူ့ရောဂါကို ပြောပြနေသည်။

"အေးလေ၊ နလန်ထပေမင့် တောကို မသွားနဲ့ဦးပေါ့၊ နားနေနေ နေ၊ မကျန်းမာဖြစ်လာတော့ ဆေးကုရတာ ငွေ ကုန်တယ်လေ"

"အန်တီပြောတာ ဟုတ်တယ်၊ အမေ့ကို ဒါပဲ သတိပေး နေရတယ်"

လိုင်သာယာမှာ အလုပ်ဆင်းရသည်ဆိုသော သမီးလတ်က ပြောလာသည်။ ညနေစောင်းမှ ကျွန်မ ပြန်လာခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com





(၅)

တစ်ညဦး၊ ကြည်ကြည်သန်းနှင့် ရီရီသန်း ကျွန်မအိမ်သို့ ပေါက်ချလာသည်။ ဆိုင်ပိတ်ရက် မဟုတ်ပါ။

ထူးဆန်းသလို ဖြစ်နေသည်။ ညီမနှစ်ယောက် ဈေးရောင်းက ပြန်လျှင် ညကျ စာရင်းတွက်ရသည်နှင့် အားကြသည်မဟုတ်။ ဆိုင်ပိတ်ရက်မှလွဲ၍ အလည်လာခဲသည်။ ကျွန်မက လက်ဖက်နှင့် ရေနွေးကြမ်း ချပေးပြီး ဧည့်ခံရင်း သူတို့ကို စကားလက်ခံပြောရသည်။

"အန်တီရယ်၊ လုပ်ပါဦး၊ ဖေဖေက မေသက်ဝေကို ယူ မလို့တဲ့"

ရီရီသန်းက တည့်တိုးကြီး ပြောပါသည်။

"ဟိုနေ့ကများ သူမို့ အရှက်မရှိတယ်၊ ဖေဖေ့မွေးနေ့ကို ကိတ်မုန့်မီးထွန်း၊ ဖေဖေ့လက်ကို ဆွဲပြီးမှုတ်နိုင်းနဲ့ အရှက်မရှိ လိုက်တာ"

ရီရီသန်းက မသက်မသာ ပြောနေသည်။

"မိရီ ဒါတွေ မပြောနဲ့တော့၊ အဖြစ်က အန်တီကို ရှင်းပြ မယ်၊ ကြည်ကြည့်အနေနဲ့ အန်တီသက်က ဖေဖေ့ကို တကယ်ချစ်လို့ ပြုစုဖို့ ယူမယ်ဆို၊ ကြည်ကြည်တို့ ခွင့်ပြုပါတယ်၊ ကြည်ကြည်တို့ ညီအစ်မက စီးပွားရေးသမားတွေ၊ တစ်နေ့လုံး ဆိုင်နဲ့ အချိန် ကုန်နေတာ၊ အိမ်မှာ ဖေဖေ တစ်ယောက်တည်း အထီးကျန်တာ နားလည်ပါတယ်၊ ဒါပေမယ့် အန်တီသက်ကိုကြည့်ရတာ မရိုးဘူး"

"ဘာမရိုးတာလဲ"

ကျွန်မက ဝင်မေးမိ၏။ ရီရီသန်းက ကြည်ကြည်သန်း၏ စကားအဆက်ကို မစောင့်၊ ဝင်ဖြေသည်။

"ဖေဖေ့ဆီက သူ ငွေချေးတာ ၁၀ သိန်းရှိပြီလေ၊ အတိုးလည်းမရဘူး၊ သူ့ရဲ့မေသက်ဝေစတိုး လည်ပတ်နေတာ ဖေဖေ့ငွေတွေနဲ့လေ၊ ရီရီတို့က ဈေးထွက်နေတာ၊ ဒေါ်ကြီးရွှေက ပြောတယ်၊ သူ ဖေဖေ့ဆီ ခဏခဏလာ၊ စားစရာတွေလုပ်လာပြီး ဖေဖေနဲ့အတူ စားသတဲ့၊ အခု ဖေဖေ့ဆီက ငွေ ၁၀ သိန်း ပါသွားပြီ၊ အခုတော့ ငွေ ၁၀ သိန်းပါမက ဖေဖေ့ကိုပါ အပိုင်စီးချင်လို့/သူ ကြံစည်နေတာ၊ ဖေဖေက သူ့ကိုလက်ထပ်မယ်လို့ သမီးတို့ကို ဖွင့်ပြောတယ်၊ သူ အိမ်ပေါ်ရောက်ရင်တော့ ပြီးရော၊ သမီးတို့ ဆင်းပြေးရမှာ၊ ဖေဖေကလည်း ဘာသဘောလဲမသိ၊ ငါ့ငွေ ၁၀ သိန်း ပြန်မရမှတော့ လူကိုသိမ်းရမှာပေါ့တဲ့၊ ငါးစာသာမြင်တယ်၊ ငါးမျှားချိတ်ကို မမြင်ဘူး"

ရီရီသန်း စကားဆုံးတော့ ကြည်ကြည်သန်းက ဝင်ပြောပြန်သည်။

"ဖေဖေ့ကို ကြည်ကြည်က ပြောတယ်၊ ဒီ ၁၀ သိန်းအတွက်နဲ့တော့ ဒီမိန်းမကိုမယူပါနဲ့၊ အဆုံးခံလိုက်ပါ၊ ငွေ ၁၀ သိန်း သမီးတို့ တစ်လ မရှာရပါဘူးလို့ ပြောပြတယ်၊ အန်တီသက်က အလည်အန်တီရဲ့၊ အခု ဒီစတိုးဆိုင်ကို ဟိုတရုတ် ချန်မိန်ဆီက အပိုင်စီး

www.burmeseclassic.com



ထားတာ၊ အဲဒီတရုတ်နဲ့ အတော်ကြာတွဲလိုက်သေးတာ၊ မယား ကြီးက တိုက်ခန်းပေးရရင် ပေးရပေ့စေ၊ သူ့ယောကျ်ားနဲ့ပြတ်ရင် ပြီးရောဆို လုပ်လိုက်တာ၊ ကြည်ကြည် ကြားရတာ တရုတ်ကြီး ဆီက စိန်တွေတောင် ရလိုက်သေးသတဲ့၊ ဖေဖေ မိန်းမ ယူတာက အပြစ်တင်တာ မဟုတ်ဘူး၊ ဒီလို စရိုက်ရှိတဲ့ မိန်းမမျိုးကို ဖေဖေ မယူစေချင်တာ"

ကြည်ကြည်က မေသက်ဝေ၏ နောက်ကြောင်းကို ပြော ပြသည်။

"အဲဒီတော့ သမီးတို့က ဘာလုပ်မှာလဲ"

ကျွန်မက သူတို့လာရင်းကို မေးရပါသည်။ ညီအစ်မ နှစ် ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးမှ ကြည်ကြည် သန်းက ပြောသည်။

"ကြည်ကြည်တို့မှာ ဝတ်လုံရှိတယ်၊ သူက အကြံပေးတယ် လေ၊ သမီးတို့ ခုနေတဲ့တိုက်က မေမေ ဆုံးပြီးကတည်းက သမီး တို့ နှစ်ယောက် အမည်နဲ့ ဖေဖေကလွှဲပေးတာ၊ မေမေရဲ့ လက် ဝတ်လက်စားတွေလည်း သမီးတို့ရတာ၊ ကြည်ကြည်တို့ရောင်း နေတဲ့ ဆိုင်ကတော့ ကြည်ကြည်တို့ ညီအစ်မအပိုင် ရောင်းဝယ်ခဲ့ တာပေါ့လို့၊ အခြေအနေမှန်ကို အန်တီ မေသက်ဝေကို ပြောပြ ပြီးတော့ ကျွန်မတို့ဖေဖေဆီက ချေးထားတဲ့ ငွေ ၁၀ သိန်း ကျွန်မ တို့ မယူတော့ပါဘူး၊ ဖေဖေ့ကို လက်ထပ်ချင်လက်ထပ်ပါ၊ လက် ထပ်ပြီးရင် ဖေဖေ့ကို ဒေါ်မေသက်ဝေ အိမ်ကို ခေါ်သွားပါ၊ ဒီ လက်ရှိအိမ်က သမီးတို့ပိုင် ဖြစ်နေပါတယ်လို့ ပြောတဲ့၊ ဝတ်လုံ က အကြံဉာဏ်ပေးတယ်၊ သမီးတို့နာမည်နဲ့ လွှဲပြောင်းထားတဲ့ အိမ်စာချုပ် မိတ္တူကူးပြီး ပြလိုက်တဲ့၊ ဒီအမျိုးသမီးက တကယ်ချစ် ရင် ဦးဘဘွားကို လက်ထပ်ပြီး အိမ်ခေါ်သွားမှာတဲ့၊ သူ့စိတ်က ဒီအိမ်နဲ့ ဦးဘဘွား အတွင်းပစ္စည်းရှိသေးတယ်ထင်ပြီး ယူတာ ဆိုရင်တော့ မင်းတို့အဖေမှာ သူချေးထားတဲ့ ငွေ ၁၀ သိန်းကလွဲပြီး ဘာမှမရှိတာသိရရင် မင်းတို့အဖေကို လက်ထပ်မှာမဟုတ်ဘူးတဲ့၊ အဲဒီလို အကြံဉာဏ်ပေးတယ်"

ကျွန်မမှာ ဝတ်လုံ အကြံဉာဏ်ကို ဘာမှမဝေဖန်နိုင်ပါ။

"ရီရီတို့ဘက်ကလည်း ကြည့်ပါဦး အန်တီ၊ ဒီမိန်းမ အိမ် ပေါ် တက်လာပြီး အားလုံးအပိုင်စီးမှာ မခံနိုင်ဘူး၊ ဖေဖေ ငွေ ၁၀ သိန်းတော့ ရေဆုံးမြေဆုံးပဲ သဘောထားလိုက်တယ်၊ ပြန်ရ ဖို့လည်း လမ်းမမြင်ပါဘူး၊ ဆိုင်မှာ တကယ်ထွက်ပြီး စီးပွားရှာ နေတာက သမီးတို့ ညီအစ်မနှစ်ယောက်၊ ဖေဖေက အိမ်မှာ အေး အေး နေတာ၊ ရီရီတို့မိသားစုကြီး ပြဿနာလာရှာမှာ စိုးတယ်၊ အခု ရီရီတို့ စီးနေတဲ့ အက်စ်အီးလီမိတက်တောင် သူနဲ့ရရင် သူ့ ပေးလိုက်ရမှာ၊ ဖေဖေ့အမည်နဲ့ ထားတာကိုး"

"အေးပေါ့လေ၊ ဝတ်လုံအကြံဉာဏ် ပေးတာလည်း မဆိုး ဘူး၊ စမ်းကြည့်ပေါ့၊ မဟုတ်လည်း မင်းတို့အဖေက ယူမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အခုလည်းလေ မေသက်ဝေက ငယ်သေး...”

“အမလေး ဘယ်ငယ်ရမလဲ၊ အသက် ၆၀ နား နီးနေပြီ သူ့ကိုယ်သူ သ,ထားလို့ ၅၀ လောက် ထင်ရတာ”

ရီရီသန်းက ဖြတ်ပြောသည်။

“အေးလေ ဘာပဲပြောပြော မင်းတို့ဖေဖေ ၇၀ ကျော် အဘိုးကြီးကို ယူတယ်ဆိုတော့ တကယ်မေတ္တာရှိလို့ပဲ နေမှာပေါ့”

ကျွန်မက ဆက်ပြောမိသည်။

“တကယ့်မေတ္တာနဲ့လား၊ ဖေဖေ့ပစ္စည်းတွေ လိုချင်လို့လား ဆိုတာ သိရအောင် ဝတ်လုံက ဖေဖေ့မှာ ဘာမှမရှိတာ ပြော နိုင်းတာလေ”

“စမ်းကြည့်ပေါ့”

ကျွန်မက ပြောလိုက်သည်။

“အဲဒါ အန်တီကို လာတောင်းပန်တာ”

“ဘာ...အန်တီက ဘာလုပ်ရမှာလဲ”

“ဒီလိုပါ၊ ဝတ်လုံ ပြောသမျှ အန်တီသက်ကို အန်တီ ပြောပေးပါ”

ကျွန်မမှာ အံ့အားသင့်သွားသည်။ သူတို့ကိစ္စ ကျွန်မ ကြား မဝင်ချင်။ ဒီသူငယ်မလေးများအပေါ် ဆွေမျိုးရင်းလို ရင်းနှီးခင်မင် သည်တော့ မှန်ပါသည်။

ဒါပေမင့် မုဆိုးမတစ်ယောက် လွတ်လပ်သူ ယောကျ်ား



တစ်ယောက်ကို ယူသည်မှာ အပြစ်မှ မဟုတ်ဘဲ။ ဘာဖြစ်၍များ သမီးများက ခါးခါးသီးသီး ငြင်းပယ်ပါလိမ့်။ အဘိုးကြီး တစ်ယောက်ကို ယူရသည်မှာ စွန့်စားခန်းတစ်ခုပဲ။ မေသက်ဝေက ယောကျ်ားတစ်ယောက်ယူမည်ဆိုလျှင် သူနှင့်ရွယ်တူတန်းတူတွေ ယူနိုင်အောင် စီးပွားရေးကော ရုပ်ရည်ကော နိုင်မာပြည့်စုံသူ။

“သမီးတို့ ပြန်စဉ်းစားပါဦး၊ သူ့အနေနဲ့ ဦးဘဘွားကို တကယ်ပဲ မေတ္တာရှိတာ ဖြစ်နိုင်တယ်”

ကျွန်မက ပြန်ပြောလိုက်သည်။

“ကြည်ကြည် ပြောပြီးပါရော အန်တီ၊ ဖေဖေ့ကို တကယ် မေတ္တာရှိလို့ကတော့ ကြည်ကြည်တို့ သဘောတူပါတယ်၊ ဒါကြောင့် ဒီမိန်းမသဘောသိရအောင် ဖေဖေ့ရဲ့စီးပွားရေးအမှန်ကို ဝတ်လုံ အကြံဉာဏ်ပေးသလို သူ့ကို ပြောပြစေချင်တာ”

“အဲဒီဝတ်လုံက သွားမပြောဘူးလား”

“အခုကိစ္စက... အန်တီ၊ အမှုဖြစ်နေတာမှ မဟုတ်ဘဲ၊ ဝတ်လုံဆိုတာက အမှုဖြစ်ရင် ရုံးမရောက်ဘဲ ကျေအေးဖို့ ကြားက ဝင်ရောက်ဆောင်ရွက်ချင် ဆောင်ရွက်မှာ၊ အခုက ဖေဖေ့လက်ထပ်ဖို့ ကိစ္စကို သမီးတွေရဲ့ သဘောထားကို မိသားစုအနေနဲ့ အန်တီသက် သိအောင် ပြောပြရမှာလေ၊ သမီးတို့မှာ အားကိုးစရာ ကြားလူ အန်တီပဲရှိတာ၊ တစ်ခုက တစ်စုံတစ်ရာ ဆုံးဖြတ် အဖြေပေးဖို့ အန်တီသက်အနေနဲ့ မလိုပါဘူး၊ သူ့ဟာသူ ဘယ်လိုဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ် ဆုံးဖြတ်နိုင်ပါတယ်၊ အန်တီက သူ့ဆုံးဖြတ်ချက်ကို တောင်းဖို့လည်း မလိုဘူး၊ ဖေဖေ့အခြေအနေကိုသာ ဝတ်လုံပြော သလို ပြောပြစေချင်တယ်၊ ဖေဖေ့ရဲ့ လက်ရှိ အခြေအနေအတိုင်း ကို လက်ခံပြီး သူလက်ထပ်နိုင်မယ်လို့ အကြောင်းပြန်လာခဲ့ရင် ကြည်ကြည်တို့က မကန့်ကွက်ပါဘူး”

ကြည်ကြည်သန်းက ရှင်းလင်းပြောကြားပါသည်။ အတန် ကြာ ဆွေးနွေးပြီးမှ ဝတ်လုံပြောသလို ပြောရပဲပြောဖို့ ကျွန်မ လက်ခံလိုက်ပါသည်။

* * *

(၆)

မေသက်ဝေကို သွားမတွေ့ခင် နှစ်ရက်လောက်မှာ ရပ်ကွက် သတင်းထောက် ဒေါ်ငွေတင် ပေါက်လာပြန်ပါသည်။

“မစု ကြားပြီလား၊ ဦးဘဘွားက ဟိုမွေးနေ့တုန်းက တွေ့ တဲ့ မေသက်ဝေနဲ့ ယူတော့မတဲ့”

ကျွန်မက ဒေါ်စပ်စု အတွက် ရယ်ချင်ပါသည်။ သူက သတင်းဦးသတင်းထူး လာပေးခြင်း ဖြစ်သည့်အတွက် ကျွန်မ သိထားသည်ကို ဖွင့်မပြောပါ။

“ဒါနဲ့ ဒေါ်ငွေတင် ပြောတော့ မကြည်မြနဲ့ ဦးဘဘွား ဖြစ်နေတယ်ဆို”



ကျွန်မ စကားကြောင့် သူ ငိုင်သွားသည်။ ပြီးတော့မှ တစ်စုံတစ်ခု စဉ်းစားသလိုလုပ်ပြီး ပြောပြန်သည်။

“ယောက်ျားတွေဆိုတာ လူလည်တွေ”

“ဦးဘသန်းကရော”

ကျွန်မက ရယ်စရာကို မေးလိုက်သည်။

“ကျွန်မယောက်ျား လူရိုးပါတော်၊ ဒီဦးဘဘွားဆိုတဲ့သူက မုဆိုးမနှစ်ယောက်ကို ရွေးမှာပေါ့၊ ဟို‘သက်’ဆိုတာက ရုပ်ချော ပိုက်ဆံရှိတော့ အဲဒီမိန်းမကိုလက်ထပ်မှာပေါ့၊ သူတို့ သားအဖ တစ်တွေ ဟိုတလောက အတော်စကားများကြတယ်တဲ့၊ သမီး တွေက သဘောမတူလို့ အတော်စကားများကြသတဲ့”

“ဒေါ်ငွေတင် ဒီသတင်းက ဘယ်က ကြားသလဲ”

“ဟိုမကြီးရွှေလေ၊ သူတို့အိမ်က ထမင်းချက် ဒရိုင်ဘာမိန်းမ က ပြောတယ်၊ တစ်နေ့က ဈေးဝယ်ရင်းတွေ့ကြလို့ ပြောပြတယ်၊ အဲဒီညက ထမင်းစားပြီး ထမင်းစားပွဲမှာ စကားပြောရင်း စကား များကြတာ၊ သူ မီးဖိုက အကုန်ကြားရသတဲ့၊ ဦးဘဘွားက စား ရာလေး ရှိရင် မကြည်မြဆီကို သူ့ယောက်ျားဒရိုင်ဘာနဲ့ ပို့နေ ကျဆိုတော့ သူတို့က မကြည်မြနဲ့ထင်နေတာ အခုတော့ အဘိုးကြီးက တိတိလင်းလင်း ဖွင့်ပြောပြီး ‘သက်’ဆိုတဲ့ ဖယောင်း တိုင်ထွန်းတဲ့ မိန်းမနဲ့ လက်ထပ်မတဲ့လေ”

ကျွန်မက ရင်ထဲမှ ရယ်ချင်ပါသည်။ မေသက်ဝေကို

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်ထွန်းတဲ့မိန်းမဟု ဒေါ်ငွေတင်က အမည်တပ်သည်။ ဦးဘဘွားတို့ သားအဖကြားမှာ ဖယောင်းတိုင်ထွန်းရုံလောက်သာ ဖြစ်စေချင်သည်။ မီးပုံဖိုပေးသူ မဖြစ်ပါစေနှင့်ဟု မေသက်ဝေ အတွက် ကျွန်မ ဆုတောင်းမိသည်။

"ပြီးတော့ မကြီးရွှေက ပြောတယ်၊ အဲဒီ သက် ဆိုတဲ့ မိန်းမက ဦးဘဘွားဆီက ငွေချေးတာ ၁၀ သိန်းရှိပြီဆိုပဲ"

ဒေါ်ငွေတင်က တအံ့တသြ ဆက်ပြောပြန်သည်ကို ကြား ရတော့မှ ကျွန်မမှာ အကွက်ဆိုက်သလို ပြောမိသည်။

"မကြည်မြ ဦးဘဘွားအိမ် ဝင်ထွက်နေပြီး ငွေလေး သုံး သောင်းချေးမိတာ တကတည်း အပြောခံလိုက်ရတာနော်၊ ဒေါ် ငွေတင်ပြောတော့ ကလေးပဲရှိလို့ ဖျက်ချတဲ့သဘော၊ အခုတော့ ဘယ်လိုဖြစ်တာလဲ၊ 'သက်'က ငွေချေးတာ ၁၀ သိန်းတောင် ရှိပြီ ဆို ဒီလိုသွားလာနေတာ ဒေါ်ငွေတင်တို့ နည်းနည်းမှ မရိပ်မိ ဘူးလား"

"သူက ကားနဲ့လာတာဆိုတော့ ကျွန်မတို့ မမြင်ဘူးလေ မကြည်မြက ခြေထောက်နဲ့လျှောက်တော့ မြင်ရတာပေါ့"

ဒေါ်ငွေတင်က သူပြောချင်တာပြောပြီး ပြန်သွားပါသည်။ မုဆိုးမချင်းအတူတူ ဖြစ်ပေမင့် မြေကြီးပေါ် ခြေလျင်လျှောက်ရ သူနှင့် ကားစီးနိုင်သူတို့အပေါ် ပတ်ဝန်းကျင်၏ အထင်အမြင်က ကွာခြားလှသည်။



ကျွန်မရင်ထဲမှာ မကြည်မြရော၊ မေသက်ဝေရော၊ ကျွန်မနှင့် ဘဝတူ၊ မျိုးတူ၊ မုဆိုးမများဖြစ်၍ အမြဲစာနာသည်။ သူတို့ဘဝ သူတို့ရပ်တည်နိုင်အောင် ကြိုးစားကြသူများ ဖြစ်သည်။ ကြိုးစားပုံ၊ ကြိုးစားသည့် နည်းလမ်းကတော့ ကွာချင်ကွာမည်။ ငယ်ရွယ်သေး သူများ ဖြစ်၍ သူတို့အားထားရာအတွက်ဖြစ်စေ၊ ရင်ထဲက အချစ် ကို မထိန်းနိုင်၍ဖြစ်စေ၊ ယောကျ်ားတစ်ယောက်ကို လက်ထပ် သည်ကို ကျွန်မ အပြစ်မဆိုပါ။ မုဆိုးမမှာလည်း အသည်းနှလုံးနှင့်၊ သွေးနှင့်သားနှင့်။ ဒေါ်ငွေတင်စွပ်စွဲသော မကြည်မြကိစ္စကိုလည်း ဟုတ်မဟုတ်၊ ကျွန်မ သေသေချာချာ မသိသေးပါ။

သို့သော် ဦးဘဘွား မွေးနေ့က အများအမြင်ကတ်လောက် အောင် ကြောင်စီစီအလုပ်မျိုးတော့ မေသက်ဝေ မလုပ်သင့်ဟု ကျွန်မ ထင်ပါသည်။ မိန်းမ ဈေးကျသည်ပေါ့။ ဒါက ကျွန်မအမြင်။

ဘယ်သို့ပင်ဆိုစေ နောက်အပတ်မှာ မေသက်ဝေတို့စတိုးကို သွားကာ နောက်ဘက်ရှိ စတိုးပိုင်ရှင်အခန်းတွင် ကျွန်မ တာဝန် ယူထားသည့် အတိုင်း ကြည်ကြည်သန်းတို့ ပြောခိုင်းသော ဝတ် လုံ၏ စကားကို မေသက်ဝေကို ပြောပြလိုက်ပါသည်။ နိဂုံး မှာတော့...

"အန်တီကို တစ်စုံတစ်ရာ အဖြေပေးဖို့မလိုဘူး၊ သက် လွတ်လပ်စွာ ဆုံးဖြတ်နိုင်တယ်၊ သက် ဆုံးဖြတ်ချက်ကို သူ့သမီး တွေကို အကြောင်းပြန်ဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ ကျွန်မပြောကာ ပြန်လာခဲ့ပါသည်။ နောက်အပတ် ဆိုင်ပိတ်ရက်ညများတွင် ကြည်ကြည်သန်းတို့ ညီအစ်မ ကျွန်မထံ လာလည်ပေမင့် မေသက်ဝေအကြောင်း စကားတစ်လုံးမှ မဟ ကြပါ။

ဦးဘဘွားကြီးကတော့ နံနက်တိုင်း မှန်မှန်လမ်းလျှောက် သည်မှာ နစ်ပတ်လည်၍ ၇၁ မွေးနေ့ပွဲတောင် ကျင်းပတော့မည်။

ကျွန်မရင်ထဲ တစ်ခါတစ်ခါ စဉ်းစားမိသည်။ မေသက်ဝေ စရိုက်ကို မကြိုက်၍ ဦးဘဘွားလက်ထပ်မည် ဆိုသည်ကို သမီး ကြည်ကြည်သန်းနှင့် ရီရီသန်းတို့က သဘောမတူနိုင်ကြဟု ဆို သည်။

တကယ်၍ ရိုးရိုးသားသား ရှာဖွေ စားသောက်နေသော မကြည်မြလို ငါးပိ၊ ငါးခြောက်ရောင်းသူကို ဦးဘဘွား လက် ထပ်လိုပါလျှင် သမီးများက သဘောတူပါမည်လား...။

* * *

ချမ်းမြေ့ရွှင်လန်းပါစေ...

[ချယ်ရီမဂ္ဂဇင်း(၇၆)၊ မေ၊ ၂၀၀၁]

www.burmeseclassic.com

www.burmeseclassic.com



# မှဆိုးမပုံပြင် (၃)

www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးမပုံပြင်(၃)

(၁)

"ဘီးလစ်စာရေးကြီးသမီးတဲ့"

သူ ရင်ထဲမှာ ထပ်ခါထပ်ခါ ရေရွတ်မိသည်။ ဤစကား သည် အိပ်မက်ထဲမှာကြားရခြင်းမဟုတ်။ တကယ်ပင် ကြီးကြီး ဒေါ်ထားမေက လာရောက်ပြောကြားခြင်း ဖြစ်သည်။

သူတို့မြို့၏ အရှေ့ပိုင်းမှာ ကြီးကြီးဒေါ်ထားမေက လ ပိုင်ရှင်။ ကြီးကြီး အမည်ရှေ့မှာ ဦးပိုက် အမည်တပ်ထားပေမ လယ်သမားများနှင့်ဆက်ဆံရေး၊ စပါးအရောင်းအဝယ်၊ ရပ်ကွ လူမှုရေးက,အစ ကြီးကြီးဒေါ်ထားမေက ရှေ့က ဦးဆောင်ရစ ဒါကြောင့် အလှူမင်္ဂလာ ပွဲနေ့ပွဲထိုင် ကိစ္စများမှာလည်း ကြီးကြီး ရှေ့ဆောင် လုပ်ကိုင်ဆောင်ရွက်ပေးမြဲ ဖြစ်သည်။ ဦးပိုက်သ ဖဝိုင်းတစ်ခုတွင်ပဲ စွဲစွဲမြဲမြဲ ထိုင်တတ်၍ ဤဦးပိုက်မှာ ဒေါ်ထား ၏ အဆောင်အယောင် လင်းသားအဖြစ် ရှိနေတော့သည်။



သမင့် ဒေါ်ထားမေက ဦးပိုက်ကို ရှိသေ၍လား မသိ၊ ရပ်ရွာ ကလည်း ဒေါ်ထားမေကို ရှိသေသည်။ ဦးပိုက် ဂုဏ်သရေရှိရှိ စားနိုင်အောင် အိမ်မှာပင် ဝိုင်းလုပ်ကာ ကစားဖော် ကစား က်များကို ဒေါ်ထားမေက ရှာပေးသည်။

ယခု သူ့ကိစ္စမှာလည်း တစ်ရပ်ကွက်လုံးက ရှိသေလေးစား သော ဒေါ်ထားမေ၏စကားကို သူ ငြင်းပယ်စရာမရှိ။ တကယ် တော့ ငြင်းပယ်ဖို့လည်းမလို။ ဟိုခေတ်က သူတို့ရွာနေ နယ်ပိုင် ုံးစိုက်ရာ မြို့လေးမှာ ဘီးလစ်စာရေးကြီး ဆိုသည်မှာ နည်းသည့် ာထူးမှ မဟုတ်။ ပြီးတော့ စာရေးကြီးဘက်ကပင် ဒေါ်ထားမေကို ေလွှတ်ခါ နားဖောက်စေခြင်း ဖြစ်သည်။

"မိန်းကလေးရှင်က ပေးစားချင်တယ်ဆိုတော့ မကြည်မြင့် က်မှာ ဂုဏ်ရှိပါတယ်၊ ပြီးတော့ မိန်းကလေးကြည့်ရတာ သေ သဝပ်ဝပ် နေတတ်ပါတယ်၊ တချို့ မိန်းကလေးတွေလို အုပ် ိန်းရ ခက်လို့ လင်ပေးစားရတာမျိုး မဟုတ်ဘူး၊ ကိုဘကြည်က သူ့လက်အောက်မှာ မောင်တင်မောင် လုပ်လာတာ ၃ နှစ်ရှိပြီ၊ င့်သားအလုပ်အကိုင်ကို စောင့်ကြည့်ရင်း သဘောကျလို့ ပေးစား ချင်တာပါတဲ့၊ မကြည်မြင့် စဉ်းစားပြီး အကြောင်းပြန်ပါ၊ မောင် တင်မောင်ကိုလည်း ပြောပြ၊ ဖယားရှုပ်စရာ မိန်းကလေးအမေ ည်း မရှိတော့ဘူး၊ အဖေတစ်ခု သမီးတစ်ခု ဖြစ်နေတယ်၊ ားလုံး စဉ်းစားပြီးပြီဆိုရင် မိန်းကလေးရှင် ဂုဏ်ရှိအောင် ကျ

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပြီး မကြည်မြင့်နဲ့အတူ ကိုဘကြည်ဆီကို သွားရောက် ဆောင်းရမှာပေါ့၊ မကြည်မြင့် စဉ်းစားပါ"

ဒေါ်ထားမေက သူ့ကို စကားလာဆိုသွားသည်။ ဒါကြောင့် အိပ်မက်မဟုတ်၊ တကယ် ဆောင်ရွက်ရမည့် ကိစ္စ ဖြစ်သည်။ တစ်ခုက သူသည် ခင်ပွန်းဖြစ်သူ ဦးရွှေမောင် ရှိစဉ်ကတည်းက ထီး၊ ဖိနပ်၊ အလှပစ္စည်းများကို ဆိုင်ဖွင့်ခါ ဈေးထဲမှာ ရောင်း ချခဲ့သည်။ ဦးရွှေမောင်က သင်္ဘောစာရေးဆိုတော့ သူတို့နှစ်ယောက် မြို့အရှေ့ပိုင်းမှာ သွပ်မိုး၊ ပျဉ်ထောင်အိမ်ပိုင်နှင့် တင့်တောင့်တင့် တယ် နေနိုင်ခဲ့သည်။

ကိုရွှေမောင် နေမကောင်း၍ အလုပ်က ခွင့်ယူခဲ့သည်။ လေဖြတ်ရောဂါဆိုတော့ နောက်ဆုံး အလုပ်က ထွက်လိုက်ရသည်။ ကိုရွှေမောင်ကို ကုရသောနှစ် ကြာရှည်လာတော့ သူ စုထားသမျှ ကုန်လာသည်။

ဆိုင်က ထီး၊ ဖိနပ် မရောင်းနိုင်တော့ဘဲ အလှကုန်ပစ္စည်းပဲ ရှိသည်။ အလှပစ္စည်းဆို၍လည်း ကုလားစတိုးဆိုင်များလို ထို ခေတ်က ခေတ်စားသည့် အီဗနင်းပဲရစ်၊ ကိုတီးမွှန်ပီတာမွှန်းစ် စသော ပေါင်ဒါ၊ ရေမွှေးများ၊ ဖဲကြိုးများ၊ ကလစ်များကို ရောင်း နိုင်သည် မဟုတ်။ မြန်မာလုပ် မကြေညာ မျက်နှာချေ၊ စလောင်းဖုံ မျက်နှာချေခဲ၊ တရုတ်ဆံနှင့်ခဲ စသည်တို့နှင့် ဝါးဘီး၊ လိပ်ခွံဘီး၊ သစ်သားဘီး၊ ဘီးစိပ် စသည်တို့သာ ရောင်းနိုင်တော့သည်။ ထို



တ်က ဆံပင်ရှည်ထား၍ ဘီးနှင့်ပတ်သောခေတ်ဖြစ်၍ အပျို ွက,အစ မိန်းမတိုင်း ဘီးကို ဆံပင်ပတ်ဖို့သုံးရသည်။

ကိုရွှေမောင်ဆုံးတော့ သားကြီး ၅ နှစ်၊ သားငယ်က ၃ နှစ် ရွယ် ရှိသေးသည်။ သူ့ဆိုင်ကို ကြိုးစားရောင်းရင်း သားကြီး င်တင်မောင်က ၁၀ တန်းအောင်ခဲ့သည်။ သားငယ်က ၈ တန်းမှာ သင်ဆဲ ဖြစ်သည်။ သားကြီးကို တက္ကသိုလ်တက်စေချင်ပေမင့် မတတ်နိုင်။ သားကြီး၏ ဦးလေးတစ်ယောက်၏အကူအညီနှင့် လစ်ရုံးတွင် အကူစာရေးလုပ်ရာမှ အမြဲတမ်းအောက်တန်းစာရေး လာသည်။

သူ့လို ချောက်တီးချောက်ချက် ကုန်အသေးစား ဆိုင် ှင်သား စာရေးလေးတစ်ယောက်နှင့် ဘီးလစ်စာရေးကြီးသမီး ပေးစားရမည်ဆိုတော့ သူ ဝမ်းသာပေမင့် စိတ်ကလည်း မဝံ့ ရှိလှသည်။

သားကြီးကို တိုင်ပင်တော့ ပင်ကိုရိုးသူပီပီ "မေမေ့သဘော ဟု ဆိုသည်။

သားငယ်ကတော့ စိတ်က ခပ်ထက်ထက်။ စကားပြော ်း တိုတောင်းသည်။ သားကြီးလို ၁၀ တန်း နှစ်ချင်းမအောင်။ ှစ်ဆက်တိုက်ကျ၍ အပြင်က အလွတ်ဖြေရသည်။

"အင်းပေါ့လေ၊ ကိုကိုက ဘီးလစ်စာရေးကြီးသမက် ဖြစ် ာပေါ့"ဟု ခပ်ထေ့ထေ့ ဆိုသည်။ ဘာမှတော့ မပြော။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ အေးဆေးသော သားကြီးကို တင့်တောင့်တ
ဘယ် မိန်းမပေးစားချင်ပါသည်။ မိန်းကလေးရှင်ဘက်က မင်္ဂလာ
ပွဲအတွက် အကုန်အကျခံမည်ဆိုပေမင့် သူ့သား မျက်နှာမငေ
စေချင်။ မိန်းကလေးကိုလည်း ဂုဏ်ရှိအောင် အိပ်ရာခမ်းနား
သတို့သမီးဝတ်စုံ သူ့ဘက်ကတာဝန်ယူပါမည်ဟု ပြောလိုက်သည်

ပြဿနာက ဒီတော့မှ စ,သည်။

ဒေါ်ကြည်မြင့်က သူ ငွေကြေးလှည့်နေကျ ဦးလှထွန်း
ဒေါ်စန်းဂန်းတို့ထံ သွားရောက်၍ သူ့အိမ်ကို ပေါင်လိုက်သည်
ဦးလှထွန်းတို့ကလည်း အတိုးနည်းနည်းယူကာ ဘယ်လော
ကြာကြာ ပစ္စည်းကိုမသိမ်း၊ ရွေးယူနိုင်သောနေ့ကျမှ ရွေးယူ
ပြုသည်။

ထိုငွေနှင့် သားမင်္ဂလာပွဲကို တင့်တောင့်တင့်တယ် ဖြစ်
ပါသည်။ ဒေါ်ထားမေကလည်း အစစ ကူညီပါသည်။

သားကြီးမောင်တင်မောင်ကို အခန်းအပ်ပြီး အိမ်ပြန်
တော့မှ ဒေါ်ကြည်မြင့်မှာ ပြဿနာတက်ရသည်။ ပြဿနာတ
သူက သားငယ် မောင်တင်အောင်။

ညနေစောင်း သူ ထမင်းစားပြီးမှ မောင်တင်အောင်
လာသည်။ မျက်နှာက မသာမယာ။ သူက ဆီးကြိုနှုတ်ဆက်သည်

"သား ထမင်းစားတော့မလား၊ မေမေ ဆာလို့ စား
တယ်"



မောင်တင်အောင်က အိမ်ရှေ့ခန်း ကုလားထိုင်တွင် ထိုင်ရင်း
အေကို မျက်နှာကျောတင်းတင်းနှင့် ကြည့်နေသည်။

"မေမေ လုပ်ပုံက ဘယ်လိုလဲ၊ ကိုကို့မင်္ဂလာဆောင်အတွက်
မ်တောင်ပေါင်ပေးရတယ်၊ ပြီးတော့ သွားပေါင်တာ ဦးလှထွန်း
မှာ"

ဒေါ်ကြည်မြင့်က သဘောမပေါက်။

"အဲဒါ ဘာဖြစ်လဲ သား၊ ဘာပဲဖြစ်ဖြစ် တို့မြန်မာထုံးစံ
န်ကလေးကို ဂုဏ်ပြုရတာပဲ၊ သားကြီးလည်း မျက်နှာမငယ်ဘူး၊
တို့သားကို ရောင်းစားသလို လုပ်တာမှမဟုတ်ဘဲ"

"တခြားလူတွေ ရှိသားနဲ့ ဒီဦးလှထွန်းဆီကမှ ယူရလား"

"ဦးလှထွန်းက ဘာဖြစ်လို့လဲ၊ မေမေတို့ သားကို ကျောင်း
ားလာခဲ့ရတာ ငွေလိုရင် သူတို့ဆီကပဲ ချေးရတယ်၊ အတိုးနည်း
ယ်၊ အပေါင်ပစ္စည်းထားရင် ငွေလွယ်မှရွေး၊ အပေါင်းဆုံးတယ်လို့
ရှိဘူး၊ ဒါကြောင့်ထားတာ၊ အဲဒါနဲ့ သားက မျက်စိမျက်နှာပျက်
ဖြစ်ရတာတုံး"

မောင်တင်အောင်က အမေ့ စကားကို ကျေနပ်ပုံမပေါ်။
ိုင်ရာမှထကာ အိမ်ရှေ့ခန်းမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်
င်း ဒေါနှင့်မောနှင့် စကားပြောတော့သည်။

"မေမေနဲ့ ဦးလှထွန်းအကြောင်း မသိဘူး အောက်မေ့လို့
ား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

ဒေါ်ကြည်မြင့်က ထောင်းခနဲ ဒေါသထွက်သွားသည်။

"ဦးလှထွန်းကို ဆက်ဆံနေတာ အရပ်ကလည်း ပြော[illegible] တယ်၊ မေမေနဲ့ဦးလှထွန်းက ငယ်ရည်းစား၊ အခုလည်း အဆ[illegible] မပြတ်ဘူး၊ ဒါကြောင့် ဦးလှထွန်းက အတိုးနည်းနည်း ယူတ[illegible] မေမေ သိရဲ့လား၊ မေမေ့သားကြီး မင်္ဂလာဆောင် ဂုဏ်တ[illegible] သလောက် ကျွန်တော် ရှက်တယ်"

"မောင်တင်အောင်..."

ဒေါ်ကြည်မြင့်က အသံမာမာနှင့် ခေါ်လိုက်သည်။

"မင်း ဒီလို လမ်းလျှောက်စကားပြောစရာမလိုဘူး၊ မေ[illegible] ရှေ့မှာ ထိုင်"

ဒေါ်ကြည်မြင့် ဒေါသထွက်လာမှန်းသိ၍ မောင်တင်အော[illegible] ကုလားထိုင်ရှေ့မှာ ထိုင်လိုက်သည်။

"မေမေ ပြောပြမယ်၊ မေမေ မင်းတို့ လူလားမမြောက်ခ[illegible] အသက် ၂၅ နှစ်မှာ မုဆိုးမဖြစ်ခဲ့ရတယ်၊ ဦးလှထွန်းနဲ့မေမေ[illegible] ငယ်ရည်းစား ဟုတ်တယ်၊ မိဘတွေ သဘောမတူလို့ မယူရဘူ[illegible] အခုအိမ်ထောင်ကိုယ်စီကျပြီး အလုပ်အကိုင်တွေနဲ့ ဖြစ်နေပြီ၊ သ[illegible] ပြောသလို မေမေ လင်လိုချင်ရင် အဲဒီဦးလှထွန်းလို မလွတ်မလ[illegible] ယူဖို့မလိုဘူး၊ လူလွတ်လူပျိုကြီးတွေ၊ မုဆိုးဖိုတွေ မေမေ့ကို [illegible] ချင်လို့ လာတောင်းတာ၊ မေမေ ဘယ်သူ့ကိုမှ မယူဘူး၊ တို့န[illegible]

ယောက် ဆက်ဆံတာ ရိုးရိုးသားသားပဲ၊ အခုလည်း ဒီငွေချေးတာ ဦးလှထွန်းတစ်ယောက်တည်းက တိတ်တိတ်ပုန်းပေးတာ မဟုတ်၊ သူ့မိန်းမ မစန်းစန်းဆီမှာ လက်မှတ်ထိုးပြီး ငွေ ယူလာခဲ့တာ၊ ဒီငွေကိုလည်း သားကြီးက သူ့လခထဲက လစဉ်ဖဲ့ပြီး ဆပ်သွားမယ် ဆိုတာကို မစန်းစန်းက လက်ခံတယ်၊ ဒီမှာ...သား"

ဒေါ်ကြည်မြင့်က ခပ်ဝေါက်ဝေါက် ခေါ်လိုက်သည်။

"မင်းတို့ ဖေဖေ ကွယ်လွန်ကတည်းက သားနှစ်ယောက်ကို ပညာအပြည့်အစုံပေးပြီး ကျောင်းထားခဲ့တယ်၊ မင်းပဲ ၁၀ တန်း မအောင်တာ၊ မေမေ့မျက်နှာကို သေသေချာချာ ကြည့်ထားစမ်းပါ၊ မရိုးမသား ဘယ်တော့မှ လုပ်တဲ့ မိန်းမ/မဟုတ်ဘူး၊ အရပ်က မေမေ့ကို ဘယ်လိုပြောပြော မေမေ့ဘက်က မှန်ရင် ဂရုမစိုက်ဘူး၊ ကုန်သည်ဆိုတာ အရင်းအနှီး ပျောက်မတတ် ဖြစ်သွားတော့ ငွေချေးပြီး ပြန်ထူထောင်ရတာပဲ၊ ဒါကြောင့် မေမေ့ဆိုင် ပြန်မတ်လာတာ၊ အေး တစ်ကမ္ဘာလုံး ပြောကြပေစေ၊ မေမေ ဂရုမစိုက်ဘူး၊ သားပါးစပ်က မေမေ့ကို မရိုမသေ စွပ်စွဲတာတော့ မေမေ သိပ်ဝမ်းနည်းတယ်၊ မင်းတို့နှစ်ယောက်ကို ရိုးရိုးသားသား ရှာဖွေကျွေးတဲ့ မိန်းမဆိုတာ မှတ်ထား၊ နောင် မင်းဒီစကားကို ဘယ်တော့မှ မပြောပါနဲ့"

မောင်တင်အောင်က သူ့စကားအဆုံးတွင် ထိုင်ရာမှထကာ အိမ်ပြင်ထွက်သွားပါသည်။ သူသည် လိုက်မခေါ်။ အံကြိတ်၍

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ ဦးရွှေမောင် ကွယ်လွန်ကတည်းက အိမ်တစ်လုံးက လွဲ၍ ခြေချည်းလက်ချည်း ကျန်ရစ်ခဲ့သောဘဝမှာ ဒီဆိုင်လေးကို အရှင်းမပြုတ်အောင် ကြိုးစား၍ သားနှစ်ယောက်ကို မွေးမြူလာခဲ့သော သူ့ကို ယခု သူ့သားက စွပ်စွဲစကားပြောသွားသည်။ သူ ယခုမှ ဝမ်းနည်းလာသည်။ မျက်ရည်ပေါက်ပေါက်ကျလာသည်။

ထိုညမှာ သားကြီးသည် မင်္ဂလာဦးညကို နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစွာ ဆင်နွှဲနိုင်ပါစေဟု သူ ဆုတောင်းမိသည်။

* * *

(၂)

တစ်ညလုံး သားငယ်မောင်တင်အောင် ပြန်မလာပါ။ စိတ်မကောင်းဖြစ်ပေမင့် သူဘယ်သူ့မှ မပြော။ အနားယူသည့်အနေနှင့် နောက်နေ့မှာ ဆိုင်ပိတ်ထားကာ ဈေးမသွားဘဲ နေလိုက်သည်။

နေ့လယ်မှာ သားကြီးနှင့် အေးအေးမူတို့က သူ့ကို လာကန်တော့သည်။ သူသည် ဆုများပေးရင်း မျက်ရည်ကို ထိန်းထားသည်။ အမှန်တော့ သားကြီးတို့ ဇနီးမောင်နှံ လာကန်တော့သည်ကို မြင်ရချိန်တွင် ဝမ်းသာအားရ သူ့မျက်နှာက ဖြစ်နေရမည်။ သို့သော် တစ်ဖက်က သားငယ်က ပြန်မလာရုံမက သူ့ကို ယိုးစွပ်ပြောဆိုသွားသည်ကို သတိရနေကာ မျက်နှာကို မနည်းထိန်း၍ ဣန္ဒြေရရ နေပြရသည်။

“ညီလေးရော မေမေ”



သားကြီးက မေးရှာသည်။

“အနောက်ပိုင်းက သူ့သူငယ်ချင်းဆီ ခဏသွားတယ်”

သူ ဒါလောက်ပဲ ဖြေလိုက်သည်။ သူ ချကျွေးသော လက်ဖက်နှင့် ရေနွေးကြမ်းကို စားရင်း ချွေးမဖြစ်သူက ပြောသည်။

“ကိုကိုက ပြောပါတယ်၊ သမီးကိုဂုဏ်ပြုတဲ့အနေနဲ့ မေမေက အိမ်ကိုပေါင်ပြီး အိပ်ရာခမ်းနားရော၊ သတို့သမီးဝတ်စုံရော လက်ဖွဲ့တာတဲ့၊ ဒီအတွက် သမီး မေမေ့ကို ကျေးဇူးတင်ပါတယ်၊ အခု ဖေဖေ့အိမ်မှာ စားနေရတော့ သမီးတို့ ငွေပိုပါတယ်၊ လစဉ် ငွေဖွဲ့ဆပ်ပြီး မေမေအိမ်ကို ပြန်ရွေးနိုင်တဲ့အထိ သမီး ကြိုးစားပါမယ်”

ချွေးမက ဒီလိုပြောတော့ သူ ဝမ်းသာလိုက်တာ၊ မျက်ရည်များပင် လည်လာသည်။ သူ့ချွေးမလေး ရည်မွန်ရှာသား တော်တော်ကြာ စကားပြောပြီးမှ သားကြီးတို့ ဇနီးမောင်နှံ ပြန်ကြသည်။ သားကြီးသည် ပြန်သည့်အချိန်အထိ “ညီလေး မပြန်လာသေးဘူးလား” ဆိုသော စကားကိုသာ တမွှမွှ မေးသွားသည်။

သားငယ်က အမှန်တော့ ထိုနေ့ကစ၍ ပြန်မလာတော့ပါ။ သားကြီးနှင့်သားငယ် ငယ်စဉ်ကတည်းက စရိုက်မတူကြ။ ဟိုခေတ်က ကျောင်းဝတ်စုံ ဆင်တူ မဝတ်ကြရသေး။ ကျောင်းမှာ ဝတ်ဖို့ သားတစ်ယောက် ပုဆိုးသုံးထည်စီ ဝယ်ပေးသည်။ အိမ်မှာ အကြမ်းဝတ်ဖို့ သပ်သပ် ဝယ်ပေးထားသည်။ သားကြီးက

www.burmeseclassic.com

www.burmeseclassic.com



၇ တန်းရောက်ကတည်းက စာစောထ၊ စာကျက်၊ ၅ နာရီလောက်မှာ အမေနှင့်ညီအတွက် ထမင်းကြမ်းနှင့်ပဲပြုတ်ကြော်ဖြစ်ဖြစ် ပဲပြုတ်နံ့ပြားဖြစ်ဖြစ် လုပ်ထားသည်။ ထမင်းအိုးတစ်လုံးလည်း တည်ထားသည်။ ဒေါ်ကြည်မြင့် ဈေးသွားလျှင် ထမင်းချိုင့်ထည့်သွားဖို့ ညနေက ချက်ထားသောဟင်းကို နွှေးထားသည်။ သားငယ်က ၇ နာရီထိုးကာနီးမှ ထကာ ကမန်းကတန်း စားသောက်၍ ညီအစ်ကိုနှစ်ယောက် ကျောင်းသွားသည်။ နေ့လယ် မုန့်စားဆင်းချိန် သားကြီးက အိမ်ပြန်ထမင်းစား၍ သူ့မုန့်ဖိုး တစ်ပြားကို စု ထားသည်။ သားငယ်ကတော့ တစ်ပြားနှင့်မလောက်၊ အမေ့ဆီမှာ ၇ တန်းအောင်ကတည်းက မုန့်ဖိုးနှစ်ပြား တိုးတောင်းတတ်သည်။

ညနေ ၄ နာရီ ကျောင်းဆင်းချိန် သားကြီးက အိမ်ရောက်လျှင် ထမင်းအိုးတည်ထားသည်။ ငရုတ်၊ ကြက်သွန် တစ်ဆုံထောင်းထားသည်။ ဒေါ်ကြည်မြင့် ဆိုင်သိမ်းအပြန် ဝယ်လာသော သားငါး၊ ဟင်းသီးဟင်းရွက်များကို ကူချက်၍ပေးတတ်သည်။ ကျောင်းပိတ်ရက်မှာ တစ်အိမ်လုံး အဝတ်ကို သားကြီးက လျှော်သည်။

ငယ်ကတည်းက စရိုက်မတူလေတော့ သားကြီး ၁၀ တန်းတစ်နှစ်တည်း အောင်ချိန်မှာ သားငယ် မအောင်။ ယခုလည်း အိမ်က ထွက်သွားပြီ။ ဒေါ်ကြည်မြင့်သည် သားကြီးကို ဘာမှမပြောပေမင့်၊ သားကြီးက ဘယ်လိုနည်းနှင့်မှန်း မသိ၊ သားငယ်အကြောင်း သိသွားသည်။



"မေမေ ညမှာ အဖော်မရှိဘူး၊ အေးအေးမူတို့ ညီမဝမ်းကွဲလာထားပေးမယ်၊ ညီလေးကို ကျွန်တော် ကူရှာပေးပါ့မယ်"

သားကြီးက သူ့အတွက် အလိုက်တသိ စီစဉ်ပေးပါသည်။ သူကိုယ်တိုင်ကလည်း နီးစပ်ရာ အသိများမှတစ်ဆင့် သားငယ်ရှိမည်ထင်သည့် နေရာကို စုံစမ်းပေမင့် ဘာသတင်းမှ မရပါ။

သုံးလေးလ ကြာသွားပြီ။ အဖော်ကလေးမလေး မဝင်းရွှေကလည်း မဆိုးပါ။ ဒါပေမင့် သူ့မိခင် နေမကောင်း၍ ရွာကို ခေတ္တ ပြန်သွားသည်။

ဒီစတြိတ် မြို့နယ်တွေမှာ အိမ်နီးနားချင်းကအားကိုးရ၍ သူ မကြောက်ပါ။ တစ်ညက သူသည် တစ်ယောက်တည်း မှန်အိမ်နားမှာ ထိုင်ရင်း စာရင်းတွက်နေသည်။

ဖိနပ်ချွတ်တံခါးလေးကို ခေါက်သံကြားရသည်။ သူ တံခါးဖွင့်ဖို့ သံဆန်ကာကြားမှ ကြည့်လိုက်တော့ ဦးဘကြည်။ သူ၏ခမည်းခမက်။ မလာစဖူး၍ သူ အံ့အားသင့်ကာ တံခါးသွားဖွင့်ပေးသည်။

အိမ်ရှေ့ခန်းလေးက ကုလားထိုင်မှာ နေရာပေးလိုက်သည်။

"ဦးဘကြည် အထူးကိစ္စရှိလို့လား"

သူက မေးလိုက်သည်။

"ကိစ္စရှိလို့မဟုတ်ဘူး၊ မကြည်မြင့် တစ်ယောက်တည်းဖြစ်နေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

ဒေါ်ကြည်မြင့်က ဦးဘကြည်စကားကို နားမလည်။

"မကြည်မြင့်ကသာ မသိတာ၊ ကိုယ်က မကြည်မြင့် သားကို အိမ်ထောင်ချပြီးကတည်းက ဘယ်လိုနေထိုင်သလဲ ဆိုတာ အမြဲ စုံစမ်းနေတာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ဒေါ်ကြည်မြင့်က ခပ်ကြောက်ကြောက် ဖြေလိုက်သည်။

"သားငယ် မောင်တင်အောင် အိမ်ကထွက်သွားတာလည်း ကိုယ်က အရင်သိတယ်၊ မောင်တင်အောင်က တယ်ရီးတာကိုး၊ ဘာမှ မသိဘူး၊ ဒါနဲ့ ကိုယ်က သမက်ကိုပြောပြပြီး ကိုယ့်တူမဝမ်းကွဲ မဝင်းရွှေကို ပို့ထားတာ"

သူ့ကို ဒီလို ဂရုစိုက်သည်ကိုတော့ တကယ်ကျေးဇူးတင်ပါသည်။ သို့သော် ယခုလို မလာစဖူး လာသည့်အကြောင်းကိုတော့ သူ သိချင်သည်။ သူ မေးဖို့ စကားလုံး ရှာလိုက်သည်။

"မဝင်းရွှေအမေ နေမကောင်းတာ ဘယ်လိုနေလဲ၊ သူ့ဆီက သတင်းရလို့ လာပြောတာလား"

သူက ဦးဘကြည် လာရင်းကိစ္စကို သွယ်ဝိုက် မေးလိုက်သည်။

"မဝင်းရွှေအမေက မသက်သာသေးပါဘူး၊ မကြည်မြင့် စိတ်မပူပါနဲ့၊ ကိုယ် အားလုံး စီစဉ်ပေးမယ်"



ဦးဘကြည်စကားက တစ်မျိုးကြီးဟု သူ ထင်သည်။

"မလိုပါဘူး ဦးဘကြည်၊ ကျွန်မ တစ်ယောက်တည်းနေရဲပါတယ်၊ မဝင်းရွှေ အမေ နေမကောင်းလည်း နေကောင်းတဲ့အထိ နေပါစေ၊ ကျွန်မအတွက် ဘာမှ စီစဉ်ပေးဖို့မလိုဘူး"

သူက ပါးစပ်က ချိုချိုပြောပေမင့် ရင်ထဲက ခါးခါးသီးသီး ငြင်းဆန်လိုက်သည်။ ဦးဘကြည်ကိုကြည့်ရတာ အသက်ငါးဆယ် ကျော်အရွယ်လောက် ရှိပေမင့် ထောင်ထောင်မောင်းမောင်း သန်သန်မာမာ ရှိနေဆဲ။

"မလိုဘူးဆိုတာ မဟုတ်ဘူးလေ၊ ကိုယ် ပြောခဲ့ပါပကော၊ မကြည်မြင့် အိမ်ကို လာမလည်ပေမဲ့ အဝေးက မကြည်မြင့် အတွက် အားလုံး စီစဉ်နေတာ၊ ကိုယ့်သမီးနဲ့ မင်းရဲ့သားကြီး လက်ထပ်ဖို့လည်း ကိုယ် စီစဉ်တာ၊ ကိုယ့်သမီး ဂုဏ်ရှိအောင် မကြည်မြင့် အိမ်ပေါင်ပြီး အိပ်ရာခင်းနား လက်ဖွဲ့တာက,အစ ကိုယ်သိတယ်၊ မကြည်မြင့်ရဲ့သဒ္ဓါတရား၊ စေတနာကိုရော သမက်ကိုလည်း လေးစားတဲ့အနေနဲ့ မကြည်မြင့်အိမ်ကို ပြန်ရွေးဖို့ အားလုံး စီစဉ်ပြီးပြီ၊ မနေ့က မောင်တင်မောင် အိမ်ရွေးပြီးလို့ ယူလာတဲ့ စာချုပ် ဒီမှာ..."

ဦးဘကြည်က အိမ်စာချုပ်ကို သူ့ကိုလှမ်းပေးသည်။ သူသည် အိမ်စာချုပ်ကို လှမ်းမယူ။ ဦးဘကြည်ကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ ဦးဘကြည် စားပွဲပေါ် စာချုပ်ကို တင်ထား

www.burmeseclassic.com



လိုက်သည်။

"ကျွန်မအိမ်ကို ကျွန်မသားကြီး ငွေနဲ့ပဲ ပြန်ရွေးပေးတာ လိုချင်တယ်၊ ဦးဘကြည် ရွေးပေးဖို့ မလိုပါဘူး"

သူ့စကားကြားတော့ ဦးဘကြည် မျက်နှာက ပြုံးလိုက်သည်။

"မကြည်မြင့်ကလည်း သူ့သားလိုပဲ ရိုးတာပဲနော်၊ ဒါကြောင့် သားကိုလည်း သဘောကျတယ်၊ အမေကိုလည်း သဘောကျတယ်၊ ဒီငွေကို သမီး မင်္ဂလာဆောင်လက်ဖွဲ့အနေနဲ့ ပေးလိုက်တော့ ဒီငွေနဲ့ သားကြီးက အိမ်ပြန်ရွေးပေးတာပါ၊ မကြည်မြင့်က မလိုပါဘူးတွေ ဘာတွေ မပြောပါနဲ့"

ဦးဘကြည်က ရှေ့စကားမဆက်သေးဘဲ ခေတ္တစဉ်းစားနေသည်။ သူသည် မျက်လွှာချကာ ဦးဘကြည်စကားကို နားထောင်နေသည်။

"မိန်းမသားတစ်ယောက်တည်း ဒီလိုနေလို့ ဘယ်ဖြစ်မလဲ"

ဦးဘကြည်စကားကြောင့် သူ ဖျတ်ခနဲ လှုပ်ရှားသွားရသည်။

"ဖြစ်လို့ပဲ သားတို့အဖေ ဆုံးကတည်းက တစ်ယောက်တည်း နေလာတာ အနှစ် ၂၀ နီးလာပါပြီ"

"အခု သားကြီးက အိမ်ခွဲသွားကြပြီ၊ သားငယ်ကလည်း ဘယ်သွားမှန်းမသိ၊ တစ်ယောက်တည်းနေဖို့ မကြည်မြင့်ကို ကိုယ် ဘယ်စိတ်ချနိုင်မလဲ"

မကြည်မြင့်ရင်ထဲမှာ ဒေါသတွေ တဝုန်းဝုန်းထလာသည်။



ဘကြည် ဆိုလိုချက်ကို သဘောပေါက်သွားပါပြီ။

"ကျွန်မ ဘဝကို ကျွန်မ စီစဉ်နိုင်ပါတယ်၊ ဦးဘကြည် စိတ်မချစရာ မလိုပါဘူး"

သူက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"မကြည်မြင့်ရယ်၊ မင်းက အသက်လေးဆယ်ကျော် ဆိုပေမင့် အင်မတန် နုပျို အရွယ်တင်နေပါသေးတယ်၊ မင်း မရိပ်မိဘူးလား၊ သားကြီးမောင်တင်မောင်နဲ့ ကိုယ့်သမီးကို ပေးစားတာ ဘာကြောင့်လဲဆိုတာ မရိပ်မိဘူးလား၊ သားထက် အမေကိုလိုချင်လို့ ကိုယ် နီးစပ်အောင် ကြိုးစားတာပါ၊ မင်းတစ်ယောက်တည်း ဘယ်လိုနေလို့တင့်တယ်မလဲ၊ အရွယ်ကလည်း ရှိသေးတယ်"

သူသည် မျက်နှာတွေနီရဲကာ ကတုန်ကယင် ဖြစ်လာသည်။ ဦးဘကြည်၏ ဒီယုန်မြင်၍ ဒီခြုံထွင်သော စိမ်ကိန်းထဲကို သူတို့ သားအမိ ဝင်တိုးမိသည်။

"ဒီမှာ အဲဒီမတင့်တယ်ဘူး ဆိုတာတွေ ဘာတွေက မိန်းမတွေကို နှိမ်တာ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်ရင်ရတာပဲ၊ သားတို့အဖေ ဆုံးတော့ ကျွန်မ အသက် ၂၅ နှစ်ပဲ ရှိသေးတယ်၊ တစ်ယောက်တည်း သားနှစ်ယောက်ကို ကျွေးမွေးလာတာပဲ၊ မတင့်တယ်တာ မရှိခဲ့ဘူး၊ ကျွန်မကို ဒီစကား လာမပြောပါနဲ့"

ဦးဘကြည်က လှုပ်ရှားမှုမရှိ၊ စကားပြော အေးဆေး၍ ဆက်လက်ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တစ်ခုပဲ သိချင်တယ်၊ ကိုယ့်ကိုငြင်းတာ မင်း စိတ်ထဲမှာ ကိုလှထွန်း ရှိနေတုန်းမို့လို့လား၊ ဒါတော့ ကိုယ် သိချင်တယ်"

"လာပြန်ပြီ ဒီစကား၊ သားငယ်လည်း ဒီစကားနဲ့ ကျွန်မကို စွပ်စွဲတယ်၊ မြဲမြဲမှတ်ထား ဦးဘကြည်၊ ကျွန်မ ကိုလှထွန်းကို တကယ် စွဲစွဲလမ်းလမ်း ချစ်ခဲ့တယ်၊ မိဘတွေက သဘောမတူလို့ ခွဲခဲ့ရပြီး ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေလာတည်းက ကျွန်မ စိတ်ကို ထိန်းခဲ့တယ်၊ ဦးရွှေမောင်အပေါ်မှာ ကျွန်မ သစ္စာမပျက်ခဲ့ဘူး အခုလည်း တကယ်လို့ ဦးလှထွန်းဇနီး မစန်းစန်း သေသွားတောင် ကျွန်မ ဦးလှထွန်းကို ပြန်မယူဘူးမှတ်ပါ၊ ဦးလှထွန်းကို မယူသလို ဦးဘကြည်ကိုလည်း ကျွန်မ မယူဘူး၊ ဦးဘကြည်ရဲ့ အစောင့်အရှောက်လည်း ကျွန်မ မလိုဘူးဆိုတာ မှတ်ပါ"

သူ့စကားဆုံးတော့ ဦးဘကြည်လုပ်ရပ်ကြောင့် သူ အံ့အားသင့်သွားသည်။

ဦးဘကြည်က မှန်အိမ်ကို မီးမှုတ်လိုက်ခါ သူ့ကုလားထိုင်နား ကပ်ခါ သူ့ပခုံးကို ကိုင်လိုက်သည်။

"မကြည်မြင့်ကို ဦးပိုက်တို့၊ ဒေါ်ထားမေတို့ကို ပြောပြီး ကိုယ် အတည်တကျ တောင်းယူမှာပါ၊ မကြည်မြင့် စဉ်းစားပါ"

ပြောပြောဆိုဆို ဦးဘကြည်က သူ့ကိုယ်ကို ဆွဲအယူတွင် သူက ရုန်းကန်အော်ဟစ်နေသည်။ ဦးဘကြည်က သန်မာသော



လက်နှင့် သူ့ပခုံးကို ဆုပ်ကိုင်ကာ ဘာတွေပြောနေမှန်းမသိ။

"ခင်ဗျားကြီး လူပါးဝလို့ ဘာလာလုပ်တာလဲ"

သားငယ်အသံ သူကြားလိုက်ပြီး သူ့ပခုံး ဦးဘကြည်လက်မှ လွတ်သွားသည်နှင့်တစ်ပြိုင်နက် သူ အရှိန်နှင့် ကုလားထိုင်ပေါ် ထိုင်လျက်ကျသွားသည်။ သူ ရုတ်တရက် သတိမေ့သလို ဖြစ်သွားသည်။ သူ သတိရ၍ ကြည့်လိုက်တော့ အိမ်နီးနားချင်းများ နီးအိမ်တွေကိုင်၍ သူ့အိမ်ရှေ့ခန်း ရောက်နေသည်။ ဦးဘကြည်က ခါးပန်းပေါ်မှာ ခေါင်းတင်ကာ သွေးတွေနှင့်လဲနေသည်။

တစ်ယောက်က သွေးစမ်းကြည့်ရင်း အသက်မရှိတော့ဘူးဟု ဆိုသည်။

"ဒီကောင်ကြီးကို ဆေးရုံပို့လိုက်ဗျာ၊ ကျွန်တော် ဂတ်ကို သွားပြီး အကြောင်းကြားမယ်၊ ကျွန်တော် ဦးဘကြည်ကို သတ်တယ်လို့"

"သားငယ်..."

ဒီတော့ ဒေါ်ကြည်မြင့်က သားကို ပြေးဖက်သည်။

"သားတစ်ယောက်တည်း မသွားရဘူး၊ မေမေပါ ဂတ်တဲ လိုက်မယ်"

သားငယ်က သူ့ကို ယုယစွာ ဖက်ထားလိုက်သည်။

"မေမေတို့ စကားပြောနေတာ သားအိမ်ပြင်က နားထောင်နေတယ်၊ မီးခွက်မှုတ်လိုက်တော့မှ သား စိုးရိမ်ပြီး ဝင်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



သားငယ်က ရှင်းပြသည်။

ဦးဘကြည်၏ ဦးနှောက်ထဲ သွေးစိမ့်ဝင်ကာ ဆုံးသွားသ
သားငယ် မောင်တင်အောင်ကို လူသတ်မှုနှင့် ဖွဲ့ချက်တင်ပေ
မောင်တင်အောင်က လက်နက်တစ်စုံတစ်ရာနှင့် သတ်သည်မဟု
သတ်ရန်လည်း မရည်ရွယ်၊ လက်သီးနှင့်ထိုးရာမှ အိမ်ခါးပန်း
လဲကျကာ နောက်စေ့နှင့် ဆောင့်မိ၍ ဦးခေါင်းခွဲကွဲသွားသ
ဒဏ်ရာနှင့် ဦးနှောက်ထဲ သွေးစိမ့်ယိုကာ သေဆုံးခြင်းဖြစ်သ
တရားသူကြီးကလည်း မိခင်ဖြစ်သူ အရှက်တကွဲ အကျိုးန
ဖြစ်အောင် အကြမ်းဖက်ပြုမူသည်ကို သားဖြစ်သူက ကာကွယ်
ဖြစ်၍ သေဒဏ်မှ လျှော့ပေါ့ကာ ထောင်ခုနစ်နှစ် မောင်တင်အေ
ကို ချလိုက်သည်။

* * *

(၃)

"မစုရယ်၊ မစု မုဆိုးမဖြစ်တယ်ဆိုတာက အသက် ၄၅
မှာပါ၊ ဒေါ်ဒေါ်မြင့်မှာ အသက် ၂၅ နှစ်လောက်မှာလည်း မု
ဖြစ်ရ၊ သားနှစ်ယောက် ကျန်ရစ်ခဲ့လို့ ပညာပေးရ၊ ကျွေး
မစုက မစုခင်ပွန်းဆုံးချိန် သမီးလေးတစ်ယောက်တည်းက အ
တကျ လက်ထပ်ပေးပြီးပြီလေ၊ ဟုတ်တယ် မဟုတ်လား"

ကျွန်မ ထိုစဉ်က မဟာစည်သာသနာ့ရိပ်သာမှာ တ
အားထုတ်နေစဉ် တစ်မြို့တည်းနေသူ ဒေါ်ကြည်မြင့်နှင့် တွေ့



ခြင်းပါ။ ဒေါ်ကြည်မြင့်ကလည်း ပဲခူးနားက ရိပ်သာတစ်ခုမှာ နှစ်အတော်ကြာ တရားအားထုတ်နေပြီး ယခု မဟာစည်မှာ လာရောက် အားထုတ်စဉ် ကျွန်မနှင့် ဆုံရခြင်းဖြစ်သည်။ အနားယူချိန် သူ့အကြောင်း ကျွန်မကို ပြောပြပါသည်။

"ဘဝအကြောင်းတွေပေါ့ မစုရယ်၊ သားငယ်က ဒေါ်ဒေါ်မြင့် အပေါ် အမြင်မှန်ရတာပဲ ဒေါ်ဒေါ် ကျေနပ်ပါတယ်၊ ဒါပေမင့် သားငယ်က အတော်ပေးဆပ်လိုက်ရတာပဲ၊ သားငယ် ထောင်ကျသွားကတည်းက အိမ်ကို သားငယ်နာမည်နဲ့ ပြောင်းထားပြီး အင်းစိန်နားမှာ ဒေါ်ဒေါ် လာနေတာ၊ သားငယ်ကို မှန်မှန်တွေ့ချင်လို့၊ သားငယ်လွတ်မှ ပဲခူးရိပ်သာသွားပြီး တရားအားထုတ်တာ၊ အခု မဟာစည်နည်းသိချင်လို့ လာရင်း မစုကိုတွေ့ရတာ၊ ဝမ်းသာပါတယ်ကွယ်၊ မုဆိုးမထဲမှာ မစု က အကောင်းဆုံးလို့ အောက်မေ့ပါ၊ ဒေါ်ဒေါ်မှာ ကိုယ်အနေမှန်ပါရက်နဲ့ အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်ရသေး၊ သားလည်း ထောင်ကျခံရသေးတယ်၊ ကဲ ဒေါ်ဒေါ်က ည ဉာဏ်စဉ်နားပြီးမှပဲ မစုကို စကားပြောရတော့တယ်၊ နောင် အားရင် ပဲခူးရိပ်သာကို လာလည်ပါ"

ကျွန်မက မွေးရပ်မြေက ထွက်လာတာ ကြာပြီဖြစ်၍ ဒေါ်ကြည်မြင့် အကြောင်းကို မသိခဲ့ပါ။

ဒေါ်ကြည်မြင့် ကျွန်မကို နှုတ်ဆက်၍ ကျွန်မတို့ ဇရပ်မှ ထွက်ခွာသွားသည်။ အသက် ၈၀ ကျော် ဆံပင်တွေ ဖွေးဖြူနေ

www.burmeseclassic.com

www.burmeseclassic.com



သည်က လွှဲ၍ သူ့မျက်နှာမှာ အသားဖြူဖြူနှင့် အေးအေးချမ်းချမ်း နိုနိုပြည့်ပြည့် ရှိပါသည်။ ပါးရေတွန့်နေသည့်ပင် ချစ်စရာကောင်းသလို ကျွန်မ ထင်မိပါသည်။

တရားရိပ်ကိုခိုလှုံမိ၍ အေးချမ်းနေသည်ထင်ပါရဲ့...။

* * *

ချမ်းမြေ့ရွှင်လန်းပါစေ—

[ချယ်ရီမဂ္ဂဇင်း(၇၇)၊ ဇွန်၊ ၂၀၀၁]

www.burmeseclassic.com

www.burmeseclassic.com



# မုဆိုးမပုံပြင် (၄)

www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးမပုံပြင်[၄]

(၁)

လူအိုနံ့ဆိုသည်ကို သတိပြုမိသူ ရှားမည်။ သက်ကြီးရွယ်အို လူနာများကို ပြုစုရသူ သူနာပြုဆရာမလေးများနှင့် မိမိ မိသားစုမှ ဘိုးဘွားတို့ကို ပြုစုရသောသူများသာ လူအိုနံ့ကို သတိပြုမိမည် ဖြစ်ပါသည်။

မခင်အိအဖို့လည်း လူအိုနံ့ကို အထူးတလည် သတိမထား မိ။ သူ့ဘကြီးတို့အိမ်ရောက်တော့ ၁၀ နှစ်သမီးပဲ ရှိသေးသည်။ သူ့ညီမ တင်အိက ၈ နှစ်။ မောင်အငယ်ဆုံး ဖြိုးသာက ၆ နှစ် အရွယ် ဖြစ်ကြသည်။

ဘကြီးမှန်းမှာ ဇနီးသည် ဒေါ်ရွှေခက်ရှိသည်။ ဘကြီးမှန်း၏ အခန်းပင်ဘက်မှ ဆန်စက်ကိုတော့ သားအကြီးဆုံး ဦးမြမောင်က



ဦးစီးသည်။ သမီးလတ် ခင်မေလှက အရာရှိ တစ်ယောက်နှင့် အိမ်ထောင်ကျ၍ နယ်ပြောင်းသွားရသည်။ သမီးအငယ်ဆုံး ခင် မေညွန့်ပဲ အိမ်မှာ ဘကြီးတို့နှင့် အတူရှိသည်။ သူက ဘကြီး၏ သားကြီးကို ကိုကိုကြီး၊ သမီးလတ်ကို မမကြီး၊ သမီးငယ်ကို မမလေးဟုပဲ ခေါ်သည်။

ရောက်စက သူငယ်သေးတော့ အိမ်၏သန့်ရှင်းရေး လုပ်ရ သည်။ အဝတ်လျှော်နည်းကို မမလေး သင်ပေးသည်။ မမလေး သည် အမေနှင့်အတူ မီးဖိုချောင်ဝင်ရ၍ အချက်အပြုတ်တတ်သည်။ ထိုစဉ်ကတော့ သူ၏မီးဖိုအလုပ်မှာ ရေတ်သီးထောင်း၊ ဟင်းရွက် သင်၊ ပန်းကန်ဆေးအလုပ်ပဲ ဖြစ်သည်။ ညဘက် သနပ်ခါးသွေး ရသည်။

ဘကြီးနှင့်အဘွား၏ အခန်းသို့ဝင်ကာ အဝတ်ဟောင်းများ ယူရသည်။ ဘကြီးတို့ခုတင်ကို ခြင်ထောင်မ ရှင်းလင်း၍ သန့် ရှင်းရေး လုပ်ပေးရသည်။ ထိုစဉ်တုန်းကလည်း အဝတ်များမှာ ဘကြီးအဝတ်များမှ ချွေးနံ့ရ၍ အဘွားအဝတ်တွေကတော့ အဘွား ကြီးပီပီ တောင်နံ့ကတိုး၊ နံ့သာဖြူ၊ ကရမက်တို့ကို လူးတတ်၍ နံ့သာနံ့တွေ မွှေးနေတတ်သည်။

သူ့မောင်လေးကို ကိုကြီးက ခေါ်ယူသွားပြီး အုန်းပင်ဘက် မှာ ကျောင်းထားပေးသည်။ အားလပ်ချိန်မှာ စက်ဝင်းထဲရှိ ကိုကို ကြီး အိမ်ကို ကူညီရသည်။ တင်အိကတော့ ကြမ်းတိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုအောက်ချလုပ်၍ ကျန်တာ သူလုပ်သမျှ လက်တိုလက်တောင်း ကူလုပ်ရသည်။ လေးပင်သုံးခန်း နှစ်ထပ်အိမ်ကြီးကို အထက်အောက် ကြမ်းတိုက်ရသည်ကလည်း ပင်ပန်းသား။

"လာခဲ့ သနပ်ခါးသွေးပြီးရင် အားပြီ၊ နင်တို့နှစ်ယောက် စာသင်ရမယ်၊ အခု ဖြိုးသာတောင် ကျောင်းတက်နေပြီ"

မမလေးက သူတို့ညီအစ်မနှစ်ယောက်ကို မအိပ်ခင် စာသင်ပေးသည်။ သူက ကြိုးစား၍ သင်ပါသည်။ တင်အိကတော့ ငိုက်နေသည်ကများ၍ ခဏခဏ မမလေးက ခေါင်းခေါက်သည်။

တစ်ခါတစ်ခါ သူ့ရွာ အညာကို သတိရပေမင့် လွမ်းစရာတော့ မရှိတော့။ အဖေတို့၊ အမေတို့ မရှိတော့ပြီဖြစ်၍ ဦးမြမောင်က သူတို့ မောင်နှမသုံးယောက်လုံးကို ခေါ်လာခဲ့ခြင်းဖြစ်သည်။ ဘကြီး၏ လယ်များသည် အညာစုမှာ ရှိသည်။ ဦးမြမောင်က သူ့ဖခင်၏ လယ်များကိုလည်း ဦးစီးရသည်။ ခင်အိ မိဘများသည် ဘကြီးတို့လယ်ကို လုပ်ရသောသူများဖြစ်သည်။

ရွာမှာတုန်းက အဝတ် အထူးမလျှော်ရ။ အဖေနှင့်အမေက လယ်တောမှပြန်လာလျှင် ရေမိုးချိုးရင်း သူတို့အဝတ် သူတို့လျှော်သည်။ အားလုံးပေါင်းမှ အဖေနှင့်အမေမှာလည်း နှစ်စုံလောက်ပဲ ရှိလေတော့ အဝတ်အထူးမလျှော်ရ။ အဖေတို့လယ်ထဲ ဟင်းပို့တော့လည်း အမေလုပ်ထားသော သုံးဦးစုပ်အရေကြိုငါးပိ၊ တို့စရာ၊ ထမင်းတို့ပဲ သူ ချက်ပြုတ်ပို့ခဲ့ရသည်။ အမေက သူ့ကို



နှစ်သမီးက ထမင်းချက်သင်ပေးခဲ့သည်။

တစ်ခါတစ်ရံ အဖေ လယ်ငါးခူရလာသောနေ့ဆို အမေက မီးကပ် ကိုယ်တိုင်ချက်သည်။ ငါးရံ့ပနောင်မီးဖုတ်နှင့် ဆူးပုပ်၊ ညွှန့် ဟင်းရွက်စုံ ဟင်းချို၊ ငါးပိရည်နှင့် သူတို့မိသားစု ထမင်းမြိန်သော နေ့ပါပင်တည်း။ ဒီလိုနေ့မျိုးက ကြုံခဲပါသည်။

ဘကြီးတို့အိမ်ရောက်တော့ နေ့တိုင်း အသားဟင်းနှင့်စားရပေမင့် အတိုင်းအတာနှင့် တစ်ယောက်တစ်ဖတ်စီပဲ စားရသည်။ ငါးပိရည်ကြိုနှင့် တို့စရာတော့ မမလေးက 'လိုသလောက် စားခွင့်ပြုသည်။

သူ ၁၅ နှစ်သမီး အပျိုပေါက်လှေ်ပြစ်လာတော့ မမလေး လက်ကျရလာပြီ။ ဟင်းကို အချိုးတကျ ချက်တတ်ပြီ။ မမလေးကလည်း သူ သင်ထား၍ ဒုတိယတန်းဖတ်စာကို ခင်အိ ဖတ်တတ်လာ၍ ကျေနပ်သည်။ ဝတ္ထုစာအုပ်၊ ပုံပြင်စာအုပ်များကို ပေးဖတ်သည်။ တစ်စတစ်စ ခင်အိ စာကို စိတ်ဝင်စားစွာ ဖတ်တတ်ပေမင့် ခင်အိ အလုပ်ကလည်းများသား။ တင်အိကတော့ ခပ်ပေပေ။ အိမ်သန့်ရှင်းရေးကို ကြိုးစားလုပ်ပါရဲ့။ သူငယ်တန်းဖတ်စာကိုတောင် မဖတ်ချင်။ အခေါက်ခံရလွန်း၍သာ သင်ရသည်။ 'ဘဦး ရေကူးနေသည်'က မတက်နိုင်ပါ။

အဘွား နေမကောင်းဖြစ်လာပြီ။

"ခင်အိကို ငါ့အနားမှာထား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေခက်က ခင်အိ အချိုးတကျ ပြုစုတတ်၍ ခင်အိပြုစုတာကိုပဲ ခံချင်သည်။ သူ ဒါကြောင့် အဘွားနားမှာ နေရသည်။ အဘွားကို ရေပတ်တိုက်ပေး၊ အမွှေးနံ့သာတွေ ကျဲကျဲလူးပေး၊ အစားအစာ ကျွေးမွေးပြီး၊ သိပ်ထားပြီးမှ မမလေးကို အိမ်မှုကူညီရသည်။

သာမန် အချိန်ထက် အဘွား မောလာလျှင် သနားစရာကောင်းသည်။ နိမ့်ချည်မြင့်ချည် ဖြစ်နေသော ရင်အုံနှင့် ပါးစပ်ဟကာ အသက်ရှူနေရသော အဘွားကို သူ မကြည့်ရက်။ အဘွားနေမကောင်းကတည်းက ဘကြီးနှင့် တစ်ခန်းစီအိပ်သော်လည်း အဘွား အသက်ရှူမကောင်းလျှင် ဘကြီးက အနားရောက်လာသည်။ မချိမဆန့် အသက်ရှူရလျှင် ဆရာဝန်ခေါ် ဆေးထိုးရသည်။ အဘွားရောဂါက ပန်းနာရင်ကျပ် ဆိုတော့ ဆေးမရှိ။ သက်သာရုံပဲ။ ပန်းနာထလာရင်တော့ အဘွားခံစားရသည်မှာ သနားစရာကောင်းသည်။

အဘွားရောဂါ သုံးနှစ်လောက် ကြာလာပြီ။ ခင်အိ ဘကြီးအခန်း သန့်ရှင်းရေးလုပ်ပြီး အဘွားအခန်းဝင်လာတော့ အဘွားနှင့် ဘကြီး စကားပြောနေသည်ကို တစ်စွန်းတစ်စ ကြားရသည်။

"ကျွန်မ မသေခင် စိတ်ချသွားချင်တယ်"

ဘကြီးက ဘာပြောသည်မသိ၊ အဘွားစကားကိုပဲ သူ ကြားလိုက်ရသည်။



နောက်လမှာတော့ မြောင်းမြမှ စက်သူဌေးသား ကိုစိန်ရွှေနှင့် မမလေးကို လက်ထပ်ပေးစားကြသည်။

မမလေး မြောင်းမြလိုက်သွားတော့ သူတို့အိမ်ကြီး သေ့ခြောက်၍ ကျန်ရစ်သလို ခင်အိစိတ်ထဲ ခံစားရသည်။

တင်အိသည် ဗာဟီရ ကူလုပ်ပေမင့် မီးဖိုကို မျက်နှာမလွှဲရ။ ဒါကြောင့် နံနက်ဘက်မှာ အဘွားခေါက်စာနှင့် ဘကြီးကြိုက်တတ်သော ဟင်းများကို သူကိုယ်တိုင် ဝင်ချက်ရသည်။ မီးဖိုဦးစီးဖြစ်လာပြီပေါ့။ ပြီးမှ အဘွားအခန်းကိုပြေး၍ ပြုစုရသည်။ အဘွားကလည်း အရိုးပေါ်အရေတင်။

ရာသီဥတုပူလျှင် ဒီပန်းနာက ထတတ်သည်။ ကရမက်ကို သွေး၍ အဘွားရင်ဘတ်ပေါ် တင်ပေးရသည်။ အဘွားရင်ဘတ်ပေါ်မှ အရေပြားလေးများသည် လှုပ်လှုပ်လှုပ်လှုပ်နှင့် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

ကိုကိုကြီးက ဖြိုးသာကိုခေါ်၍ အုန်းပင်ဘက်မှ ကူးလာခါ အမေ့ကို ခဏခဏ လာကြည့်သည်။ ဖြိုးသာတောင် ချစ်စရာ၊ ထောင်ထောင်မောင်းမောင်း လုံ့ပျိုကြီး ဖြစ်လာပါပကော။ ၇ တန်းအောင်၍ စက်ထဲမှာ ကိုကိုကြီးက အလုပ်သွင်းပေးထားသည်။

တင်အိက ဖြိုးသာကို ထမင်းကျွေးနေစဉ် မောင်နှမ နှစ်ယောက်ကို ခင်အိက ကြည့်နေမိသည်။ တင်အိကလည်း အသားသိသည်။ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်နှင့် တစ်တစ်ရစ်ရစ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ အပျိုပေါက်လေး ဖြစ်လာပြီ။ သူတောင်မှ အသက် ၂၀ ထဲ ဝင်လာပြီ။ သူက တင်အိလို အသားမညို။ ဖြိုးသာလို ဖြူသည်။ နှာတံပိပိ၊ မျက်နှာဝိုင်းဝိုင်း။ အရိပ်ထဲမှာ အစဉ်နေရ၍ မျက်နှာက ဖြူနေသည်။ မောင်လေးနှင့်ညီမလေးကို ကြည့်ရင်း အဖေနှင့် အမေကို သတိရသည်။ အဖေတို့သည် တမလွန်ကို ကူးသာသွားကြသည်၊ သူတို့ မောင်နှမသုံးယောက်ကို စိတ်မချ။ အခုတော့ ဘကြီးနှင့် ဘကြီးသား ဦးမြမောင်ကျေးဇူးကြောင့် သူတို့မောင်နှမသုံးယောက် လူတစ်လုံးသူတစ်လုံး ဖြစ်လာပြီ။ တောရုပ်တောချည်တောင် မရှိတော့ပါ။

"ခင်အိရေ၊ ဖြိုးသာ ထမင်းစားပြီး ငါတို့ပြန်မယ်၊ အဖေ့ အခြေအနေ ထူးရင် စံသာကို အမြန်လွှတ်လိုက်နော်၊ ငါတော့ ခင်မေညွှန့်ကိုတောင်ခေါ်ထားချင်တယ်၊ ခင်မေလှကတော့ မန္တလေးမှာ ဆိုတော့ ဝေးတယ်၊ လာတော့လာမှာပဲလေ၊ ငါ ခေါ်ချင်တယ်"

ကိုကိုကြီးက သူ့ကို တိုင်ပင်သည်။ သူသည် အိမ်မှာ ကိုကိုကြီး၏ တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်လာပြီပဲ။ အဘွား အခြေအနေကလည်း တစ်နေ့တခြား ဆိုးလာပြီ။ ကိုကိုကြီးဇနီး ဒေါ်မြမြက ခဏတဖြုတ်တော့ အဘွားကိုလာကြည့်နိုင်သည်။ ကြာကြာတော့ မနေပါ။ သူ့မှာလည်း အုန်းပင်ဘက်ကမ်း အိမ်က ရှိသေးသည်။ သားနှစ်ယောက်နှင့် သမီးတစ်ယောက်ကလည်း လက်မလွှတ်ရသေး။ မမလေး လာလျှင် ကောင်းသည်။ မမလေးက



ဆူစရာရှိ ဆူ၊ ခေါက်စရာရှိ ခေါက်ပေမင့် သူတို့အပေါ် ဂရုစိုက်သည်။

"မမလေးကို ခေါ်လိုက်ရင် ကောင်းပါတယ်"

သူက ကိုကိုကြီး အစီအစဉ်ကို ထောက်ခံလိုက်သည်။ မမလေးမှာလည်း သမီးဦးလေး ရနေပြီ။

ဖြစ်ချင်တော့ မမလေးမလာခင် တစ်ပတ်က တင်အိ လင်နောက် လိုက်ပြေးသည်။ မတတ်နိုင်တော့။ ဘကြီးက မဆူပေမင့် တင်အိ အိမ်လည်လာသည်ကို လက်မခံပါ။ ဘကြီး ပေးကမ်း ကျွေးမွေးထားသော ဘုရားနားအိမ်က ကိုစံသာကိုပဲ အရေးအကြောင်းရှိ အုန်းပင်ဘက် လွှတ်ရသည်။

မမလေး ရောက်လာတော့ သူ ဝမ်းသာသည်။ အားတက်သွားသည်။ တင်အိက မမလေး ချေးလာသည့်အခါ ဘကြီး မသိအောင် ခိုးတွေ့သည်။

"တင်အိရယ် လင်ယူတာ အပြစ်မရှိပါဘူး၊ မမလေးတို့အိမ်မှာ ဘယ်သူမရှိ၊ အမေကလည်း အသည်းအသန် ဖြစ်နေချိန်မှာမှ နင် ခင်အိကို ထားရစ်ပြီး လင်ယူရက်တယ်"

မမလေးက ဆူတော့ဆူသည်။ တင်အိ သုံးဖို့ ငွေနည်းနည်းပေးခဲ့သည်။ တစ်ပတ်ကြာတော့ မမကြီးပါ မန္တလေးမှ ရောက်လာချိန်တွင် အဘွားဆုံးသွားခဲ့သည်။ မမကြီးက အသက်မီရုံပါပဲ။

အဘွားဈာပနကို တင်အိလာတော့ ဘကြီးက လက်ခံပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မမကြီးကတော့ တစ်ပတ်အတွင်း ပြန်ချင်ပေမယ့် မသင့်၍ ဆက်နေပေးသည်။ မမလေးကတော့ မြောင်းမြနှင့် ကျုံမငေးဆေးတာ မဟုတ်လေတော့ ပြန်စကား မပြောသေး။ ကိုကိုကြီးက ရက်လည်ပြီးမှ ခဏတဖြုတ် ဆန်စက်ကို ပြန်ကြည့်သည်။

ခင်အိအတွက်တော့ ဘာလုပ်ရမှန်း မသိ။ ခုမှ အဘွားမရှိတော့သည်မှာ သူ့အတွက် မိုးပြိုသလိုပါပဲ။ အမေတို့၊ အဖေတို့မရှိတော့ ကိုကိုကြီးက သူတို့မောင်နှမသုံးယောက်ကို ခေါ်လာ၍ ဘကြီးနှင့်အဘွား အရိပ်ကို ခိုရသည်။ ခု အဘွား မရှိတော့ပြီ။ မမကြီး၊ မမလေးတို့ကလည်း အချိန်တန် ပြန်ကြမည်။ ကိုကိုကြီးက ကူးလိုက်သန်းလိုက် နေမှာပါပဲ။

သူသည် မီးဖိုကပြင်မှာ ထိုင်ခါ တစ်ယောက်တည်း ယခုမှ လှိုက်လှိုက်လှဲလှဲ ငိုမိသည်။ မမလေးကတော့ လျှစ်လျူမရှုတတ်။ သူ့ဘဝကို စီစဉ်ပေးမှာပါပဲဟုလည်း တွေးမိသည်။

* * *

(၂)

"ခင်မေလှ၊ ခင်မေညွန့်၊ နှင်းတို့မပြန်ခင် ကိုကို ပြောစရာရှိတယ်"

နှမများကို ဦးမြမောင်က စကားစသည်။ ဒေါ်ခင်မေလှကတော့ မကြာခင် ပြန်ရမည်။ သူတို့အစ်ကိုအကြီးဆုံးကတော့ အမွေစကားပဲ ပြောမည် သူထင်သည်။ သူတို့ညီအစ်မ လက်ထပ်တော့ လက်ဝတ်လက်စား စိန်တစ်ဆင်စာစီ ပေးပြီးဖြစ်သည်။ ဆန်စက်ကို ဦးမြမောင် ဦးစီးနေပြီဖြစ်သည်။ အမေ့ရွှေများနှင့် လယ်တွေကို ဦးမြမောင် တစ်ခုခုလုပ်ချင်၍ သူတို့မပြန်ခင် တိုင်ပင်ခြင်း ဖြစ်နိုင်သည်ဟု ဒေါ်ခင်မေလှက တွေးသည်။



"ကိုကို ဘာပြောချင်လဲ"

ခင်မေညွန့်က မေးသည်။

"အမေလည်း ဆုံးသွားပြီ၊ နှင်တို့နှစ်ယောက်လည်း ပြန်မှာ၊ ငါက အနန်းပင်ဘက်ကမ်းမှာ နေတာလည်း တစ်ကြောင်း၊ ဆန်စက်နဲ့ အဖေ့စပါးစီ(စပါးကျီ)တွေ ကြည့်နေရတော့ ကျုံမငေးဘက်ကို ခဏတဖြုတ်ပဲ ကူးနိုင်တာ"

ဦးမြမောင်စကားက အမွေပစ္စည်းဘက် ဦးမတည်။

"အဲဒီတော့ ကိုကို ဘာလုပ်ချင်လဲ"

ခင်မေလှက မေးသည်။

"အဖေ့ကို ပြုစုမယ့်သူ မရှိဘူးလေ၊ အဖေက ၆၀ ကျော်ပြီ"

"ခင်အိ ရှိသားပဲ"

ခင်မေလှက ဝင်ပြောသည်။

"ဟုတ်တယ် ခင်အိ ရှိတာလည်းမှန်တယ်၊ နှင်တို့လည်း အိမ်ထောင်ရှင်တွေ စဉ်းစားကြ၊ အဖေက ဒီအတိုင်းနေရင် ကောင်းတယ်၊ ကျုံမငေးက အမျိုးသမီး တစ်ယောက်ယောက်ကို ယူရင် ပြဿနာဖြစ်လာနိုင်တယ်၊ တို့လည်း အမွေမခွဲရသေးဘူး

www.burmeseclassic.com

www.burmeseclassic.com



ခင်မေလှက ငြိမ်ကျသွားသည်။ ခင်မေညွန့်ကတော့ စဉ်းစားနေဆဲ။

"ယောက်ျားဆိုတာ အသက်ဖြဝ ကျော်လည်း သူ့ကိုပြုစုဖို့လိုတယ်ဆိုပြီး နောက်အိမ်ထောင်ပြုတာပဲ"

"အဖေက ပြုချင်တယ်လို့ ပြောလို့လား"

ခင်မေလှက မေးသည်။

"အဖေက ပြုချင်တယ်လို့တော့ မပြောဘူး၊ ဒါပေမယ့် ကိုကိုနဲ့ မနေ့က တိုင်ပင်တယ်"

"ဘာတိုင်ပင်လဲ"

ခင်မေလှက အငမ်းမရ သိချင်သည်။

"တို့များအားလုံးပြန်သွားရင် သူတစ်ယောက်တည်း ကျန်ရစ်မယ်တဲ့၊ အဲဒါ မင်းတို့ ဘယ်လို စီစဉ်မလဲတဲ့"

"ဒါက ဘာ အဓိပ္ပာယ်လဲ၊ နောက်အိမ်ထောင်ပြုဖို့လားလောလောဆယ်တော့ ဘယ်စီစဉ်နိုင်မလဲ၊ အမေ့အရိုးတောင်မဆွေးသေးဘူး"

"ခင်မေလှရယ် အရိုးဆွေးတာတွေ မဆွေးတာတွေ ပြောမနေနဲ့၊ အမေ ပန်းနာဖြစ်နေတဲ့ ငါးနှစ်အတွင်း အဖေ ငြိမ်ငြိမ်နေတာပဲ ကျေးဇူးတင်၊ နင် အခု အမေဆုံးလို့ လာတာတောင်နင့်ယောက်ျားအတွက် စိတ်မချလို့ ဖင်တကြွကြွဖြစ်နေတာ၊ နင်ယောက်ျားတွေအကြောင်း သိပါတယ်"



ဦးမြမောင်စကားကြားတော့ ခင်မေလှက နှုတ်ခမ်းစူသည်။ ခင်မေညွန့်က ဒီတော့မှ စကားဝိုင်းထဲ ဝင်ပြောလာသည်။

"အဖေက အရိပ်အမြွက်ပြောတာပဲ၊ ကျွန်မတို့က စီစဉ်ပေးရမှာပေါ့၊ အဖေတစ်ယောက်တည်း ဘယ်ဖြစ်မလဲ"

"ဘာစီစဉ်မှာလဲ ကိုကို၊ ခုချက်ချင်းတော့ ဘယ်ဖြစ်မလဲ"

ခင်မေလှက ဝင်စွက်ပြန်သည်။ မျက်နှာကလည်း မကျေနပ်။

"အဖေ့ကို တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်ရမှာပေါ့"

"အမယ်လေး အမေ သေတာ လတောင်မလည်သေးဘူး၊ အဖေ့ဟာက လွန်လွန်းတယ်၊ မရှက်ဘူးလား"

ခင်မေလှက ကက်ကက်လန် ပြန်ပြောသည်။

"ခုချက်ချင်းလည်း မဟုတ်သေးပါဘူး ခင်မေလှရယ်၊ တို့မောင်နှမတွေ မခွဲခင် တိုင်ပင်တာ၊ တော်ကြာ နင်တို့ပြန်သွားတော့ စီစဉ်ရ,တိုင်ပင်ရတာ မလွယ်လို့ ခုတိုင်ပင်တာ၊ ဒီကိစ္စဖြစ်လည်း နောက်ခြောက်လလောက်မှ ဖြစ်မှာပေါ့"

"ကိုကို့ဆန္ဒက ဘယ်လိုရှိလို့လဲ၊ ကျွန်မတို့ကို ဖွင့်ပြောလေ"

ခင်မေညွန့်က မေးလိုက်သည်။ ဦးမြမောင်က ခေတ္တ ငိုင်နေသည်။

"ငါက အဖေ့ကို ခင်အိနဲ့ပေးစားချင်တာ"

ဦးမြမောင်စကားမှ မဆုံးခင် ခင်မေလှက မျက်လုံးဝင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com





—

တောက်ကာ ခါးခါးသီးသီးအော်၍…

"ဘာ…ခင်အိ၊ ထမင်းချက်ကို မိတွေးတော်ရမှာလား"

မျက်ရည်များဝိုင်းကာ ခင်မေလှက ပြောလာသည်။

"မမကြီးရယ် ဖြည်းဖြည်းစဉ်းစားပါ၊ တခြား သူစိမ်းတွေ ဝင်လာမှ ကျွန်မတို့ မောင်နှမကြား ပြဿနာတွေ ရှုပ်လာမှာ ပြီးတော့ အဖေ့မှာ ငွေကြေးရှိတော့ ပိုဆိုးတယ်၊ ခင်အိကတော့ ကျွန်မတို့မွေးလာတာ ဘာမဆို နာခံတယ်၊ မီးသေတယ်၊ ဒါကိုလည်း ထည့်တွက်ပါဦး မမကြီးရာ၊ ကျွန်မရော ကိုယ့်ယောက်ျားကို တစ်လ ပစ်ပြီး အဖေ့ကို လာမပြုစုနိုင်ဘူးလေ၊ ခင်အိဘက်ကလည်း စဉ်းစားကြည့်ပါဦး၊ ဒီအသက် ၆၀ လူအိုကြီးကို ယူရမှာ"

"အမလေး ရွှေငွေရှိရင် သွားမပါလည်း ယူမှာပဲ၊ အခုဟာက ကိုကို စီစဉ်တာလား၊ အဖေက ပြောတာလား"

"အဖေက ကိုယ်က ပြောတာ"

ဦးမြမောင် အဖြေကြောင့် ခင်မေလှ အံ့အားသင့်သွားသည်။

"အဖေကလည်း စဉ်းစားမှာပေါ့၊ သူ့ရဲ့အကြောင်းသိသူကို ပြုစုလာခဲ့သူဆိုတော့ ခင်အိက အသင့်တော်ဆုံးလို့ ယူဆမှာပေါ့"

ခင်မေညွန့်က ဝင်ပြောသည်။

"နင်တို့ကသာ ပြောနေ၊ ငါက ခင်အိကို နားချရဦးမှာ ခင်မေညွန့်ပြောသလိုပဲ အဘိုးကြီးတစ်ယောက်ကို ကျေးဇူးတရားတွေကြောင့် ယူရင်ယူမယ်၊ ဘယ်သူက လိုချင်မလဲ၊ အေးလေ… ကဲ…ခင်မေညွန့် နင်ကပဲ ခင်အိကို နားချ၊ ငါလည်း ကူပြောမယ်၊ မိန်းမချင်းတော့ ပိုသင့်တော်တာပေါ့"

"ကိုကိုတို့ မောင်နှမနှစ်ယောက် အစီအစဉ်မှာ ကျွန်မ မပါဘူး"

ခင်မေလှက ပြောင်ပဲပြောကာ၊ နောက်အပတ်မှာ မန္တလေး ပြန်သွားပါသည်။

* * *

(၃)

သီတင်းကျွတ်တော့ ဘကြီးဦးမှန်းနှင့် မခင်အိတို့ မင်္ဂလာဆောင်ဖြစ်ပါသည်။ အရပ်လူကြီး သက်သေထား၍ အကျဉ်းရုံး မင်္ဂလာပွဲကို စီစဉ်လိုက်ပါသည်။

ခင်မေညွန့်က စကားအပြောကောင်းသည်ထက် စကားလုံးရွေးချယ်ပုံ ကောင်းသည်ဟု ဆိုရမည်။ ဒါကြောင့် မခင်အိက ဘကြီးမှန်းကို လက်ခံခြင်း ဖြစ်သည်။

"မမလေး ခင်အိဘက်က စဉ်းစားပါတယ်၊ မင်းဟာအသက် ၂၁ အပျိုစင်၊ တို့မျက်စိအောက်မှာ ကြီးလာတာ၊ တို့အဖေက အသက် ၆၀ ကျော်ပြီ၊ မင်းကို တို့အမေ လက်ဝတ်လက်စားနဲ့ အဖေရဲ့ ရွှေတချို့ အဖေက တင်တောင်းမယ်၊ ပြီးတော့ သူ့ ပိုင်ဆိုင်မှု ... ယာတွေကို မင်းကိုပေးဖို့ အဖေက မမလေးတို့ကို ပြောပါတယ်၊ အိမ်... ဆန်စက်ကိုတော့ ကိုကို့ကို ပေးလိုက်ပြီ၊ အတွင်းပစ္စည်း တချို့

www.burmeseclassic.com



အဖေက တို့ညီအစ်မနှစ်ယောက်ကို အမွေခွဲပေးပြီးပြီ၊ တချို့ကတော့ ထင်မှာပဲ၊ ဒီပစ္စည်းတွေကို မင်းရတော့ အဖေ့လို သက်ကြီးရွယ်အိုကိုယူတာ တန်တယ်လို့ထင်မယ်၊ မမလေးကတော့ ဒီပစ္စည်းမက နောက်ထပ် အဖေ့ဘက်က ဘာပစ္စည်းပဲထပ်ပေးပေး မင်းဘက်က နာပါတယ် ခင်အိ"

မမလေး ဒီအထိ စကားသယ်လာတော့ ခင်အိ မျက်ရည်ကျစပြုပြီ။

"ဘာဖြစ်လို့လဲဆို မင်းဘက်က ပေးဆပ်ရမှာက အပျိုစင်ဘဝ၊ အပျိုစင်ဆိုတဲ့ တန်ဖိုးကို ဘာနဲ့မှ ပေးဆပ်လို့မရပါဘူး၊ ပြီးတော့ မမလေး ကိုယ်ချင်းစာကြည့်တယ်၊ တို့လည်း သက်တူအရွယ်တူကိုပဲ လက်ထပ်ချင်တယ်၊ ဘယ်လိုလုပ် သက်ကြီးရွယ်အိုကို လက်ထပ်ချင်မှာလဲ၊ ဒါပေမယ့်..."

မမလေးသည် ခဏ စကားကိုရပ်ခါ စဉ်းစားရင်း မခင်အိ မျက်နှာကို အကဲခတ်နေသည်။ မခင်အိက တရှုံ့ရှုံ့နှင့် ငိုနေပြီ။

"မမလေးက မင်းကို အကူအညီတောင်းတာပါ၊ တို့များမှာ မောင်နှမသုံးယောက်ရှိပေမဲ့ ကိုကိုကလည်း တစ်ဖက်ကမ်းမှာ သူ့စက်နဲ့သူ၊ တို့ညီအစ်မနှစ်ယောက်ကလည်း တစ်မြို့တစ်ရွာစီဆိုတော့ အဖေ ဒီအိမ်မှာ အထီးကျန်ရစ်ခဲ့မယ်၊ ဒါကြောင့် အဖေ့ကို အနီးကပ်ပြုစုဖို့ မမလေး မင်းကို ရွေးချယ်တာပါ၊ ဒီမှာ ခင်အိ မင်းတို့ မောင်နှမသုံးယောက်က မိဘတွေ ကွယ်လွန်ပြီး ကျန်ရစ်



တော့ မင်းတို့ပြဿနာကို ကိုကိုက ဖြေရှင်းပေးခဲ့တာပဲ၊ ဟုတ်တယ် မဟုတ်လား"

မခင်အိ ခေါင်းညိတ်သည်။

"ခု ဖိုးသာလည်း ဆန်စက်မှာ အလုပ်နဲ့၊ တင်အိလည်း သူ့ယောကျ်ားနဲ့အခြေကျပြီ၊ မမလေး သူ့ကို ဆန်ဆိုင်ထွက်ဖို့ ငွေရင်းထုတ်ပေးခဲ့တယ်၊ အခု မမလေးတို့ မောင်နှမသုံးယောက်မှာ အမေဆုံးပြီးတော့ ဒီအဖေကြီးအတွက် ဒုက္ခရောက်နေကြတယ်၊ သူများနဲ့လည်း စိတ်မချဘူး၊ ဒီတစ်လှည့် ခင်အိ မင်းက တို့ကို ကူညီပါ၊ မမလေးကို တစ်လှည့်ကူညီပါလို့ ရှုမတ္တာရပ်ခံပါတယ်"

မမလေး၏ စကား ဒီရောက်တော့ မခင်အိ ချုံးချုံးချ ငိုပါသည်။

"မင်းက မေးစရာရှိတယ်၊ အဖေ့ပြဿနာမှာ ဒီနည်းလမ်းပဲ ရှိသလားလို့ မေးစရာရှိတယ်၊ တို့က တို့အဖေကို မင်းနဲ့ကလွဲလို့ ဘယ်သူနဲ့မှ စိတ်မချနိုင်ဘူး၊ တို့ဟာ မိသားစုလို ဖြစ်သွားပြီ၊ သူစိမ်းဝင်လာရင် မင်းလည်း ဒီလိုမနေနိုင်ဘူး၊ တို့မောင်နှမတွေလည်း တစ်စစီကွဲကြမှာ၊ ဒါကြောင့် ခင်အိ ဒီတစ်လှည့် မမလေးတို့ကို ကူညီပါ၊ ဒီကူညီမှုဟာ အဖေ့ကိုရော ကိုကို့ကျေးဇူးကိုပါ ဆပ်ရာကျပါတယ်၊ တို့မိသားစုကို မင်း ထိန်းလိုက်ပါ"

မမလေး၏ စကားလုံးရွေးချယ်မှုက ငြင်းစရာမရှိအောင် ဆွဲဆောင်မှုကောင်းပါသည်။ တစ်နည်း မရုန်းသာအောင် တုပ်နှောင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ပြီးတော့ ကျေးဇူးတရား။ သူတို့မောင်နှမသုံးယောက် ရွှံ့တောဗွက်တောမှ မိဘမဲ့ကလေးတွေဘ၀မှ ယခု အလုပ်အကိုင် အတည်တကျ ဖြစ်အောင် မွေးကျွေးလာသော ဘကြီးကျေးဇူး၊ ကိုကိုနှင့် မမလေးတို့ကျေးဇူးက ကြီးမားလှပါသည်။ ဒီကျေးဇူးကို ပြန်လည်ပေးဆပ်ခြင်းပေါ့။ မျက်ရည်လည်ရွှဲနှင့် မခင်အိ မမလေး စကားကို ခေါင်းညိတ်လိုက်ပါသည်။ ပြီးတော့ သူ စဉ်းစားမိသည်။ အကယ်၍ ဘကြီးက တရားဝင် လက်ထပ်မယူဘဲ အိမ်အဖော်အဖြစ် ထားရင်း သူ့ကို ခြေတော်တင်၊ တိတ်တိတ်ခိုးစားနေလျှင် သူ ဘာများ တတ်နိုင်ပါမည်နည်း။ အခု တရားဝင် ထင်ထင်ပေါ်ပေါ် မိသားဖသားပီပီ လက်ထပ်ယူခြင်းပဲဟု သူ စိတ်ဖြေလိုက်သည်။

ဘကြီးမှန်းနှင့် မခင်အိတို့ လက်ထပ်ပွဲကို ဒေါ်ခင်မေလှကတော့ မလာပါ။

ဘကြီးအတွက် မင်္ဂလာဦးည မဟုတ်ပေမင့် မခင်အိအတွက် မင်္ဂလာဦးည...။ ထိုညကို သူ့ဘ၀တွင် မမေ့နိုင်ပါ။ အမှတ်မထင် နေခဲ့သော လူအိုနံ့ကို မင်္ဂလာဦးညက မှတ်မှတ်ထင်ထင် သူ သတိပြုမိရုံမက အန်ချင်သလို ပျို့ချင်သလို ဖြစ်လာသည်။ ဘကြီးကတော့ သူ့ထံမှ နုနယ်ပျိုမျစ်ခြင်းကို အပြည့်အ၀ ရယူခဲ့ပါသော်လည်း သူကတော့ ဘကြီးထံမှ ဆန္ဒပြည့်ဝအောင် မရခဲ့။ ဘကြီး အိမ်မောကျသွားမှ အသာထကာ အဘွားအိပ်သောအခန်းအပြင်ရှိ ဘုရားစင်တာမှာ သူ ထွက်ထိုင်မိသည်။ လေအေးများ တိုက်ခတ်လာ၍



စိတ်သက်သာသလို ရှိလာသည်။ ကောင်းကင်ကိုမော့ကြည့်မိ၏။ လဆုတ်လဖြစ်ပေမင့် သန်းခေါင်အလွန်တွင် ထွန်းပစ္စာ သာနေသည်။ ကောင်းကင်ပြာတွင် ကြယ်များမရှိ။ ည၏ တိတ်ဆိတ်ခြင်းနှင့် အေးမြခြင်းသည် လရောင်ကြောင့် သာယာကြည်နူးဖွယ်ပင်။ သူ လကို မော့ကြည့်ရင်း မင်္ဂလာဦးညကို မေ့ထားလိုက်သည်။

သို့သော် တစ်ညတည်းပြီးသောကိစ္စ မဟုတ်။ သူ့တစ်သက်၊ ဘကြီးတစ်သက် လျှောက်လှမ်းရဦးမည့် ခရီးရှည်ကြီးပါတကား။ ခရီးက စပြီးတာပဲဖြစ်ဖြစ် ဤခရီးကိုနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ အောင်မြင်စွာ ဘကြီးနှင့်အတူ လျှောက်လှမ်းရမည် မဟုတ်ပါလား။ ဘယ်လိုပဲရေချိုး၊ ကိုယ်လိမ်းပေါင်ဒါ လူးပေမင့် ဒီအိုလည်လည်အနံ့တစ်မျိုး ဖြစ်သည့် လူအိုနံ့ကို သူ လက်ခံရှူရှိုက်ရပါမည်။

* * *

(၄)

သူ ကလေးရှိစက တင်အိတို့ လင်မယား လာသည်ကို ဘကြီးက လက်ခံပါသည်။ တင်အိယောက်ျားက သိတတ်သည်။ လက်ချည်း ဘယ်တော့မှမလာ၊ မုန့်၊ သစ်သီး၊ ငါးခြောက်များနှင့် ဘကြီးကို ကန်တော့သွားသည်။

ခင်အိသည် ဘကြီးနှင့်အတူ ယှဉ်တွဲထိုင်ကာ အကန်တော့ခံရသည်။ ဘကြီးက အသံထွက်၍ ဆုပေးသည်။ သူကတော့

www.burmeseclassic.com

www.burmeseclassic.com



တိုးတိတ်စွာ ဆုပေးရင်း တင်အိယောက်ျား ထွန်းမြင့်ကို ကြည့်မိသည်။ အသားကတော့ မည်းပေမင့် မျက်နှာပေါက် မဆိုးလှ၊ နှာတံမပေါ်တပေါ်၊ မျက်ခုံးမျက်လုံးကောင်းကောင်း။ အထူးသဖြင့် အရပ်ထောင်ထောင်မောင်းမောင်း၊ ရင်အုပ်ကျယ်ကျယ်နှင့် တုတ်တုတ်ခိုင်ခိုင် ယောက်ျားငယ် တစ်ယောက်၏ အလှအပြည့်ရှိသူ၊ ရွယ်တူသက်တူ။ တင်အိ လင်ရတာ ကံကောင်းသည်ဟု သူသတိပြုမိသည်။

သူတို့လင်မယားနှစ်ယောက်ပြန်တော့ ခင်အိက အိမ်တံခါးဝအထိ လိုက်ပို့သည်။ သူ့ရှေ့မှ ထွန်းမြင့်ဖြတ်သွားတော့ ရနံ့တစ်ခု ကျန်ရစ်ခဲ့သည်။ မွှေးပျံ့ခြင်း မဟုတ်သော်လည်း နှစ်သက်စရာရနံ့တစ်ခု။ သူ ချက်ချင်း မင်္ဂလာဦးညကို သတိရပြီး နှာခေါင်းထဲ လူ့အိုနံ့ရလာသည်။

ဒီနေ့မှာပဲ ဘကြီးမိတ်ဆွေ ဦးဘစော လာလည်သည်။ ခင်အိက ဘကြီးတို့ စားပွဲကို စားစရာတွေချပေးပြီး အိမ်ထဲ ပြန်ဝင်ခဲ့သည်။ ဦးဘစော စကားပြောနေသည်ကို သူ အကျယ်ကြီးကြားနေရသည်။ ဦးဘစောလည်း လက်ထပ်ပြီးစ မုဆိုးဖို တစ်ယောက် ဖြစ်သည်။

"ကျွန်တော်ကတော့ မမြမေကိုယူတာ အကြောင်းရှိတယ်ဗျ၊ ကျွန်တော် စာအုပ်တွေထဲလည်း ဖတ်ဖူးတယ်၊ တကယ်လည်း ကျွန်တော်တို့ အိုလာတော့ လူ့အိုနံ့ဆိုတာ ရှိတယ်"



အိမ်ထဲမှ နားထောင်နေသော မခင်အိက ထိုစကားကြားတော့ နားစွင့်နေမိသည်။

"ကိုယ့်ထက် ငယ်ငယ်ယူတာ ကောင်းတော့ကောင်းတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုယ်ကလူ့အိုနံ့ ဒီမိန်းကလေးက ကြိုက်မှာ မဟုတ်ဘူး၊ ကြာတော့ ပြဿနာဖြစ်မယ်၊ မမြမေဆိုတော့ သူလည်း ၅၀ ကျော်၊ ကိုယ်လည်း ၆၀ နားနီးပြီ၊ သူ့လူ့အိုနံ့လည်း ကျွန်တော်က မထူးဆန်းတော့ဘူး၊ ကျွန်တော့်လူ့အိုနံ့ကိုလည်း သူ့အဖို့က မထူးဘူး၊ သူလည်း အိုပြီလေ၊ အသက်ကွာတော့..."

မခင်အိသည် အိမ်ရှေ့မှ ဦးဘစော ပြောနေသည်ကို မကြားချင်တော့၍ မီးဖိုဘက်ထွက်လာခဲ့သည်။ ဒီလူကြီးသည် ဘာအကြောင်းနှင့် စပ်လျဉ်း၍ ဒီစကားပြောပါလိမ့်...။ ။

* * *

(၅)

သမီးလေး ၅ နှစ်အရွယ်ရောက်တော့ ဘကြီး ကျန်းမာရေး အခြေအနေမကောင်း၍ ရန်ကုန်ပြောင်းလာခဲ့သည်။ ကျုံမငေးက အိမ်နှင့်စက်ကတော့ ဦးမြမောင် ကြည့်ရှုနေသည်။

ကုက္ကိုင်းဘက်မှာ ခြံဝန်းနှင့် ပျဉ်ထောင်အိမ်တစ်လုံး၊ ကာဂိုဒေါင်နှင့် အစေခံတန်းလျားပါ,ပါသည်။ ထိုအိမ်လေးကို ဘကြီးက ဝယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကရိလာ ဆလွန်းကား တစ်စီး ငယ်ထားရသည်။ ကားမောင်းဖို့ ဒရိုင်ဘာတစ်ယောက် ငှားထားရသည်။ ဘကြီး ဆေးခန်း ပြရဖို့နှင့် သမီးလေးကို မူကြိုပို့ရဖို့အတွက် ဖြစ်သည်။

သမီးလေးကို အလယ်တန်း ကျောင်းထားသည့် နှစ်က ဘကြီးကို ဆေးရုံတင်ရသည်။

ဒရိုင်ဘာက အသက် ၄၀ နှစ်လောက်ရှိ၍ ဘကြီးကိုလည်း ဂရုစိုက်၊ ကလေးကိုလည်း ဂရုစိုက်ပါသည်။ ခင်အိ စိတ်ထဲမှာတော့ ဘကြီးဆေးရုံတက်နေစဉ် တင်အိကို ခေါ်ထားချင်သည်။ တင်အိမှာလည်း ကလေးနှင့် သူ့ယောက်ျား၏ဆိုင်ကို ကူရ၍ မလာနိုင်ပါ။

အိမ်ဖော် မိန်းကလေး တစ်ယောက်ကို ခေါ်ထားရသည်။ ခင်အိက အကျိုးအကြောင်း စာရေးလိုက်၍ မမလေးနှင့် ဦးမြမောင် လိုက်လာကြသည်။ ဦးမြမောင်က သဘော်ဆိပ်နှင့်နီးနီး ဘုန်းကြီးလမ်းမှာ တည်းသည်။

မမလေးနှင့် ဦးမြမောင် တိုင်ပင်ကာ ဒေါ်ခင်မေလှကိုလည်း အကြောင်းကြားလိုက်ရသည်။ အမေ့တုန်းက အသက်မမီရုံပဲ တွေ့လိုက်ရ၍ အဖေ့ကိုတော့ ပြုစုချိန်ရအောင် ဒေါ်ခင်မေလှက ချက်ချင်းပဲ သိသိချင်း မန္တလေးမှ လိုက်လာသည်။

ဘကြီး အခြေအနေ မကောင်း။ အထူးသူနာပြုနှင့်ထား၍ ညီအစ်မနှစ်ယောက် တစ်နေ့၊ မခင်အိက တစ်နေ့ လူနာစောင့်ကြသည်။ ဦးမြမောင်ကတော့ ညစဉ်လိုပဲ စောင့်အိပ်သည်။



မမလေးတို့ ရောက်လာမှ မခင်အိ နည်းနည်းနားရသည်။ ဒေါ်ခင်မေလှနှင့် ဒေါ်ခင်မေညွန့်ကတော့ မခင်အိအိမ်မှာပဲ တည်းသည်။

မခင်အိ စောင့်သည့်အလှည့်။ ဘကြီးအခြေအနေက ဆိုးလာပြန်သည်။ ညဦး ဦးမြမောင် ရောက်လာ၍ ဘကြီးနေသာမှ မခင်အိက ပြန်လာသည်။ ည ၉ နာရီလောက်ဆိုတော့ အိမ်ကို ၈ နာရီခွဲလောက်မှ ရောက်သည်။

"နောက်ကျလှချည်လား"

မခင်အိ ဧည့်ခန်းအဝင်ဝတွင် ဒေါ်ခင်မေလှက ဆီး၍ပြောက်သည်။

"ဘကြီးက သိပ်နေမကောင်းဘူး"

ခင်အိက ကိုယ်ကိုရို့ကာ ပြောသည်။

"ဘာလို့ တို့ကို ဖုန်းမဆက်တာလဲ"

"အိမ်မှာလည်း ဖုန်းမရှိဘူး၊ တစ်ဖက်အိမ်ကိုလည်း အားနာလို့၊ ပြီးတော့ ကိုကိုကြီးက ရောက်လာတော့ မစိုးရိမ်ရဘူး၊ မမကြီးတို့ကို မခေါ်နဲ့ဆိုလို့ ကျွန်မ မခေါ်တာပါ"

မခင်အိက ပြောကာ အိမ်ခန်းထဲဝင်သွားသည်။ လှကပန်းခိတ်ကပန်းနှင့် ဒေါ်ခင်မေလှ လေသံကိုလည်း မကြိုက်။ သမီးလေး စာကြည့်နေရာ အိပ်ခန်းသို့ဝင်ကာ ခုတင်ပေါ် လှဲနေလိုက်မိသည်။ ဧည့်ခန်းမှာ မမကြီးနှင့် မမလေး ဘာတွေပြောနေမှန်းမသိ။

www.burmeseclassic.com



နောက်နေ့မှာတော့ မခင်အိ အိပ်ရာထနောက်ကျသည်။ ကော်ဖီသောက်ရန် ထမင်းစားခန်းကိုအသွား၊ အခန်းနားရောက်တော့ မမကြီးအသံကြားရသည်။

"ခင်မေညွန့်ကလေ လည်မလိုနဲ့အ,တယ်၊ ဒီကောင်သန်းဖေကို ကြည့်စမ်း၊ ရုပ်ရှင်မင်းသားရှုံးတယ်၊ ဆံပင်ကလည်း သ,ထားတာ ခြင်ချော်လဲမယ်၊ ဟာဝေယံရှပ်နဲ့ဘောင်းဘီနဲ့၊ ဒါ ဒရိုင်ဘာတဲ့လား၊ ကားထဲ ဝင်လိုက်တယ် ဆိုကတည်းက ရေမွှေးနံ့က ပုလင်းဖိတ်ကျသလား အောက်မေ့ရတယ်၊ ခင်အိက ဒီကောင်နဲ့ တွဲသွားတွဲလာနေရတာကို သာယာနေတာ..."

"ဘုရား...ဘုရား..."

မခင်အိခြေလှမ်းများ တုန့်သွားသည်။

"မမကြီးကလည်း... အဖေ ဆေးရုံတက်နေချိန်၊ သူနဲ့ ဒရိုင်ဘာနဲ့ မသွားလို့ ဘယ်သူနဲ့သွားရမလဲ"

"တို့လာပေလို့၊ ဒီကောင်က အဖေ ဆေးရုံတက်ကတည်းက အိမ်မှာအိပ်တာတဲ့"

"ဟုတ်တယ်လေ၊ အစေခံတန်းလျားမှာအိပ်တာ၊ ညရေးညတာ အရေးကြုံရင် သွားနိုင်အောင်လို့ သိပ်ခိုင်းတာလို့၊ ကျွန်မဆီ ရေးတဲ့စာထဲ ခင်အိက ရေးထားပါတယ်၊ ဒါကြောင့် ကျွန်မတို့လည်း လိုက်လာ၊ မမကြီးလည်း အကြောင်းကြားတာ"

"ကြည့်ကြသေးတာပေါ့...ကြည့်ကြသေးတာပေါ့"



"မမကြီးကလည်း ဘာတွေပြောနေလဲ မသိဘူး၊ သန်းဖေမှာလည်း မိန်းမနဲ့ကလေးတွေ ရှိနေတာပဲ"

"အဲဒါကြောင့် ပိုဆိုးမှာ၊ နင်တို့ မောင်နှမနှစ်ယောက် အရှည်ကိုမတွေးဘူး၊ တို့အဖေလည်း သေရော၊ ဒီကောင် အိမ်ပေါ်ရောက်လာမှာ၊ ရှိသမျှပစ္စည်း သူ့သားသမီးနဲ့မယားကို ပို့မှာပေါ့"

"မမကြီးကလည်း..."

ရှေ့ဆက်၍ မမလေးပြောသံကို ခင်အိ နားမထောင်တော့။ အိပ်ခန်းဘက်ပြန်လှည့်လာကာ အိပ်ရာထဲ လှဲနေလိုက်သည်။

စိတ်မောစရာကောင်းလိုက်တာ။ မမကြီးစကားကို ကြားရတော့မှ ကိုသန်းဖေကို သတိထားမိသည်။ ကိုသန်းဖေက ဒရိုင်ဘာပေမင့် သန့်သန့်ရှင်းရှင်း ကျော့ကျော့မော့မော့ နေတတ်သည်။ ပုဆိုးအဝတ်နည်း၍ မမကြီးပြောသလို ဘောင်းဘီရှည်ကို ဝတ်တတ်သည်။ ကားကိုလည်း အမြဲ ဆေးကြော,သ,နေတတ်သည်။ ဘကြီး ဆေးရုံတက်နေစဉ်က ကိုသန်းဖေကို အိမ်မှာ အိပ်ခိုင်းရတာ အမှန်ပါပဲ။ အရေးအကြောင်းရှိလျှင် ယောကျ်ားသားအနေနှင့် သွားရန်လာရန် ဖြစ်သည်။ ဒါကြောင့် သူ့အခက်အခဲများကို မမလေးတို့ထံ စာရေးလိုက်ခြင်းဖြစ်သည်။

မမကြီး ပြောရက်လိုက်တာ။ ဒီလူအိုနဲ့ကြီးကို မကြိုက်တာကလည်း အမှန်ပါပဲ။ ဒါပေမယ့် ကျေးဇူးရှင်ဘကြီး အိပ်ရာပေါ် လဲနေချိန် သူ ဒါလောက် သစ္စာမမဲ့သည်ကို မမကြီး သိစေချင်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ခင်အိ နေမကောင်းဘူးလား"

မမလေးက အခန်းထဲဝင်လာ၍ သူ့ခုတင်ဘေးက ကုလားထိုင်မှာ ထိုင်သည်။

"ညက ဟိုတွေးဒီတွေးနဲ့ ညဥ့်နက်သွားလို့ နေမြင့်မှ နိုးတယ်၊ ခေါင်းမကြည်တာပါပဲ၊ နေလို့ကောင်းပါတယ်"

"နေမကောင်းရင် နားလိုက်ဦး၊ အဖေ့ဆီ မမလေးနဲ့မမကြီး သွားမယ်"

"ကျွန်မလည်း လိုက်မယ်၊ ကျွန်မ နေကောင်းပါတယ်၊ ညက မအိပ်ခင် ဘကြီးအတွက် ငှက်သိုက်ပေါင်းထားသေးတယ်၊ ခဏစောင့်ပါ၊ ကျွန်မ ရေချိုးလိုက်ရင် လန်းသွားမှာပါ"

သူက ပြောပြောဆိုဆို ရေမိုးချိုးပြီး ဆေးရုံလိုက်ဖို့ ပြင်ဆင်သည်။

ကိုသန်းဖေက ကားကို အဆင်သင့်ပြင်ထားသည်။ မမလေးက ကိုသန်းဖေနှင့် ယှဉ်ထိုင်၍ သူနှင့်မမကြီးက ကားနောက်မှာ ထိုင်သည်။ ကိုသန်းဖေ နောက်တည့်တည့်မှာ သူ ထိုင်ရင်း မမကြီး စကားကို သတိရသည်။ ဒီတော့မှ ကိုသန်းဖေ၏ ကိုယ်ရနံ့ကို သူသတိထားမိသည်။

ငယ်ရွယ်သေးသူ ဖြစ်သည့်အပြင် ကိုယ်လိမ်းပေါင်ဒါ၊ ခေါင်းလိမ်းဆီရနံ့တွေနှင့် တကယ်ပဲ သင်းပျံ့နေသည်။ သူသည်



သတိထား ရှုရှိုက်ရင်း ရင်ဖိုလာသလိုလို၊ တစ်ခုခုကို ရင်ထဲမှာ ခံစားနေမိသည်။ နှစ်ပေါင်းများစွာ ရှုရှိုက်ခဲ့ရသော လူ့အိုနံ့နှင့် ကွာတာကတော့ အမှန်ပါပဲ။

နောက်နေ့ ဘကြီးဆုံးသွားပါသည်။ ဘကြီးကို သင်္ဂြိုဟ်သောနေ့က အပြန်မှာ သူမူးလဲသွားသည်။ သူ သတိရတော့ အိပ်ခန်းထဲ ရောက်နေပြီး မမလေးနှင့်သမီးက အနားမှာ။

"ခင်အိ သတိရပြီလား၊ ဆရာဝန် ပြန်သွားပြီ၊ သွေးအားလည်း သိပ်နည်းတယ်တဲ့၊ နင် ကောင်းကောင်းအနားယူဖို့လိုတယ်တဲ့၊ ခု ဝ,အောင်အိပ်ပေးစေဆိုပြီး သူ အိပ်ဆေးထိုးခဲ့တယ်၊ ပင်ပန်းလို့ သွေးပေါင်ချိန်ကျသွားတာ၊ ဘာမှမပူနဲ့၊ မမလေးရှိတုန်း နားပါ"

မမလေးစကားကို နားထောင်ရင်း သူ မှိန်းနေသည်။

"ဘာစားချင်လဲ၊ မမလေး လုပ်ပေးမယ်၊ တစ်ခုခုတော့ စား၊ လူမမာတစ်ယောက်ကို ရက်ရှည်ရှည် ပြုစုရရင် ဒီလိုပဲ၊ မမလေး သွားစီစဉ်လိုက်မယ်"

သူ ဘာမှပြန်မပြောဘဲ ခေါင်းပဲညိတ်ပြသည်။ မမလေး ထွက်သွားတော့ သမီးလေးက သူ့လက်ကိုကိုင်ထားသည်။

"မေမေ နေကောင်းလား၊ သမီး စိတ်ပူလိုက်တာ"

သူသည် သမီးလေး၏ လက်ကို ဆုပ်ကိုင်ထား၏။ ဒီသမီးလေး လက်ကို ဆုပ်ကိုင်ကာ ကျန်ခရီးကို ဆက်လက်သွားရဦးမည်။ ဘကြီး...ဘကြီး...။ သူ ဘကြီးကို သတိပြန်ရသည်။ ဘကြီးအပေါ်

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန်ပြုစုခဲ့ပါသည်။ သမီးတစ်သက်ဆိုပါတော့။ ၁၃ နှစ်ကျော်ကျော် သူ အောင့်အည်းရှုရှိုက်ခဲ့ရသော လူအိုနံ့ကြီးကိုတော့ သူ ရှုရှိုက်ဖို့မလိုတော့ပါ။

ဒါပေမင့်လည်း သူ အိမ်နှင့်ကားနှင့် အခြေတကျနေနိုင်အောင် ကျေးဇူးပြုခဲ့ပါသော ဘကြီးကို ခွဲခွာရသည့်အတွက် သူ ဝမ်းနည်းကြေကွဲမိပါသည်။ ဘကြီးမရှိတော့မှ သူ့အပေါ်မှာ အကာအကွယ် အရိပ်မိုးနေသော အမိုး လွင့်စဉ်သွားပြီဖြစ်၍ သူ ဘကြီးတန်ဖိုးကို နားလည်လာပါသည်။ ခေါင်းကို ညာဘက်စောင်းလိုက်တော့ အမွှေးရနံ့တစ်ခုကို ရသည်။ ဒီရနံ့က ဘယ်ကပါလိမ့်။ ခေါင်းအုံးဘေးမှာ လက်ကိုင်ပဝါတစ်ထည်။ သူ ကောက်ယူ နမ်းကြည့်တော့ ဒီလက်ကိုင်ပဝါမှ ရနံ့။

"ဒီလက်ကိုင်ပဝါက ဘယ်သူ့ဟာလဲသမီး"

သမီးကို မေးလိုက်သည်။

"မသိဘူး မေမေ၊ သမီးကိုလည်း ဦးကြီးမြမောင်က အတင်းပွေ့ခေါ်လာလို့ သမီးလည်း ဘဘကြီး ဂူသွင်းပြီးပြီးချင်း ပြန်လာရတာ၊ အိမ်ကို ဒေါ်ဒေါ်ကြီးနဲ့အတူ အရင်ရောက်တယ်၊ နောက် မေမေတို့၊ ဒေါ်လေးတို့နဲ့ အတူ ရောက်လာတော့ ကားပေါ်က မေမေ့ကို ဦးလေးသန်းဖေက ပွေ့ပြီး အိမ်ပေါ် တင်လာတာ သမီးဖြင့် လန့်သွားတာပဲ၊ မေမေ တစ်ခုခု ဖြစ်သွားပြီထင်တာ"

"ဘာ...ဘာ...မေမေ့ကို ကိုသန်းဖေ ပွေ့လာတယ်"



"ဟုတ်တယ် မေမေ၊ နောက်မှ ဆရာဝန်သွားခေါ်တယ်"

သူ ပြန်၍သတိရသည်။ ဘကြီးမသေခင် မမကြီး၊ မမလေးတို့နှင့်အတူ ဆေးရုံအသွား၊ ကားစီးတော့ ကိုသန်းဖေနောက်မှ ရရှိသော ရနံ့၊ ဒီရနံ့နှင့် ယခု လက်ကိုင်ပဝါရနံ့က တူတူ။ ကိုသန်းဖေ လက်ကိုင်ပဝါပါပဲ။

ဘယ်တုန်းကမှ ဂရုမပြုမိသော စိတ်ကို မမကြီးစကားက နှိုးဆွလိုက်မှ ကိုသန်းဖေကိုယ်မှ ရေမွှေးနံ့ကို သူ သတိထားမိသည်။

ရက်လည်ပြီးတော့ မမကြီးတို့၊ မမလေးတို့ ပြန်ကြတော့မည်။ သူကလည်း ထူထူထောင်ထောင် ဖြစ်လာသည်။

ညနေ ရထားမဆင်းခင် မမကြီး၊ မမလေးနှင့် ဦးမြမောင်တို့ ထမင်းအတူစားကြသည်။ မခင်အိက ထမင်းများ လိုက်ပေးသည်။

"ခင်အိ ဝင်စားလေ"

မမလေးက ခွင့်ပြုပေမင့် မခင်အိအဖို့ မမကြီးနှင့်အတူ ထမင်းတစ်ဝိုင်းတည်းစားဖို့ မရဲသေးပါ။

"ကျွန်မ နောက်မှစားပါ့မယ်"

သူက ကုလားထိုင်အလွတ်မှာ ထိုင်လိုက်သည်။

"အေးကွယ်၊ ကိုကိုကြီးလည်း ကျုံမငေးကို နက်ဖြန်သဘော်နဲ့ ပြန်မယ်၊ ဒီညနေ ဘုန်းကြီး လမ်း အိမ်ကို သွား အိပ်မယ်လေ၊ ပစ္စည်းနည်းနည်းပါးပါး ဝယ်ချင်တယ်၊ တို့အဖေကို နောက်ဆုံးအချိန်အထိ ခင်အိပြုစုတာ ကိုကိုကြီး ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး၏ ချေငံသော စကားကြောင့် ခင်အိ မျက်ရည်လည်လာသည်။

"ခင်အိနောင်ရေးကို တို့ ဖြည်းဖြည်းစဉ်းစားမယ် ခင်အိ၊ မမလေးဒီမှာ တစ်ပတ်နေပြီး ခဏပြန်ဦးမယ်နော် ခင်အိ"

မမလေးက တစ်ပတ်နေဦးမယ်ဆိုတော့ သူဝမ်းသာပါသည်။

"အေး ငါကတော့ ဒရိုင်ဘာသန်းဖေကို ထုတ်လိုက်ပြီ"

မမကြီး သူ့ထုံးစံအတိုင်း ဆိုင်းမဆင့်ဗုံမဆင့် အထက်စီးလေသံနှင့် ပြောလိုက်သည်။ မခင်အိရင်ထဲ နင့်ခနဲဖြစ်သွားသည်။ ကိုသန်းဖေကို ထုတ်လိုက်၍ မဟုတ်။ ကိုသန်းဖေကို ခန့်ထားသည်မှာ သူ။ တကယ်ဆို ကိုသန်းဖေကိစ္စကို သူ့အား ကြိုတင်အသိပေးသင့်ပါသည်။ ယခုတော့ သူ ဘာမှမသိရ။ အိပ်ရာထဲလဲနေချိန်တွင် မမကြီး လုပ်လိုက်ခြင်းဖြစ်သည်။

မောင်နှမသုံးယောက်လုံး တိုင်ပင်လုပ်သည့်ကိစ္စလား မသိ။ သူသည် ဘကြီး လက်အောက်မှ လွတ်မြောက်ပြီး သုံးဦး ကြီးကိုင် အဖွဲ့၏ အုပ်ချုပ်မှုအောက်မှာ နေရတော့မှာလား။ သူသည် အညာစုကုလာစ ခင်အိ မဟုတ်တော့။ ဘကြီးမှန်း၏ဇနီး၊ သူတို့အဖေ၏ဇနီး ခင်အိ ဖြစ်သည်။ သူသည် အခြေအနေကို ရုတ်တရက်နားမလည်သေး၍ စကားကို ထိန်းပြောလိုက်သည်။

"ကျွန်မလည်း စဉ်းစားတယ်၊ ဘကြီးလည်းမရှိဘူး၊ သမီးကအလယ်တန်းရောက်ပြီဆိုတော့ ကျောင်းကားနဲ့ပဲ ကျောင်းတက်



လို့ရပြီလေ၊ ဒီတော့ ကားလည်းမလို၊ ဒရိုင်ဘာလည်းမလိုတော့ဘူး၊ ကားနဲ့ဒရိုင်ဘာရဲ့စရိတ်က မနည်းဘူး"

သူက ဒါပဲပြောလိုက်ပါသည်။ ဘကြီး ဆုံးကတည်းက သူ့စိတ်ထဲမှာလည်း ဒီလိုပဲ စီစဉ်ထားပါသည်။

မောင်နှမတွေ ထမင်းစားပြီး ထသွားတော့မှ သူ ထမင်းဝင်စားသည်။ သမီးလေးကတော့ သူ့ဘကြီးနှင့်ဒေါ်ကြီးကို ကန်တော့နေသည်။

သူထမင်းစားပြီး ဧည့်ခန်းသွားမည်အလုပ် မမကြီးစကားသံကို ဧည့်ခန်းအနားမှ ကြားနေရ၍ သူ အခန်းထဲမဝင်ဘဲ တံခါးနောက်မှာ ရပ်နေသည်။

"ကိုကိုကြီးကလည်း ကျေးဇူးတင်နေတာပဲ၊ ခင်အိ ဒီဘဝရောက်လာတာ အဖေ့ကြောင့်လေ"

"အေးလေ၊ ဟုတ်ပါတယ်၊ ဒါပေမယ့် လူတစ်ယောက်ကို သေတဲ့အထိ သစ္စာရှိရှိ ပြုစုရတာ ကျေးဇူးတင်ရမှာပေါ့၊ ပြီးတော့ နာတာရှည်ရောဂါ"

"လာပြန်ပြီ၊ ခင်အိက မာယာချည်းပဲ သိရဲ့လား၊ အဖေ့ ဝှသွင်းပြီး မူးလဲသွားရတာနဲ့၊ ဟိုကောင်ကလည်း ပွေ့ခေါ်ရတာနဲ့၊ ဟင်း သူတို့ဆင်ထားတဲ့အကွက်"

မမကြီးက စွာစွာစွာစွာနှင့် ပြောနေသည်။

"စဉ်းစားကြည့်ပါဦး ခင်မေလှ၊ ရုပ်ရှင်ရိုက်နေတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခင်အိ အားနည်းလွန်းလို့ တကယ်မူးလဲသွားတာ ဆရာဝန်က ပြောပါပကော၊ သူလဲသွားရင် သန်းဖေဖွေ့တယ်လို့ သူ ကြိုတင်သိတာမှမဟုတ်ဘဲ၊ နင်က မဟုတ်ကဟုတ်က မစွပ်စွဲပါနဲ့"

ကိုကိုကြီးအသံက ပေါ်လာသည်။

"ဒီလိုဆိုလည်း မောင်နှမနှစ်ယောက် အမေဆုံးတုန်းကလို လမလည်သေးဘူး၊ အဖေ့ကို ခင်အိနဲ့ပေးစားဖို့ စီစဉ်လိုက်ကြရတာ၊ အခုလည်း ခင်အိကို တစ်ယောက်ယောက်နဲ့ပေးစားဖို့ စီစဉ်ကြဦးလေ၊ သန်းဖေ လက်ထဲ ပါသွားဦးမယ်၊ ကျွန်မ ပြောမယ်၊ ဒီလိုကောင်မျိုးတွေက ချမ်းသာတဲ့ အပျိုကြီးတွေ၊ မုဆိုးမတွေ၊ မျှော်ကွက်ကိုကြည့်၊ ရအောင်ယူ၊ ပြီးတော့ သူတို့သားမယားကို ထောက်ပံ့တာ၊ ဟင်း ငွေရှာနည်းတစ်မျိုး"

"မေမေ"

ဟု ခေါ်ကာ သမီးလေးသည် ညှော်ခန်းမှပြေးထွက်လာ၍ သူ့လက်ကိုကိုင်သည်။ သူသည် သမီးလေး လက်ဆွဲကာ အိပ်ခန်းထဲ ဝင်သွားသည်။ ညှော်ခန်းမှာ မောင်နှမတွေ ဆွေးနွေးဆဲ။ သမီးက သူ့ကိုဖက်ငိုသည်။

"ဒေါ်ဒေါ်ကြီးက မေမေ့ကို ဘာလို့ လင်ပေးစားမှာလဲ"

သူ့အမေအကြောင်း သူ့ရှေ့တွင်ပြောနေကြတော့ သမီးလေးက စိတ်မချမ်းသာ ညှော်ခန်းမှ ပြေးထွက်လာသည်။ သူ့လက်ကိုကိုင်ကာ ဝမ်းနည်းကြေကွဲစွာ ငိုနေသည်။



"ဒေါ်ဒေါ်ကြီးက ဒီလိုပဲပြောတတ်တယ်လေ၊ သမီး စိတ်မချမ်းမသာ မဖြစ်နဲ့၊ စာသာ ကြိုးစား၊ မေမေတို့မှာ ငွေတွေကျန်ရစ်ပါသေးတယ်၊ ဘဘကြီးက သမီးအတွက် ထားရစ်ပါတယ်၊ မေမေ လင်ယူမှာ မစိုးရိမ်ပါနဲ့"

ထိုညမှာ မမကြီးပြန်သွား၍ ကိုကိုကြီးလည်း ဘုန်းကြီးလမ်းကို သွားအိပ်ပါသည်။ မမလေးတစ်ယောက်ပဲ ကျန်ရစ်သည်။

"သမီး စာကြည့်ပြီးအိပ်တော့"

မမလေးက ညှော်ခန်းမှာ ခင်အိကို စကားပြောသည်။

"အဖေ့ လယ်တွေက ပြည်သူပိုင်အသိမ်းခံရတော့ ဝင်ငွေခင်အိမှာမရှိဘူး၊ လက်ဝတ်လက်စားတော့ ရှိမှာပေါ့၊ ကိုကိုကြီးနဲ့ငါ တိုင်ပင်တယ်၊ သူ့စက်မှာ စပါးစိ(စပါးကျို)လည်းရှိတယ်၊ ခင်အိ စပါးပေး,ပေးမယ်ဆို သူ လုပ်ပေးမယ်၊ နင်က ငယ်ငယ်ကတည်းက အိမ်ထဲမှာပဲ အိမ်တွင်း အလုပ်ပဲ ကျွမ်းကျင်တာ၊ အရောင်းအဝယ်လည်း တင်အိတို့လို မတတ်ဘူးလေ၊ ခင်အိ မမလေးတို့ စီစဉ်တာ သဘောတူလား"

ခင်အိသည် မမလေးကို ကျေးဇူးတင်ပါသည်။ ရန်ကုန်နယ်မှာ အရောင်းအဝယ်ကို ချက်ချင်း တိုးဝင်လို့မရ။

"မမလေးတို့စီစဉ်တာ ခင်အိ သဘောကျပါတယ်၊ ဘကြီးကိုပြုစုပြီး ငွေနည်းနည်းကျန်ရစ်ပါသေးတယ်၊ လက်ဝတ်လက်စားတွေ မထုခွဲချင်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ရှိသမျှနဲ့ စ,ရမယ်၊ ပြီးတော့ ကိုကိုကြီးက ပြောတယ်၊ အဖေ့ကို ဆေးကုရလို့ ကုန်သမျှငွေ တို့မောင်နှမ သုံးယောက် ကျခံရမယ်လေ၊ မမကြီးကလည်း မီးရထားမဆင်းခင် သူ ပေးရမယ့်ငွေ ပေးသွားတယ်၊ အထူးခန်းမှာ အဖေ့ကိုတင်ကု ရတာ ငွေကုန်တာပေါ့၊ စပါးပေး,ပေးဖို့ ကိုကိုကြီးကို ပေးမလား"

"ခင်အိ မယူချင်ပါဘူး၊ ခင်အိမှာလည်း ဇနီးတစ်ယောက် အနေနဲ့ တာဝန်ရှိပါတယ်၊ နောင်ရေးအတွက် ခုလို ကိုကိုကြီး လုပ်ပေးတော့ ခင်အိ ဝင်ငွေရှိတာပေါ့၊ သမီးရဲ့နောင်ရေးလည်း ရှိပါသေးတယ်၊ ခင်အိလည်း စပါးပေး,ပေးဖို့ ငွေထုတ်ပါ့မယ်"

"အေး ငွေလိုတော့ ကိုကိုကြီးက ပြောလိမ့်မယ်၊ မမလေး ပြောတဲ့ စကားကို နားထောင်ပြီး ခင်အိ အဖေ့ကို လက်ထပ်ခဲ့ တာ အဖေမရှိတဲ့နောက် ခင်အိကို တို့က ဝိုင်းဝန်းစောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်"

ခင်အိက ခေတ္တ စဉ်းစားပြီးမှ ပြောသည်။

"ညနေက မီးရထားမဆင်းခင် မမကြီး ဧည့်ခန်းမှာပြောသမျှ ခင်အိ ကြားပါတယ်၊ ကျွန်မကို ဘယ်လိုပဲပြောပြော ပြောပါ၊ သမီးလေးရှေ့မှာတော့ စိတ်ဓာတ်ကျစရာ မပြောစေချင်ဘူး"

"မမကြီး အတွက် ငါ တောင်းပန်ပါတယ်၊ စကား ကို မဆင်မခြင် ပြောတတ်တယ်၊ တစ်ခုတော့ မမလေး ပြောချင် တယ်၊ ဒီစကားကို အခုမပြောလည်း နောင်ပြောရမှာပဲ၊ ခင်အိ



အသက် ၃၅ နှစ်ပဲ ရှိသေးတယ်၊ ငယ်ရွယ်တဲ့ အချိန်မှာ မုဆိုးမ ဖြစ်ရတာ မမလေး ကိုယ်ချင်းစာပါတယ်၊ ဒီစကားပြောတာ စော တယ်လို့ မင်း ထင်ချင်ထင်၊ မမလေးက ပြောရမှာပဲ၊ သက်တူ ရွယ်တူ တွေ့လို့ ခင်အိ လက်ထပ်ချင်လည်း မမလေးတို့ မကန့် ကွက်ဘူး၊ တစ်ခုပဲ လွတ်လပ်တဲ့သူ ဖြစ်စေချင်တယ်၊ ခင်အိ ပြုလုပ်မှုအတွက် တခြားမိသားစုမှာ စိတ်မချမ်းမသာစရာ မဖြစ်စေ ချင်ဘူး၊ အခုလည်း မမလေး ပြောချင်တယ်၊ ခင်အိရဲ့အိမ်ဖော်က ငယ်တယ်၊ အပျိုပေါက်လေး၊ မင်းကို စောင့်ရှောက်ဖို့ ထမင်းလည်း ချက်နိုင်တဲ့ မိန်းမကြီးတစ်ယောက် ကိုစိန်ရွှေက ပို့ပေးမယ်တဲ့၊ သဘောတူလား၊ ချက်ချင်း မဟုတ်ပါဘူး၊ ရှေ့လထဲမှာ"

မမလေးက ထိုညက ဆွေးဆွေးနွေးနွေး ပြောသွားပါသည်။

* * *

(၆)

နောက်လမှာတော့ မမလေးထံက အသက် ၅၀ ကျော် လောက် အမျိုးသမီးကြီး ရောက်လာပါသည်။ မမလေးထံ သူ့ ကလေးမလေးကို ပို့လိုက်သည်။ အဒေါ်ကြီးက အသက် ၅၀ သာ ဆိုသည်။ သန့်သန့်မာမာ၊ လုပ်နိုင်ကိုင်နိုင်၊ တောင့်တင်းကျန်းမာ ပါသည်။ အသားလတ်လတ်၊ မျက်ခုံး မျက်လုံးကောင်းကောင်းနှင့် ငယ်စဉ်က ချောမောလှပသော မိန်းမတစ်ယောက် ဖြစ်ပုံရသည်။

သမီးလေးကတော့ စာကြိုးစားပါသည်။ ကျောင်းကားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပဲ တက်၍ ဂတန်းရောက်သွားပြီ။ သူကလည်း သွားစရာရှိ ဘတ်စ်ကားနှင့်ပဲ မြို့ထဲသွားသည်။ ကားမရှိသည့်အတွက် ပြဿနာ မရှိပါ။

သူ ပစ္စည်းတချို့ မမလေးကမှာ၍ ဗိုလ်ချုပ်ဈေးသွားသည့် နေ့က အိမ်အတွက်လည်း ပစ္စည်းများ ဝယ်သည်။ ပစ္စည်းများ တပွေ့တပိုက်နှင့် ဈေးဝ,မှအထွက် ကားခေါ်ဖို့စောင့်နေစဉ်...

"မမအိ...မမအိ"

ဟု ခေါ်သံကြားသည်။ ကားတစ်စီးထဲမှ ထွက်ကာ သူ့ ဆီလာနေသော ကိုသန်းဖေကို တွေ့ရသည်။

"မမအိကလည်း ပစ္စည်းတွေ တစ်ပုံကြီးနဲ့ပါလား၊ ကျွန် တော့်ကား စီး၊ ကျွန်တော် မမအိဆီက ထွက်လာကတည်းက တက္ကစီမောင်းနေတယ်၊ လာပါ"

ကိုသန်းဖေက လက်ကမ်း၍ ပစ္စည်းတချို့ လှမ်းယူသည်။ သူ့ကားရှိရာ လျှောက်သွား၍ ကိုသန်းဖေကားနှင့် ပြန်ခဲ့သည်။

အိမ်ရောက်တော့ ကိုသန်းဖေက ပစ္စည်းများ အိမ်ပေါ်ရောက် အောင် လိုက်ပို့သည်။ အဒေါ်ကြီးကလည်း ကူသယ်သည်။

"မမအိ ကားသုံးချင်ရင် ဒီတယ်လီဖုန်းကို တစ်ရက်ကြို ဆက်၊ အိမ်နားကဖုန်း၊ မမအိကို ကူညီရမှာ ကျွန်တော့်မှာ တာ ဝန် ရှိပါတယ်၊ သွားမယ်နော်"

ကိုသန်းဖေက နှုတ်ဆက်၍ တယ်လီဖုန်းနံပါတ်ပေးကာ



ကားမောင်း၍ ထွက်သွားပါသည်။ ဆောင်းဘီရည်၊ ဟာဝေယံရှပ်နှင့် မျက်မှန်နက်တပ်ထားသည်။ ခါတိုင်းလိုပဲ ဆံပင်ကတောက်ပ၍ တစ်ကိုယ်လုံးကလည်း မွှေးကြိုင်နေသည်။ အဒေါ်ကြီးက ကား ထွက်သွားရာ ကြည့်ရင်း...

"ဒီလူက ဘယ်သူလဲ၊ တကယ် ဇာတ်လိုက်မင်းသားကျ နေတာပဲ"

ပြောလိုက်သည်။

"အရင် ကျွန်မတို့အိမ်မှာ ကားမောင်းတဲ့ ကိုသန်းဖေလေ၊ အခု တက္ကစီမောင်းနေတယ် ဒေါ်စိန်ရဲ့"

အဒေါ်ကြီးကို သူက ရှင်းလင်းပြောပြကာ အိမ်ထဲဝင်ခဲ့သည်။

ဒေါ်ကြီးက စာတစ်စောင် စာတိုက်မှရောက်နေ၍ သူ့ထံ လာပို့သည်။ သူ စာဖောက်ဖတ်လိုက်တော့ မမလေးထံမှ စာ ဖြစ်သည်။ ။

* * *

ခင်အိ

*မမလေး မပြန်ခင်က စကားတစ်ခုပြောဖို့ကျန်ရစ်တယ်။ ခင်အိနေမကောင်းနေတုန်း သန်းဖေကို အလုပ်ဖြုတ်ပစ်တဲ့ကိစ္စ။ အဖေ ရက်မလည်ခင် အမျိုးသမီးတစ်ယောက် ရောက်လာတယ်။ သန်းဖေက ကိုကိုကြီးနဲ့ အပြင်သွားနေတယ်။*

www.burmeseclassic.com

www.burmeseclassic.com



*သူဟာ သန်းဖေနဲ့တဲ့။ ကလေးသုံးယောက်ရှိတယ်တဲ့။ ဘကြီးဆုံးတာ ကြားလို့ လာမေးတာပါတဲ့။ မမကြီးနဲ့ မမလေး ကလည်း ငြိမ်ခံတယ်။ တစ်ခုတော့ သူ ပြောခဲ့ပါရစေတဲ့။ သူ့ ယောကျ်ားဟာ အိမ်ပြန်မလာတာ နှစ်လနီးတော့မယ်တဲ့။ ဒါနဲ့ မမလေးကပဲ ပြောလိုက်တယ်။ အဖေ အသည်းအသန် ဖြစ်လို့ ညအိပ်ခေါ်ထားတာပါလို့။ သန်းဖေက အကျိုးအကြောင်း ကိုယ့်ဇနီးကို ပြောပြသင့်တာပေါ့။ မပြောတာ ဘာအဓိပ္ပာယ်လဲ။ ဟိုမိန်းမ စိတ်မချမ်းသာစရာ ဖြစ်တာပေါ့။ မမလေးကပဲ ရက်လည်ပြီးရင် အမြန်ဆုံး ပြန်လွှတ်ပါ့မယ်လို့ ပြောလိုက်တယ်။ မမကြီးကတော့ ထုံးစံအတိုင်း မရဘူး။ နောက်နေ့ သန်းဖေကို အလုပ်ထုတ်လိုက်တယ်။ တစ်စုံတစ်ရာ မသင်္ကာစရာရှိလို့ မမလေးတို့ မင်းကို အသိမပေးဘဲလုပ်တာ ခွင့်လွှတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။*

**ကျန်းမာချမ်းသာပါစေ**

**မမလေး**

**သူသည်** စာကိုဖတ်ပြီး အခြေအနေအားလုံးကို စဉ်းစားမိပါသည်။ တကယ်တော့လည်း သန်းဖေက သူ့မိသားစုကို ဒီအိမ်မှာ အိပ်မည့်အကြောင်း ပြောသင့်သည်။ မမလေးကတော့ 'တစ်စုံတစ်ရာ မသင်္ကာစရာရှိလို့' တဲ့။ ဘာများပါလိမ့်။ သူ စာကို



သိမ်းလိုက်သည်။ သန်းဖေနှင့် တွေ့စဉ်က လက်ကိုင်ပဝါအကြောင်း မမေးမိ။

တစ်ပတ်မှာ တစ်ခါလောက်လိုလို ကားမောင်းရင်း ဝင်လာသည်ဆို၍ **သန်းဖေ** ရောက်လာတတ်သည်။ ဒေါ်ကြီးကလည်း "ဒီသူငယ် **ခဏခဏ** လာနေပါလား" ဟု မသင်္ကာဟန်နှင့် မေးတတ်သည်။

သမီး ၁၀ တန်းစာမေးပွဲနီး၍ ကျောင်းပိတ်ရက် အနီးကပ်သင်တန်းတက်စဉ် သန်းဖေ ရောက်လာသည်။ ဒေါ်ကြီးက ကျောင်းကား မကြိုတော့၍ သမီးကို သွားကြိုသည်။

သန်းဖေ ရောက်လာချိန်တွင် မခင်အိ စိတ်ထဲမှာလည်း တစ်ယောက်တည်းမို့ ထင့်သွားသည်။ သူက မျက်နှာထားတည်တည်နှင့် ထိုင်နေသည်။ သန်းဖေက အသက်သူ့ထက်ကြီးပေမင့် သူက ဝါကြီး၍ မမအိဟုပဲ ခေါ်သည်။

"မမအိ သွားစရာမရှိဘူးလား"

ကုလားထိုင်တွင်ထိုင်ရင်း လက်ကိုင်ပဝါနှင့် ချွေးများသုတ်နေသည်။ လက်ကိုင်ပဝါမှ ရေမွှေးနံ့က မခင်အိထံ မွှေးပျံ့လာသည်။ သူ ခေါင်းအုံးဘေးမှာတွေ့ရသော လက်ကိုင်ပဝါမှ အနံ့ပါပဲ။

"ဘယ်မှ သွားစရာမရှိပါဘူး"

"ခင်သူဇာရော"

www.burmeseclassic.com

www.burmeseclassic.com



"အနီးကပ်သင်တန်း သွားတက်တယ်၊ သူတို့စာမေးပွဲတွေ နီးပြီလေ"

"ကျွန်တော် သွားကြိုပေးမယ်လေ"

"မလိုပါဘူး၊ ဒေါ်ကြီး သွားကြိုနေပြီ"

"မမအိကလည်း ပြောတာဆိုတာ သူစိမ်းဆန်လိုက်တာ၊ ဘကြီးမရှိတဲ့နောက် မမအိတို့သားအမိကို စောင့်ရှောက်ဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

မခင်အိက ငြိမ်နေရာမှ...

"ကျေးဇူးတင်ပါတယ်"

ဒီတစ်လုံးပဲ ပြောလိုက်သည်။

"ဘကြီးဂူသွင်းတဲ့နေ့က ကျွန်တော် စိတ်မကောင်းလိုက်တာ၊ ဂူနားမှာ မမအိ လဲကျသွားလို့တဲ့၊ လူတွေ ပွေ့လာပြီး မမအိကို ကျွန်တော့်ကားပေါ် လာတင်တယ်၊ ကားနောက်မှာ မမလေး ပေါင်ပေါ်မှာ မမအိကို လှဲထားပြီး ကျွန်တော့်အိမ်ကို မောင်းလာတာ၊ အိမ်ရောက်တော့ မမလေးက ကျွန်တော့်ကို မမအိကို ပွေ့တင်ပေးပါဆိုတော့ ကျွန်တော် မမအိကို ပွေ့ယူခဲ့ရတာ အိပ်ခန်းအထိပဲ၊ မမအိ အမူးသက်သာအောင် ကျွန်တော့်လက်ကိုင်ပဝါတောင် မမအိ နှာခေါင်းဝမှာ တေ့ထားတယ်၊ အဲဒီနေ့က ကျွန်တော့်ရင်ခွင်ထဲ ပါလာတဲ့ မမအိမျက်နှာကိုကြည့်ရင်း ကျွန်တော် သနားလိုက်တာလေ"



"ဒါဖြင့် အဲဒီလက်ကိုင်ပဝါ ရှင့်ဟာပေါ့၊ ကျွန်မ ဖွတ်ထားတယ်၊ ပြန်ပေးလိုက်မယ်"

"မလိုပါဘူး မမအိ၊ ကျွန်တော့်ကိုယ်စား မမအိ သိမ်းထားပါ"

"ဘာပြောတယ်"

မခင်အိက ငေါက်လိုက်သည်။

"ဒီကျွန်တော့်ရင်ခွင်ဟာ မခင်အိ တစ်သက် နားနေဖို့ပါ၊ မမအိကို..."

ကိုသန်းဖေက သူ့ရင်ဘတ်ကို ပုတ်၍ပြောနေဆဲ...

"မေမေရေ..."

ခြံဝမှ သမီးခင်သူဇာအသံနှင့်အတူ ဒေါ်ကြီးပါ အိမ်ပေါ် တက်လာသည်။

"ဟာ ဦးလေးဦးသန်းဖေပါလား၊ တက္ကစီကားက ဦးလေး ကားလား"

ခင်သူဇာက မေးလိုက်သည်။

"ဟုတ်တယ် သမီး၊ သမီးလေး ဘယ်သွားချင်လဲ"

သန်းဖေ စကားအဆုံးတွင် မခင်အိက သမီးကို မျက်စိမှိတ်ပြသည်။

"သမီးက စာမေးပွဲနီးပြီ၊ မအားဘူး ကိုသန်းဖေ၊ ဘယ်မှ မသွားပါဘူး၊ လာ သမီး နားဦး၊ ကဲ ဒေါ်ကြီး ကိုသန်းဖေကို

www.burmeseclassic.com

www.burmeseclassic.com



အအေးတိုက်လိုက်ပါ”

မခင်အိက ခင်သူဇာကို အိပ်ခန်းထဲ ခေါ်သွားသည်။

“သမီး ဦးလေးသန်းဖေကားကို လမ်းမှာတွေ့လည်း မစီးနဲ့နော်”

ခင်သူဇာက ခေါင်းသာ ညိတ်ပြသည်။ နားမလည်ပါ။ မခင်အိက ဖွတ်လျှော်သိမ်းထားသော ကိုသန်းဖေ လက်ကိုင်ပဝါကို ဘီဒိုထဲမှ ယူကာ ဧည့်ခန်းကိုထွက်လာသည်။

“ကဲ ရော့၊ ပိုင်ရှင်ပေါ်လို့ ပြန်ပေးတာ၊ အဲဒီနေ့က ကျွန်မကို ပြုစုတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မ နေကောင်းပါပြီ”

“ကျွန်တော်...”

သန်းဖေက ဘာစကားစချင်သည် မသိ၊ ဒေါ်ကြီး ရောက်လာ၍ အအေးဖန်ခွက်ချလာသောကြောင့် စကားစပြတ်သွားသည်။

“ကဲ အအေးသောက်ဦး”

သူက ပြောလိုက်သည်။ ဒေါ်ကြီးကလည်း မလှမ်းမကမ်းမှာ ရှိနေ၍ သန်းဖေသည် ဘာစကားမှ မဆက်ဘဲ အအေးသောက်ကာ ထပြန်သွားတော့သည်။

သူက စိတ်ပျက်လက်ပျက်နှင့် ငူငူကြီး ထိုင်နေမိသည်။ ဒရိုင်ဘာလို လူတစ်ယောက်က သူ့ကို ဒီလိုစကား ပြောလာသည် ဆိုတော့ သူ့ဘက်က တစ်စုံတစ်ရာ အမှားရှိလေသလား။ လူနာနှင့် လုံးခြာပတ်ခြာလိုက်နေ၍ သူ ဘာကိုမှ သတိမထားမိ။ သန်းဖေ



အမူအရာက မမကြီး၊ မမလေးတို့ သမက်ဖွယ် ဖြစ်နိုင်သည်။ ဒါကြောင့် မမကြီးက ချက်ချင်း အလုပ်ထုတ်ပစ်ခြင်း ဖြစ်နိုင်သည်။

သူ မောလျှစွာ သက်ပြင်းချလိုက်သည်။

“သမီးကို ထမင်းကျွေးထားပြီ၊ ခင်အိရော မစားသေးဘူးလား”

ဒေါ်ကြီးက သူ့ရှေ့ ကုလားထိုင်တွင် ထိုင်ရင်း မေးလိုက်သည်။

“မစားချင်ပါဘူး”

“မမလေးက ပြောထားတယ်၊ မခင်အိ အစားမပျက်စေနဲ့တဲ့၊ ဟင်းမကြိုက်လည်းပြော၊ ဒေါ်ကြီးချက်ပေးမယ်၊ မမလေးက ပြောစရာရှိလည်း ပြောပါ၊ ကျွေးစရာရှိလည်း ကျွေးပါတဲ့၊ ဆွေမျိုးလို သဘောထားပါတဲ့”

“ဟုတ်တယ်၊ မမလေးရှိတုန်းက ကျွန်မ ထမင်း မစားနိုင်လို့ပါ”

ဒေါ်ကြီးက သူ့ကိုကြည့်နေရာမှ ဆက်ပြောသည်။

“ဒေါ်ကြီးလည်း ကိုယ်ချင်းစာပါတယ်၊ မခင်အိကမှ ခင်သူဇာ တစ်ယောက်တည်း ကလေးကျန်ရစ်တာ၊ ကိုဘရှင်ဆုံးတော့ ဒေါ်ကြီးမှာ ကလေးသုံးယောက်နဲ့၊ အကြီးဆုံး ကောင် ယောက်ျားလေးကမှ ၁၀ နှစ်မပြည့်သေးဘူး၊ အငယ်နှစ်ယောက်ကမိန်းကလေး၊ သူတို့ကလည်း အရွယ်မရောက်သေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



“ဪ ဒေါ်ကြီးယောကျ်ားဆုံးတော့ ဒေါ်ကြီးက အသက် ဘယ်လောက်ရှိပြီလဲ”

သူက မေးလိုက်၏။

“အမလေး သုံးဆယ်ရှိပါသေးတယ်၊ ကိုဘရှင်ရယ်၊ လယ်ထဲ စပါးရိတ်တုန်း ပိုးထိသေတာ၊ သတိရသေးတယ်၊ ဒေါ်ကြီးကို သိပ်ဂရုစိုက်တာ၊ ထမင်းဟင်းချက်တာတော့ ဒေါ်ကြီးလုပ်ပါတယ်၊ လယ်တောက အပြန် ဒေါ်ကြီးက ထမင်းဟင်းချက်ပြီး ရေချိုးနေတုန်းဆို သူက သနပ်ခါးသွေးတယ်၊ ကျုပ် လူးဖို့လေ၊ ကျုပ်က ရေချိုး၊ သနပ်ခါးခြေဆုံးခေါင်းဆုံးလူးပြီး ကလေးတွေနဲ့ ထမင်းစား၊ စောစောအိပ်ရာဝင်တာပဲ၊ သူက ဘာပြောသလဲ ဆိုတော့ တို့မှာ တခြား ပျော်စရာ မရှိဘူးတဲ့လေ၊ မအိပ်ခင် သနပ်ခါးမွှေးမွှေး မင်း လူးပြီး အိပ်တာ ငါ သိပ်စိတ်ချမ်းသာတယ်တဲ့၊ လမ်းသမိုင်မှာ အညာကုန်ရောင်းတဲ့ အဒေါ်ကြီးဆီက သနပ်ခါးတုံးကို သူက ငါးပိနဲ့လဲတယ်လေ၊ ဒါလောက်ထိ ဒေါ်ကြီးလူးဖို့ ဂရုစိုက်တာ၊ သူ မရှိတော့ သားကြီးကို ဘုန်းကြီးကျောင်းပို့ရတယ်၊ သမီးနှစ်ယောက်နဲ့ နေရတယ်၊ မခင်အိထက် ဒေါ်ကြီးက မုဆိုးမဖြစ်တော့ ငယ်တာပေါ့၊ ဒေါ်ကြီးငယ်ငယ်က ဝဝလုံးလုံးလေး၊ ပြီးတော့ ကိုဘရှင်က ဒေါ်ကြီး သနပ်ခါး ခြေဆုံးခေါင်းဆုံး လူးတာ ကြိုက်တော့ သူ ရက်လည်ပြီးတယ်ဆို ကျုပ် သနပ်ခါး အမွှေးသား လူးတာပေါ့၊ အဲဒါကိုလည်း လင်လိုချင်လို့ အလှပြင်တယ်လို့ အပြောခံရတယ်၊ ကျုပ်က ဂရုမစိုက်ပေါင်၊ ဟင်း... ကျုပ်ကို မုဆိုးမငယ်ငယ်ဆိုပြီး အချောင်ရမယ်ထင်ပြီး စမ်းတဲ့လူတွေ ပြည့်လို့၊ ဒီကောင်တွေလား၊ တရားဝင် တင့်တောင့်တင့်တယ် ယူရမယ်ဆိုရင် ကျုပ်လို ကလေးသုံးယောက် အမေကို ယူမတဲ့လား”

ဒေါ်စိန်သည် သူ့အကြောင်း သူပြောရင်း စိတ်ပါလာပုံရသည်။ ‘ကျုပ်’တွေဘာတွေ ထည့်ပြောလာသည်။

“ကိုစံသာတစ်ယောက်ကတော့ ဒေါ်ကြီးကို တကယ် ချစ်ရှာတာပါ၊ အပျော် မဟုတ်ပါဘူး၊ လူကြီးစုံရာနဲ့ တောင်းပါမယ်တဲ့၊ ကျုပ် သူ့ကို သနားပါတယ်”

မခင်အိက ဒေါ်ကြီးစကားကို စိတ်ဝင်စားလာသည်။

“ဒေါ်ကြီးမှာလည်း မုဆိုးမဖြစ်ပြီးမှ တကယ်ချစ်သူ တွေ့ခဲ့ဖူးသားပဲ”

“စဉ်းစားလည်းကြည့်ပါဦး၊ သူကလည်း မုဆိုးဖို ကလေးနှစ်ယောက် ပါတယ်၊ ကျုပ်က သုံးယောက်၊ အမလေး နှစ်ယောက်ပေါင်း ကလေးငါးယောက်၊ ပြီးတော့ ဒေါ်ကြီးက အသက်သုံးဆယ်ကျော် ရှိသေး၊ သူနဲ့ညားရင် မွေးဦးမှာ၊ မဖြစ်ဘူး မဖြစ်ဘူး၊ သူ့လုပ်ငန်းကလည်း လယ်ပိုင်ရှင်ဦး ဘရဲ့ ကိုယ်စားလှယ်ဆိုပေမင့် စာရေးသာသာပါတော်၊ ပြီးတော့လေ တွေးရသေးတယ်၊ ဘယ်သူ့ပဲယူယူ သမီးလေးတွေ အပျိုဖြစ်လာရင် ပထွေးနဲ့ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



က ရှိသေးတယ်”

“ဒေါ်ကြီးက ဘာလို့ လမ်းသမိုင်က ထွက်လာတာလဲ” မခင်အိက မေးလိုက်သည်။

“အမလေး မခင်အိရေ၊ သူကြီ့ကြောင့် ...သူကြီးကြောင့်”

“ဘယ်လို ဒေါ်ကြီး၊ ဘာအဖြစ်လုပ်လို့လဲ”

“ဘာမှမလုပ်ပါဘူး၊ ဒေါ်ကြီးက မုဆိုးမပေမင့် ငယ်ငယ်ရွယ်ရွယ် လုံးလုံးကျစ်ကျစ်လေး၊ လယ်သူမ,ပေမင့် ဖြူနုနေတာ၊ လယ်ထဲဆင်းရင် သနပ်ခါး မျက်နှာကို ထူထူလူးတာ၊ နေမလောင်အောင်၊ လယ်ကနားချိန်ဆို ဒေါ်ကြီးက သပ်သပ်ရပ်ရပ်နေတာ၊ အဲဒါ သူကြီးမင်းက မျက်စိကျပြီး ဒေါ်ကြီးကို တိတ်တဆိတ် လူလွှတ် ကမ်းလှမ်းတယ်”

“ဒေါ်ကြီးရယ်၊ သူကြီးကိုယ်တိုင်က တောင်းရတယ်ဆိုတာ နည်းတဲ့ဂုဏ်လား”

“မခင်အိရယ်၊ အ,လိုက်တာ၊ ကျုပ်ကို အငယ်အနေနဲ့ ခြေတော်တင်မှာ၊ အိမ်တစ်လုံးတော့ ပေးမယ်ပေါ့၊ သူလာချင်တဲ့ အချိန် အဆောင်တော်ကူးမှာ၊ ဒေါ်ကြီးမှာ စဉ်းစားရခက်တော့ လူကြီးစုံရာနဲ့ လက်ထပ်ယူရင် ယူမယ်လို့ အကြောင်းပြန်လိုက်တယ်လေ၊ ရွာလူကြီးလည်း ဖြစ်ပြန်၊ သူ့မယား ကြီး ငှက်တုတ်နဲ့ ဒါလောက်တော့ ဘယ်သူအတင့်ရဲမလဲ၊ ဒါပေမင့် လမ်းသမိုင်မှာ ဆက်နေလို့ကတော့ သူကြီးက တစ်နည်းမဟုတ်တစ်နည်း ကျုပ်ကို အပြစ်ရှာ သိမ်းပိုက်မှာ တော်ရေ၊ ဒါကြောင့် ကျုပ်လည်း သားနဲ့သမီးတွေ လက်ဆွဲပြီး မြောင်းမြတက်တာ၊ မြောင်းမြ ရှမ်းကုန်းမှာ အရင်က ခြံတွေပေါတယ်၊ ခြံတစ်ခုမှာ ဝင်လုပ်နေရင်း မမလေးယောက်ျား ကိုစိန်ရွှေနဲ့ ဆက်သွယ်မိတာ၊ ခုတော့ သားလည်း အလုပ်ရ၊ သမီးတွေလည်း အိမ်ထောင်ကျကုန်ပြီ”



ဒေါ်ကြီးက သူ့ဇာတ်လမ်းကို နိဂုံးချုပ်ပါသည်။

သူ ထိုညက အိပ်မပျော်ပါ။ လက်ကိုင်ပဝါလည်း ပြန်ပေးပြီးပြီ။ သူ့နှာခေါင်းမှာ ဒီလက်ကိုင်ပဝါ ရေမွှေးနံ့က စွဲကျန်ရစ်တာ အမှန်။ ကိုသန်းဖေ လာတိုင်း သူ့ကိုယ်သင်းရနံ့ကို မခင်အိ တိတ်တခိုး ရှူရှိုက်ခံစားမိသည်။ သို့သော် ဒီရနံ့လေးတစ်ခုစွဲမက်မှုမှသည် လူကိုပါ စွဲမက်မိပါလျှင် စိတ်ဆိုတာ ထိန်းချုပ်ရခက်သား။ ကိုသန်းဖေက တိတိလင်းလင်း ဖွင့်ပြောသွားပြီး နောင်လည်း ခဏခဏ လာမှာ သေချာသည်။

မမလေးတို့ တော်ပါသည်။ အဝေးကနေလည်း စာနှင့် သူ့ကိုထိန်းချုပ်၍၊ အနီးကပ်လည်း အဒေါ်ကြီးလိုလူကိုလွှတ်ကာ တရားဟောခိုင်းခြင်းဖြစ်သည်ကို သူ ရိပ်မိပါသည်။ ဘာပဲဖြစ်ဖြစ် စာနာတတ်သော မမလေးတို့ မိသားစုမှာ ပါဝင်ခဲ့ရသည်ကိုပဲ ကျေ ဇူးတင်မိသည်။

မမလေး ပြောသွားပြီပဲ။ ကြိုက်နှစ်သက်သူတွေ့ရင် ယူနိုင်သည်။ မခင်အိအပြုအမူကြောင့် သူတစ်ဖက်သား မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခမရောက်ပါစေနှင့်တဲ့။

ဒီစည်းကမ်းကိုတော့ ထိန်းသိမ်းရမည်။ ပြီးတော့ ဒေါ်ကြီးတောင် မုဆိုးမဘဝကို ခြေမဲ့လက်မဲ့နှင့် ဖြတ်သန်းနိုင်ခဲ့သည်ပဲ။ သူ့မှာ ဘကြီးထံမှ ပစ္စည်းအတော်အတန် ကျန်သေးသည်။ ရန်ကုန် ကုန်သည်လောကထဲကို တိုးမဝင်နိုင်တောင်၊ ကိုကိုကြီးတို့နှင့် ပူးတွဲ သူ အလုပ်လုပ်နိုင်အောင် အသိုင်းအဝိုင်းရှိနေပြီ မဟုတ်ပါလား။

* * *

**မမလေး**

ရှိသေစွာ စာရေးလိုက်ပါသည်။ ဒီစာဖတ်ရချိန်မှာ ခင်အိ ကျုံမငေးအိမ်ကို ပြန်ပါပြီ။ သမီး ၁၀ တန်းစာမေးပွဲပြီးတဲ့အထိ ရန်ကုန်မှာ စောင့်နေပါတယ်။ သမီး စာမေးပွဲပြီးလို့ ကျုံမငေးကို တစ်ခါတည်းခေါ်လာတယ်။ နောင် သူ ၁၀ တန်းအောင်လည်း တက္ကသိုလ်ပို့ပြီး အဆောင်မှာထားမယ်။ မအောင်ရင်လည်း မမလေးတို့ မြောင်းမြမှာ ကျောင်းဆက်ထားပါရစေ။ ကျွန်မလည်း စဉ်းစားပါတယ်။ မမလေးတို့ တွေးထင်တဲ့ မသင်္ကာစရာ အခြေအနေနဲ့ ပြတ်သွားအောင် ကုက္ကိုင်းအိမ်ကို ရောင်းခဲ့ပါတယ်။ ကိုကိုကြီးနဲ့ စပါး ဝယ်ကြိတ်ခဲ့ပြီ ရန်ကုန်ကိုသန်ပို့ဖို့ ဆန်ကုန်သည်တွေနဲ့ ဆက်သွယ်ခဲ့ပါတယ်။ အိမ်ရောင်းတော့ ငွေရင်းလည်း ပိုထွက်လာပါတယ်။

မမလေးရေ…

စိတ်ကိုထိန်းနိုင်တယ်ထားဦး။ ငယ်ရွယ်တဲ့ မုဆိုးမတွေအဖို့ မားမားမတ်မတ် ကိုကိုကြီးတို့လို အုပ်ထိန်းသူလိုတယ်လို့ ယူဆလို့ ကျွန်မ ကျုံမငေးကို ပြန်လာတာပါ။ ကုက္ကိုင်းအိမ်ရောင်းတာ မမလေးတို့ကို မတိုင်ပင်လို့ ခွင့်လွှတ်စေချင်ပါတယ်။

တစ်သက်အိမ်ထောင်မပြုဘူးလို့တော့ ကတိမပေးပါရစေနဲ့။ သမီး ပညာစုံလို့ အခြေတကျ ဖြစ်တဲ့အထိ ကျွန်မနှလုံးသားက ရွေးချယ်သူကို တွေ့ရင်ဖြင့် တခြားမိသားစုကို ဒုက္ခမပေးတဲ့နည်းနဲ့ ကျွန်မ လက်ထပ်ကောင်း လက်ထပ်ဖြစ်ပါလိမ့်မယ်။

မမလေးတို့ မိသားစု ကျေးဇူးတရားကို အမြဲ သတိရအောက်မေ့ပါတယ်။

**ကျန်းမာချမ်းသာပါစေ**

**ခင်အိ**

ဒေါ်ခင်မေညွန့်ထံသို့ ဒီစာရောက်ချိန်မှာ မခင်အိ ကျုံမငေးအိမ်မှာ အခြေကျနေပါပြီ။ ။

* * *

**ချမ်းမြေ့ရွှင်လန်းပါစေ…**

[ချယ်ရီမဂ္ဂဇင်း(၇၈၊၇၉၊၈၀)
ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ ၂၀၀၁]

www.burmeseclassic.com